http://www.dhammadownload.com

# ဒေါသ

သာမဏေကျော်





Than
Myint
Aung
2006

ဒေါသ ● သာမဏေကျော်

ပစ္စုပ္ပန် သံသရာ မကောင်းကျိုးကိုသာ
ဖြစ်ပွားစေတတ်သည့် ဒေါသ၏ ဆိုးကျိုး၊
ဒေါသ ပယ်သတ်နည်း၊ သည်းခံခြင်း၏ အကျိုး
စသည်တို့ကို နိပါတ်တော်လာ ဝတ္ထုသာဓကများဖြင့်
တန်ဆာဆင် ရေးသားထားသည်။

http://www.dhammadownload.com

သာမဏေကျော်

# ဒေါသ

ပါရမီ
စာပေ

http://www.dhammadownload.com

**ဒေါသ**

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

**မျက်နှာဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၂၁၅၀၆၀၄ နှင့် စာမူခွင့်ပြုချက် အမှတ် ၃၂၀၉၃၆၀၅၁၂ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အခန်း ၃၊ အမှတ် ၁၂၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၇၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

E-mail paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အရှင်သာရိပုတ္တရာ ပေးတဲ့နည်း | ၅ |
| ၂။ | ဘုရားပေးတဲ့နည်း ငါးနည်း | ၁၀ |
| ၃။ | ဟိုတစ်ချိန်က | ၁၁ |
| ၄။ | သူတို့ရဲ့ဂုဏ်တွေ | ၁၄ |
| ၅။ | သီလဝဇာတ် | ၁၅ |
| ၆။ | ခန္တိဝါဒီဇာတ် | ၁၆ |
| ၇။ | စူဠဓမ္မပါလဇာတ် | ၁၇ |
| ၈။ | ဆဒ္ဒန်ဆင်မင်းဇာတ် | ၁၈ |
| ၉။ | မျောက်မင်းဇာတ် | ၁၉ |
| ၁၀။ | ဘူရိဒတ် နဂါးမင်း | ၂၀ |
| ၁၁။ | ဓမ္မေယျနဂါးမင်း | ၂၁ |
| ၁၂။ | သင်္ခပါလနဂါးမင်း | ၂၂ |
| ၁၃။ | ကိုယ့်ကိုယ်ကိုယ် ဆုံးမပုံများ | ၂၂ |
| ၁၄။ | မေတ္တာအကျိုးကို ဆင်ခြင်ပါ | ၂၈ |
| ၁၅။ | ဓာတ်ခွဲကြည့်ပါ | ၂၉ |
| ၁၆။ | အရှင်ပုဏ္ဏရဲ့ နှလုံးသွင်းပုံ | ၃၁ |
| ၁၇။ | အကျိုး အပြစ် ဆင်ခြင်ရတယ် | ၃၃ |
| ၁၈။ | ဒေါသရဲ့အပြစ် | ၃၅ |
| ၁၉။ | သည်းခံခြင်းရဲ့အကျိုး | ၃၈ |
| ၂၀။ | ဒေါသ သမားရဲ့ ဆိုးကျိုးများ | ၄၂ |

http://www.dhammadownload.com




၂၁။ ဒေါသ သမားရဲ့ အမှားများ ၄၄
၂၂။ သည်းခံခြင်းရဲ့အကျိုးများ ၄၅
၂၃။ ဒေါသ မထွက်ရင် ၄၅
၂၄။ ဘာရဒွါဇပုဏ္ဏား ၄၆
၂၅။ အနာဟောင်း ၅၃
၂၆။ ဥတ္တရာ ၅၅
၂၇။ ရောဟိနီ ၆၄
၂၈။ မလ္လိကာ (ဗန္ဓုလစစ်သူကြီးရဲ့ဇနီး) ၇၁
၂၉။ ဒေါသသမား ၃ မျိုး ၈၀
၃၀။ ဒေါသရဲ့သတ္တိ ၈၁
၃၁။ ဒေါသရဲ့လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ၈၂
၃၂။ မနောပ ဒေါသိကနတ် ၈၃
၃၃။ မဖြစ်စလောက် တရားတော် ၈၅
၃၄။ ခန္တီစ သည်းခံခြင်းအကြောင်း ဆွေးနွေးတာမို့
တော်ပါသေးရဲ့ ၈၈
၃၅။ ဒေါသရောဂါ ၈၉
၃၆။ ဝေဒေဟိကာဝတ္ထု ၉၄
၃၇။ အချင်းချင်းမေတ္တာပျက်တာ ဒေါသ ၁၀၄
၃၈။ ရန်ငြိုး ၁၀၆
၃၉။ ကာဠီယက္ခိနီဝတ္ထု ၁၁၂
၄၀။ ရန်တုံ့ပြန်တော့ သူမြတ်တွေ ပြစ်မှားရတယ် ၁၁၆
၄၁။ ဒေါသကြီးတဲ့ အစ်မ ၁၁၈
၄၂။ ဆင်ခြင်မှုနဲ့ ရှုမှတ်မှု ၁၂၀

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာ ပေးတဲ့နည်း

လောကမှာ လူအမျိုးအစား ၅ မျိုး ရှိပါတယ်။

၁။ တချို့လူမှာ ကိုယ်အကျင့် မစင်ကြယ်၊ နှုတ်အကျင့်တော့ စင်ကြယ်ကြတယ်။

၂။ တချို့လူမှာ နှုတ်အကျင့် မစင်ကြယ်၊ ကိုယ်အကျင့်တော့ စင်ကြယ်ကြတယ်။

၃။ တချို့လူမှာ ကိုယ်အကျင့်ရော၊ နှုတ်အကျင့်ပါ မစင်ကြယ်၊ တစ်ခါတစ်ရံတော့ စိတ်ကောင်းလေး ဝင်တယ်၊ ရှိတယ်။

၄။ တချို့လူမှာ ကိုယ်အကျင့်ရော၊ နှုတ်အကျင့်ပါ မစင်ကြယ်၊ တစ်ခါတစ်ရံတောင် စိတ်ကောင်းလေး မဝင်၊ မရှိ။

၅။ တချို့လူမှာ ကိုယ်အကျင့်ရော၊ နှုတ်အကျင့်ပါ စင်ကြယ်တယ်၊ မပြတ်မလတ် စိတ်ကောင်းရှိတယ်။

အဲဒီလူ ၅ မျိုးလုံးအပေါ်မှာ ရန်ငြိုးဖြစ်ပေါ်လာရင် ဘယ်သူ့အပေါ်မှာပဲ ဖြစ်ပေါ်ဖြစ်ပေါ် ပယ်ဖျောက်ပေးဖို့ အရှင်သာရိပုတ္တရာက ရဟန်းတွေအား ဆုံးမတော်မူခဲ့ပါတယ်။ အရှင်သာရိပုတ္တရာက အဲဒီ လူ ၅ မျိုးအတွက် ဥပမာ ၅ မျိုးကို ဟောတော်မူခဲ့ပါသေးတယ်။

http://www.dhammadownload.com



၁ နံပါတ် လူအပေါ် ရန်ငြိုးပယ်ဖျောက်ဖို့ ပေးထားတဲ့ ဥပမာလေးက ဒီလိုဖြစ်ပါတယ်။

ပံ့သကူစုတင်ဆောင် (ပံ့သကူသင်္ကန်းဆောင်) ရဟန်းက လမ်းအကြားမှာ အဝတ်အဟောင်းအနွမ်း အပိုင်းအစကို တွေ့တယ်၊ လက်ဝဲခြေထောက်နဲ့ နင်းပြီး လက်ယာ ခြေထောက်နဲ့ ဖြန့်တယ်၊ အဲဒီအဝတ်အပိုင်းအစထဲက ခိုင်မြဲတဲ့နေရာကို ဆုတ်ယူကာ ဖဲသွားတယ်။

နံပါတ် ၂ လူအပေါ် ရန်ငြိုးပယ်ဖျောက်ဖို့ ပေးထားတဲ့ ဥပမာလေးက ဒီလိုဖြစ်ပါတယ်။

ရေကန်တစ်ကန် ရှိတယ်။ မှော်၊ အမှိုက်တွေက ရေပေါ်မှာ ဖုံးလွှမ်းနေတယ်။ နွေနေပူ နှိပ်စက်ခံရပြီး ခရီးပန်းကာ ရေဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက် လာတယ်။ အဲဒီလူက အဲဒီရေကန်ထဲ သက်ဆင်းပြီး လက်နှစ်ဖက်နဲ့ ဟိုဟိုဒီဒီ မှော်၊ အမှိုက်တွေကို ဖယ်ရှားကာ လက်အုပ်နဲ့ ခတ်သောက်ပြီး ဖဲသွားတယ်။

နံပါတ် ၃ လူအပေါ် ရန်ငြိုးပယ်ဖျောက်ဖို့ ပေးထားတဲ့ ဥပမာလေးက ဒီလိုပါ။

နွားခြေရာခွက်ထဲမှာ ရေအနည်းငယ် ရှိတယ်။ နွေနေပူ နှိပ်စက်ခံရပြီး ခရီးပန်းကာ ရေဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက် လာတယ်။ ‘နွားခြေရာခွက်ထဲက ဒီရေက နည်းနယ်၊ ငါဟာ လက်ခုပ်နဲ့ဖြစ်ဖြစ်၊ ခွက်နဲ့ဖြစ်ဖြစ်

http://www.dhammadownload.com



သောက်လိုက်ရင် အဲဒီရေကို တုန်လှုပ်အောင်လည်း လုပ်ရာ ရောက်မယ်၊ မွှေနှောက်ရာလည်း ရောက်မယ်။ သောက်မဖြစ်အောင်လည်း လုပ်ရာရောက်မယ်၊ ငါဟာ လေးဖက်ထောက်ပြီး နွားသောက်သလို သောက်ကာ ဖဲသွားရရင် ကောင်းလေစွ'လို့ အဲဒီလူမှာ အကြံဖြစ်ပေါ်လာတယ်။ အဲဒီလူက လေးဖက်ထောက်ပြီး နွားသောက်သလို သောက်ကာ ဖဲသွားတယ်။

နံပါတ် ၄ လူအပေါ် ရန်ငြိုးပယ်ဖျောက်ဖို့ ပေးထားတဲ့ ဥပမာလေးက ဒီလိုပါ။

ခရီးရှည်သွားနေတဲ့ လူတစ်ယောက်မှာ ပြင်းထန်တဲ့ ရောဂါဖြစ်လာတယ်။ ကိုယ်စိတ်ဆင်းရဲရတယ်။ အပြင်းအထန် မကျန်းမမာဖြစ်တယ်။ သူ့ရှေ့မှာလည်း အဝေးကြီးမှာမှ ရွာရှိတယ်။ နောက်မှာလည်း အဝေးကြီးမှာမှ ရွာကရှိတယ်။ သူဟာ သင့်လျော်တဲ့အစာတွေ၊ ဆေးတွေနဲ့ အလုပ်အကျွေးကို မရ။ ရွာအနီးရောက်အောင် ပို့ပေးမယ့်သူကို မရ။ အခြားခရီးသွားတစ်ယောက်က အဲဒီလူနာ ခရီးသွားကို မြင်တယ်။ အဲဒီလူနာခရီးသွားအပေါ် သနားကြင်နာ ကရုဏာကိုပဲ ထားနိုင်ပါတယ်။ ဪ... ဒီလူနာခရီးသွားမှာ သင့်လျော်တဲ့ အစာတွေ၊ ဆေးတွေ၊ အလုပ်အကျွေးနဲ့ ရွာနားရောက်အောင် ပို့မယ့်သူကိုရရင် ကောင်းလေစွ။ အကြောင်းကတော့ ဒီခရီးသွားလူနာဟာ ဒီနေရာမှာပဲ မပျက်စီးစေလိုလို့

http://www.dhammadownload.com



ပါပဲ’။ အဲဒီလို သနား ကြင်နာ ကရုဏာကိုပဲ ထားနိုင်ပါတယ်။ (ဘာမျှ မတတ်နိုင်ပါ)

နံပါတ် ၅ လူအပေါ် ရန်ငြိုးပယ်ဖျောက်ဖို့ ပေးထားတဲ့ ဥပမာလေးက ဒီလိုပါ။

ရေကန်တစ်ကန် ရှိတယ်။ ရေကြည်လင်တယ်၊ ချိုမြတယ်၊ အေးမြတယ်၊ လှိုင်းထရာနေရာတွေမှာ ရေဖြူတယ်၊ ညီမျှတဲ့ ဆိပ်ကမ်းရှိတယ်၊ ပျော်မွေ့ဖွယ်ကောင်းတယ်။ သစ်ပင်အမျိုးမျိုးတွေနဲ့ ဖုံးလွှမ်းထားတယ်။ နွေနေပူ နှိပ်စက်ခံရပြီး ခရီးပန်းကာ ရေဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက်လာတယ်။ အဲဒီလူက အဲဒီရေကန်ထဲ သက်ဆင်းပြီး ရေလည်းချိုးတယ်၊ သောက်လည်း သောက်တယ်။ ရေထဲက တက်လာပြီး အဲဒီသစ်ပင်ရိပ်အောက်မှာပဲ ထိုင်လည်း ထိုင်တယ်၊ လဲလျောင်းလည်း လဲလျောင်းတယ်။

နံပါတ် ၁ လူရဲ့ မစင်ကြယ်တဲ့ကိုယ်အကျင့်ကို နှလုံးမသွင်းရ၊ စင်ကြယ်တဲ့ နှုတ်အကျင့်ကို နှလုံးသွင်းရပါတယ်။ အဲဒီနည်းနဲ့ အဲဒီလူအပေါ် ရန်ငြိုးပယ်ဖျောက်ရပါတယ်။

နံပါတ် ၂ လူရဲ့ မစင်ကြယ်တဲ့ နှုတ်အကျင့်ကို နှလုံးမသွင်းရ၊ စင်ကြယ်တဲ့ ကိုယ်အကျင့်ကို နှလုံးသွင်းရပါတယ်။ အဲဒီနည်းနဲ့ အဲဒီလူအပေါ် ရန်ငြိုးပယ်ဖျောက်ရပါတယ်။

နံပါတ် ၃ လူရဲ့ မစင်ကြယ်တဲ့ ကိုယ်အကျင့်၊

http://www.dhammadownload.com



နှုတ်အကျင့်ကို နှလုံးမသွင်းရ။ တစ်ခါတစ်ရံ ဖြစ်ပေါ်လာတဲ့ စိတ်ကောင်းလေးကိုပဲ နှလုံးသွင်းရပါတယ်။ အဲဒီနည်းနဲ့ အဲဒီလူအပေါ် ရန်ငြိုးပယ်ဖျောက်ရပါတယ်။

နံပါတ် ၄ လူရဲ့ မစင်ကြယ်တဲ့ ကိုယ်အကျင့်၊ နှုတ်အကျင့်၊ တစ်ခါတစ်ရံတောင် စိတ်ကောင်းမဝင်မှုတွေကို နှလုံးမသွင်းရ။ အဲဒီလူအပေါ် သနားကြင်နာ ကရုဏာကိုပဲ ထားရပါတယ်။ 'ဪ၊ ဒီလူဟာ မကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တွေကို ပယ်ရှားပြီး ကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တွေကို ပွားများရင် ကောင်းလေစွ။ အကြောင်းကတော့ ဒီလူ သေပြီး ငရဲမရောက်စေလိုလို့ပါပဲ' အဲဒီလို သနားကြင်နာ ကရုဏာကိုပဲ ထားရပါတယ်။ အဲဒီနည်းနဲ့ အဲဒီလူအပေါ် ရန်ငြိုးပယ်ဖျောက်ရပါတယ်။

နံပါတ် ၅ လူရဲ့ စင်ကြယ်တဲ့ ကိုယ်အကျင့်၊ နှုတ်အကျင့်နဲ့ စိတ်ကောင်းတွေကို နှလုံးသွင်းရပါတယ်။ အဲဒီနည်းနဲ့ အဲဒီလူအပေါ် ရန်ငြိုးပယ်ဖျောက်ရပါတယ်။ အဖက်ဖက်က စိတ်ကြည်လင်မှုပေးနိုင်တဲ့ အဲဒီလူကို အကြောင်းပြုပြီး စိတ်ဟာ ကြည်လင်ရပါတယ်။

(အံ၊ ပါဠိ၊ တ၊ ၁၆၄)

လူတစ်ယောက်မှာ အကောင်းချည်းရှိဖို့ ခဲယဉ်းသလို အဆိုးချည်းရှိဖို့လည်း ခဲယဉ်းပါတယ်။ လူတစ်ယောက်မှာ

http://www.dhammadownload.com



အကောင်းနဲ့ အဆိုးဟာ တွဲနေတတ်ပါတယ်။ ကောင်းကွက်ကိုပဲ ကွက်ပြီး ကြည့်တတ်၊ နှလုံးသွင်းတတ်ရင် ကိုယ့်မှာ ဒေါသမီး ပူလောင်မှုဒဏ်ကို မခံရပါ။ ဆိုးကွက်ကိုပဲ ကွက်ပြီး ကြည့်နေ၊ နှလုံးသွင်းနေရင်တော့ ကိုယ့်မှာ စိတ်ပူလောင် ပင်ပန်းရပါတော့တယ်။

## ဘုရားပေးတဲ့ နည်း ၅ နည်း

ကိုယ်ရန်ငြိုးထားတဲ့ ပုဂ္ဂိုလ်အပေါ် ရန်ငြိုးကင်းပျောက်သွားအောင် ဘုရားရှင်က နည်း ၅ မျိုးကို ပေးတော်မူခဲ့ပါတယ်။

ကိုယ်ရန်ငြိုးထားတဲ့ ပုဂ္ဂိုလ်အပေါ်

၁။ မေတ္တာ ပွားပါ။

၂။ ကရုဏာ ပွားပါ။

၃။ ဥပေက္ခာ ပွားပါ။

၄။ အမှတ်ရမှု၊ နှလုံးသွင်းဆင်ခြင်မှု မရှိအောင် လုပ်ပါ။

၅။ သူ့ကံသူပဲပိုင်ပုံကို စိတ်ထဲ စွဲထားပါ။

'ဒီပုဂ္ဂိုလ်ဟာ သူ့ကံ သူပိုင်တယ်၊ သူ့ကံကို သူ အမွေခံရတယ်။ ကံအကြောင်း၊ ကံဆွေမျိုး၊ ကံ လဲလျောင်းရာ ရှိတယ်။ ကောင်းကံ ဆိုးကံတွေရဲ့ အမွေကို ခံရလိမ့်မယ်'လို့ စိတ်ထဲ စွဲထားပါ။

(အံ၊ ပါဋ္ဌိ၊ တ၊ ၁၆၃)

http://www.dhammadownload.com

# ဟိုတစ်ချိန်က

'ရဟန်းတို့... ရှေးက အမိမတော်ဖူးသူ၊ အဖမတော်ဖူးသူ၊ ညီအစ်ကို မတော်ဖူးသူ၊ အစ်မ၊ နှမ မတော်ဖူးသူ၊ သား မတော်ဖူးသူ၊ သမီးမတော်ဖူးသူကို ရဖို့ မလွယ်ဘူး။'

(သံ၊ ၁၊ ၃၉၅)

အဲဒီလို ဘုရားရှင် ဟောတော်မူခဲ့လို့ ကိုယ်မုန်းတဲ့ လူအပေါ် ဒီလိုစိတ်ထားသင့်ပါတယ်။

'ဒီပုဂ္ဂိုလ်ဟာ ရှေးအတိတ်ကာလက ငါ့ရဲ့မိခင် ဖြစ်ခဲ့ပြီး ၁၀ လ ပတ်လုံး ငါ့ကို ဝမ်းနဲ့လွယ်ခဲ့တယ်။ ငါ့ရဲ့ ကျင်ငယ်၊ ကျင်ကြီး၊ တံတွေး၊ နှပ်စသည်တွေကို စန္ဒကူးနံ့သာ ပမာ သဘောထားကာ မရွံမရှာဘဲ သုတ်သင်ပေးခဲ့တယ်။ ငါ့ကို သူ့ရင်ခွင်မှာ အိပ်စေကာ သူ့ရဲ့ကိုယ်လက်အင်္ဂါနဲ့ ငါ့ကို ချီပိုးသယ်ဆောင်ပြီး မွေးမြူဖူးပေသတတ်။ ဒီပုဂ္ဂိုလ် ဟာ ငါ့ရဲ့ဖခင်ဖြစ်ပြီး ဆိတ်တွေနဲ့ သွားရတဲ့လမ်း၊ ချွန်းချိတ် ငုတ်တံသင်းတွေနဲ့ သွားရတဲ့လမ်းစသည်တွေကို သွားကာ ရောင်းဝယ်ကုန်သွယ်မှု လုပ်ခဲ့တယ်။ ငါ့အကျိုးအတွက် အသက်ကိုတောင်စွန့်ပြီး နှစ်ဖက်က ချီတက်တဲ့ စစ်သည် ရှိရာ စစ်ပွဲမှာ ဝင်ရောက်ခဲ့တယ်။ သင်္ဘောနဲ့ သမုဒ္ဒရာကို ဝင်ရောက်ကူးသန်းခဲ့တယ်။ အခြားလုပ်ဖို့ခဲယဉ်းတဲ့ အလုပ်

http://www.dhammadownload.com



တွေကိုလည်း လုပ်ခဲ့တယ်။ သားချစ်တွေကို မွေးမြူမယ်လို့ ကြံကာ နည်းမျိုးစုံနဲ့ ဥစ္စာကို စုဆောင်းကာ မွေးမြူခဲ့ဖူးပေ သတတ်။ ညီအစ်ကို အဖြစ်နဲ့ရော၊ အစ်မနှမ အဖြစ်နဲ့ရော၊ သားအဖြစ်နဲ့ရော၊ သမီးအဖြစ်နဲ့ပါ ကျေးဇူးပြုမှုအလီလီကို ပြုခဲ့ဖူးပေသတတ်။ ဒါကြောင့် အဲဒီကိုယ်မုန်းတဲ့လူအပေါ် အမျက်ထွက်ဖို့ မသင့်'လို့ စိတ်ကို ဖြစ်စေသင့်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၈)

အခု ကိုယ်မုန်းနေသူဟာ ဟိုအရင်ဘဝတွေက ကိုယ့်အပေါ် အလွန်မေတ္တာကြီးမားလှတဲ့ ကျေးဇူးရှင်ကြီး ဖြစ်နေတာကို သတိမမူမိဘဲ ရှိနေတတ်ကြပါတယ်။ အမျက်ဒေါသ ထွက်နေရင် မိမိရဲ့ကံ မိမိပိုင်ဆိုင်ပုံကို ဒီလိုဆင်ခြင်သင့်ပါ တယ်။

'မိတ်ဆွေ… သင်ဟာ အဲဒီလူကို အမျက်ဒေါသထွက်လို့ ဘာလုပ်မှာလဲ။ ဒေါသကြောင့်ဖြစ်တဲ့ သင့်ရဲ့အဲဒီကံကပဲ သင့်အကျိုးမဲ့အလို့ငှာ ဖြစ်မယ်မဟုတ်ပါလား။ မှန်တယ်။ သင်ဟာ သင့်ကံကို ပိုင်ဆိုင်တယ်။ သင့်ကံရဲ့ အမွေခံဖြစ်တယ်။ သင်ချမ်းသာ၊ ဆင်းရဲဖို့ သင့်ကံပဲအကြောင်းရှိတယ်။ သင်ဟာ ကံသာ ဆွေမျိုး၊ ကံသာ လဲလျောင်းရာရှိတယ်။ သင်ပြုတဲ့ ကံရဲ့အမွေကို သင်ပဲခံယူရလိမ့်မယ်။ သင်ပြုလိုတဲ့ အဲဒီကံကလည်း ဘုရားရှင့်အသိဉာဏ်ကို ရအောင် လုပ်မပေးနိုင်။ ဗြဟ္မာအဖြစ်၊ သိကြားမင်းအဖြစ်၊ စကြဝဋေးမင်း၊

http://www.dhammadownload.com



ပဒေသရာဇ်မင်းစတဲ့ စည်းစိမ်တွေထဲက စည်းစိမ်တစ်မျိုး မျိုးကိုလည်း ရအောင်လုပ်မပေးနိုင်။ တကယ်တော့ သင့်ရဲ့ ဒီကံဟာ ဘုရားအဆုံးအမမှ ရွေ့လျောစေကာ စားကြွင်း စားဘဝစသည်၊ ငရဲဆင်းရဲစတဲ့ ဆင်းရဲအထူးတွေကို ဖြစ်စေ နိုင်ပါတယ်။ အမျက်ဒေါသကို မငြိမ်းစေနိုင်တဲ့သင်ဟာ ဒီမကောင်းမှုကိုပြုရင် လက်နှစ်ဖက်နဲ့ မီးလျှံကင်းတဲ့ မီးကျီးခဲ တွေကို၊ သို့မဟုတ် မစင်ကို ကိုင်ပြီး သူတစ်ပါးကို ပုတ် ခတ်လိုသူဟာ မိမိကိုယ်ကိုသာ ရှေးဦးစွာ ပူလောင်စေပါ တယ်။ အနံ့ဆိုးအောင် လုပ်ပါတယ်။'

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၃)

ကိုယ့်ဒေါသကို မထိန်းနိုင်လို့ သူတစ်ပါးကို ဆင်းရဲ သွားအောင် ညှဉ်းပန်းနှိပ်စက် အနှောင့်အယှက်ပေးဖို့ ကြိုး စားတဲ့အခါ ရှေးဦးစွာ ဆင်းရဲရသူက သူတစ်ပါးမဟုတ်ပါ။ မိမိသာဖြစ်နေပါတယ်။ ကိုယ့်သန္တာန်မှာ ဖြစ်လာတဲ့ ဒေါသ ဟာ အဲဒီအချက်ကို မမြင်နိုင်အောင် ဖုံးကွယ်ထားတတ်ပါ တယ်။ ဒေါသထွက်နေသူဟာ လက်နှစ်ဖက်နဲ့ မီးလျှံကင်းတဲ့ မီးကျီးခဲတွေကို၊ သို့မဟုတ် မစင်ကို ကိုင်ပြီး သူတစ်ပါးကို ပုတ်ခတ်လိုသူနဲ့ တူတယ်ဆိုတဲ့ စကားလေးဟာ အလွန်ပဲ သတိထားစရာ စကားလေးဖြစ်ပါတယ်။ အဲဒီဥပမာစကား လေးက ဒေါသထွက်နေသူတို့ရဲ့ ဒေါသနှလုံးသားကို ကိုင် လှုပ်လိုက်သလို ဖြစ်သွားစေပါတယ်။ ဒေါသ သမားအား

http://www.dhammadownload.com



အသိပေး၊ သတိပေးတဲ့ စကားလေးဖြစ်ပါတယ်။ ဒေါသထွက်လာရင် 'ငါဟာ ဒေါသမီးကျီးခဲ၊ သို့မဟုတ် ဒေါသမစင်ကို ကိုင်နေမိပါပကော'လို့ အသိဝင်၊ သတိဝင်မိသင့်ကြပါတယ်။ အဲဒီအသိ၊ အဲဒီသတိဝင်လာရင် ဒေါသမီးကျီးခဲကို ရေနဲ့လောင်းလိုက်သလို ဖြစ်သွားပါလိမ့်မယ်။ ဒေါသမစင်ကို ရေနဲ့ဆေးကြောသန့်စင်ပေးလိုက်သလို ဖြစ်သွားပါလိမ့်မယ်။ ဒေါသမီးကျီးခဲက ရိုးရိုးမီးကျီးခဲထက် ပိုပြီးပူလောင်အား ပြင်းထန်ပါတယ်။ ဒေါသမစင်က ရိုးရိုးမစင်ထက် ပိုပြီးအနံ့ဆိုးလှပါတယ်။

## သူတို့ရဲ့ ဂုဏ်တွေ

ဘုရားရှင်ရဲ့ ရှေးရှေးဘဝတွေမှာ ကျင့်ခဲ့တဲ့ဂုဏ်တွေကို အာရုံပြု ဆင်ခြင်အောက်မေ့ပြီးတော့လည်း ဒေါသကို ပယ်ဖျောက်ရပါတယ်။

ဘုရားရှင်ဟာ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝမှာတောင် လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းကြာ ပါရမီတွေကို ဖြည့်တော်မူတဲ့အခါ ထိုထိုဘဝတွေမှာ ရန်သူ လူသတ်သမားတွေအပေါ်မှာတောင် စိတ်မဆိုးဘဲ သည်းခံခဲ့ပါတယ်။ သီလဝဇာတ်၊ ခန္တိဝါဒီဇာတ်၊ စူဠဓမ္မပါလဇာတ်၊ ဆဒ္ဒန်ဆင်မင်းဇာတ်၊ မျောက်မင်းဇာတ်၊ ဘူရိဒတ္တနဂါးမင်းဇာတ်၊ စမ္ပေယျ

http://www.dhammadownload.com



နဂါးမင်းဇာတ်၊ သခ်ပါလနဂါးမင်းဇာတ် စသည်တွေမှာ ဘုရားလောင်းရဲ့ စိတ်နေစိတ်ထားကို အာရုံပြု ဆင်ခြင်အောက်မေ့ကာ ဒေါသကို ပယ်ဖျောက်နိုင်ပါတယ်။

## သီလဝဇာတ်

ဘုရားလောင်း သီလဝမင်းရဲ့ မိဖုရားအပေါ် ပြစ်မှားတဲ့ အမတ်ယုတ်က ရန်သူမင်းကို ခေါ်ဆောင်လာပါတယ်။ အဲဒီရန်သူမင်းက ယူဇနာသုံးရာရှိတဲ့ တိုင်းပြည်ကို သိမ်းယူဖို့ ကြိုးစားတဲ့အခါ အဲဒီရန်သူမင်းကို တားမြစ်ဖို့ ထကြွထွက်ပေါ်လာတဲ့ အမတ်တွေအား လက်နက်ကို ထိဖို့တောင် ဘုရားလောင်း သီလဝမင်းက ခွင့်မပေးခဲ့ပါ။ တစ်ဖန် အမတ်တစ်ထောင်နဲ့အတူ သီလဝမင်းဟာ သူသေတွေစွန့်ပစ်ရာ သုသာန်မှာ မြေကို လည်ပင်းလောက်တူးပြီး မြှုပ်ထားခံရပါတယ်။ အဲဒီအခါ ရန်သူမင်းအပေါ် ဘုရားလောင်းစိတ်မှာ ဒေါသတောင် မဖြစ်ခဲ့ပါ။ သူသေကောင်တွေကို စားဖို့လာတဲ့မြေခွေးတွေရဲ့ မြေမှုန့်ယက်ထုတ်တာကို အကြောင်းပြုပြီး မြှုပ်ထားရာမှ လွတ်အောင် ကြိုးစားလို့ ဘုရားလောင်းဟာ တစ်ဖန်အသက်ချမ်းသာရာရခဲ့ပါတယ်။ ဘုရားလောင်း သီလဝမင်းဟာ ဘီလူးတွေရဲ့တန်ခိုးကြောင့် သူ့ရဲ့ကျက်သရေတိုက်ခန်းကို ဝင်ရောက်ကာ ကျက်သရေရှိတဲ့ အိပ်ရာပေါ်

http://www.dhammadownload.com



အိပ်စက်နေတဲ့ ရန်သူမင်းကို မြင်တွေ့ရပေမယ့် ဒေါသ မထွက်ဘဲသာ အချင်းချင်း အန္တရာယ်မပြုဖို့ ကျိန်စာဆိုခဲ့ကြပါတယ်။ အဲဒီရန်သူမင်းကို မိတ်ဆွေအရာမှာ တည်စေကာ အောက်ပါစကားကို မိန့်ကြားခဲ့ပါတယ်။

'ပညာရှိပုဂ္ဂိုလ်ဟာ မိမိလိုတဲ့အကျိုးကို တောင့်တပြီး အားထုတ်ရသည်သာ။ ငြီးငွေ့ဆုတ်နစ်လျက် စိတ်မပျက်ရ။ သူတစ်ပါးကို မညှဉ်းဆဲဘဲ တစ်ဖန် ပြန်ပြီးမင်းအဖြစ်ကို ငါဟာ အလိုရှိခဲ့တယ်။ အဲဒီလို အလိုရှိတဲ့အတိုင်းပဲ ဖြစ်ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့ မိမိကိုယ်ကို ငါဟာ မြင်တွေ့နေရပါတယ်။' (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၅)

## ခန္တိဝါဒီဇာတ်

ခန္တိဝါဒီဇာတ်မှာ ပညာမရှိ ကလာဗုအမည်ရှိ ကာသိမင်းက 'ရသေ့၊ သင်ဟာ ဘာဝါဒရှိပါသလဲ'လို့ ဘုရားလောင်းရသေ့ကို မေးတယ်။ ရသေ့က 'ငါဟာ သည်းခံတဲ့ဝါဒရှိတယ်'လို့ ဖြေတယ်။ အဲဒီကလာဗုမင်းက သံဆူးတပ်ထားတဲ့ ကြိမ်တွေနဲ့ ရသေ့ကို ရိုက်နှက်ခိုင်းတယ်။ ရသေ့ရဲ့ လက်၊ ခြေတွေကို ဖြတ်တောက်တယ်။ ဒါပေမဲ့ ဘုရားလောင်းရသေ့က အမျက်ဒေါသတောင်မှ မထွက်ခဲ့ပါ။

http://www.dhammadownload.com

## စူဠဓမ္မပါလဇာတ်

အဲဒီခန္တီဝါဒီရသေ့ရဲ့ သည်းခံမှုဟာ မအံ့သြလောက်သေးပါ။ အကြောင်းကတော့ အသက်အရွယ်ကြီးပြီး ရသေ့ဖြစ်နေသူက ဒီလိုသည်းခံမှုကို ပြနိုင်စရာရှိတယ်လို့ စဉ်းစားဖွယ်ရှိလို့ပါပဲ။ အဲဒီထက် အံ့သြဖွယ်ကောင်းတာက စူဠဓမ္မပါလဇာတ်မှာတော့ ပက်လက်အိပ်တတ်ကာမျှ ကလေးသူငယ်ကတောင် ဒေါသတောင်မှ မထွက်ခဲ့တာပါပဲ။

'နိုင်ငံတော်မြေရဲ့ အမွေခံဖြစ်တဲ့ သားတော်ဓမ္မပါလရဲ့ စန္ဒကူးရည်နဲ့ လိမ်းကျံထားတဲ့ လက်မောင်းတွေဟာ ပြတ်ကုန်ပါပြီ အရှင်မင်းကြီး၊ ကျွန်မရဲ့အသက်တွေဟာ ချုပ်နေကြသယောင် ဖြစ်နေပါတယ်။'

မယ်တော်မိဖုရားကြီးက အဲဒီလို ငိုကြွေးမြည်တမ်းနေစဉ် ခမည်းတော်ဖြစ်သူ မဟာပတာပမင်းက စေခိုင်းလို့ သူသတ်သမားက ဓမ္မပါလသူငယ်ရဲ့ လက် ခြေ ၄ ခုတွေကို ဝါးမျှစ်လို ခုတ်ဖြတ်လိုက်တယ်။ အဲဒီလောက်နဲ့လည်း အားမရသေးလို့ အဲဒီသူငယ်ရဲ့ဦးခေါင်းကို ဖြတ်လော့လို့ အမိန့်ပေးလိုက်တဲ့အခါ ဓမ္မပါလသူငယ်ဟာ ဒီလိုမြဲမြံစွာ ဆောက်တည်ကာ အဓိဋ္ဌာန်ပြုလိုက်တယ်။

http://www.dhammadownload.com



'အမောင်ဓမ္မပါလ၊ ယခုအခါ သင်ဟာ စိတ်ကို ချုပ်တည်းသိမ်းဆည်းရမည့်အခါပဲ (စိတ်ကို ကောင်းစွာ နှိပ်ကွပ်လျက် ဆုံးမရမည့်အခါပဲ)။ ယခုအခါ ဦးခေါင်းကို ဖြတ်ဖို့ အမိန့်ပေးတဲ့ ခမည်းတော်အပေါ်မှာရော၊ ဦးခေါင်းကို ဖြတ်တဲ့ ယောကျ်ားအပေါ်မှာရော၊ ငိုကြွေးမြည်တမ်းနေတဲ့ မယ်တော်အပေါ်မှာရော၊ မိမိကိုယ်အပေါ်မှာပါ (အဲဒီ ၄ ယောက်လုံးအပေါ်မှာ) အညီအမျှ စိတ်ကိုထားပါလော့။'

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၅)

## ဆဒ္ဒန်ဆင်မင်းဇာတ်

ဒီဓမ္မပါလသူငယ်ရဲ့ သည်းခံခြင်းကလည်း မအံ့ဩလောက်သေးပါ။ အကြောင်းကတော့ လူသားဖြစ်သူက ဒီလိုပြုနိုင်စရာ ရှိတယ်လို့ စဉ်းစားမိလို့ပါပဲ။

တကယ်တော့ တိရစ္ဆာန်ဖြစ်ပေမယ့် ဆဒ္ဒန်မည်တဲ့ ဆင်ဖြစ်တဲ့အခါ အဆိပ်လူးတဲ့မြားနဲ့ အပစ်ခံရလို့ ချက်မှာ စူးဝင်ဖောက်ထွင်းသွားပါတယ်။ ဒါပေမဲ့ အဲဒီလောက်အကျိုးမဲ့ပြုတဲ့ မုဆိုးအပေါ် စိတ်မဆိုးခဲ့ပါ။ 'ကာသိမင်းကြီးရဲ့ မိဖုရားကြီးက သင့်အစွယ်တွေအတွက် စေလွှတ်လိုက်ပါတယ် အရှင်'လို့ မုဆိုးက ပြောတဲ့အခါ အဲဒီမိဖုရားကြီးရဲ့ နှလုံးအလိုကို ပြည့်စေလျက် အရောင်ခြောက်ပါးထွက်ပြီး တောက်

http://www.dhammadownload.com



ပနေလို့ နှစ်သက်စဖွယ် တင့်တယ်တဲ့ သူ့အစွယ်တွေကို ဖြတ်ပြီး ပေးလှူလိုက်ပါတယ်။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၆)

## မျောက်မင်းဇာတ်

ဘုရားလောင်းဟာ မဟာကပိဇာတ်မှာ ဂေါနင်္ဂုလမျောက်မျိုးမှာ ဖြစ်တယ်။ ယောကျ်ားတစ်ယောက်ကို တောင်ကမ်းပါးပြတ်ချောက်မှ မျောက်မင်းကိုယ်တိုင်ပဲ ထုတ်ဆယ်ကာ ကယ်တင်ခဲ့တယ်။ အဲဒီယောကျ်ားက ဒီလိုကြံစည်တယ်။

'တောထဲမှာ အခြားသားကောင်တွေလိုပဲ မျောက်ဟာ လူတွေရဲ့အစာပဲဖြစ်တယ်။ ဆာလောင်နေတဲ့ငါဟာ ဒီမျောက်ကို သတ်ပြီး စားရရင် ကောင်းလေစွ၊ အစာဝပြီးမှသာ မျောက်သားကို ခရီးရိက္ခာအဖြစ် ဆောင်ယူပြီး သွားမယ်။ ဒီမျောက်သားဟာ ငါ့အတွက် ခရီးရိက္ခာဖြစ်လိမ့်မယ်။ ဒီမျောက်သားနဲ့ ခရီးခဲကို ကျော်လွန်ရလိမ့်မယ်။'

အဲဒီလိုကြံစည်ပြီး ကျောက်ကိုချီမကာ မျောက်မင်းရဲ့ ဦးခေါင်းကို ထုခွဲတယ်။ အဲဒီအခါ မျောက်မင်းက မျက်ရည်ပြည့်တဲ့ မျက်စိတွေနဲ့ အဲဒီယောကျ်ားကို ကြည့်ရှုကာ ဒီလို ပြောပါတယ်။

'အရှင်လူသား၊ အဲဒီလိုအလုပ်ကို သင်ဟာ မပြုလုပ်ပါနဲ့။ သင်ဟာ ငါ့ရဲ့ဧည့်သည်ဖြစ်လို့ ပူဇော်ခံအရှင် ဖြစ်

http://www.dhammadownload.com



ပါတယ်။ သင်ဟာ ငါ့ဦးခေါင်းကို ထုခွဲတဲ့ ဒီလိုအမှုကို ပြုရက်ပါပေတယ်။ သင်ဟာ အသက်ရှည်တဲ့ သိတတ်သူ လူကြီးဖြစ်ပါတယ်။ ဒါကြောင့် သင်က ငါ့အားနှိပ်စက်မယ့် အခြားရန်သူကို တားမြစ်ဖို့သာ ထိုက်ပါတယ်။'

အဲဒီလိုပြောပြီး အဲဒီပြစ်မှားတဲ့ ယောက်ျားအပေါ် ဒေါသမထွက်ဘဲ မိမိရဲ့ဒုက္ခကိုလည်း မစဉ်းစားဘဲ အဲဒီ ယောက်ျားကိုပဲ ဘေးကင်းရာ တောနယ်အဆုံး လူတွေရဲ့ နယ်မြေအရပ်ကို ပို့ဆောင်လိုက်တယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၆)

## ဘူရိဒတ်နဂါးမင်း

ဘုရားလောင်းဟာ ဘူရိဒတ်နဂါးမင်းဖြစ်ပြီး ဥပုသ်အင်္ဂါတွေ ကို ဆောက်တည်တယ်။ တောင်ပို့ထိပ်မှာ ခွေနေစဉ် ကမ္ဘာ ဖျက်မီးနဲ့တူတဲ့ ဆေးနဲ့ တစ်ကိုယ်လုံးမှာ သွန်းဖျန်းခံရတယ်။ အလမ္ပာယ်ဆရာပုဏ္ဏားက ပခြုပ်မှာထည့်ကာ ဇမ္ဗူဒိပ်တစ် ကျွန်းလုံးမှာ အလမ္ပာယ်ပြကာ နဂါးမင်းကို ကစားနိုင်းတယ်။ ဒါပေမဲ့ နဂါးမင်းက အဲဒီအလမ္ပာယ်ဆရာပုဏ္ဏားအပေါ် စိတ် နဲ့တောင် မပြစ်မှား၊ (ဒေါသမထွက်)။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၆)

http://www.dhammadownload.com

# စမွေယျနဂါးမင်း

ဘုရားလောင်းဟာ စမွေယျနဂါးမင်းဖြစ်ပြီး မြွေအလမ္ဗာယ် သမားရဲ့ အနှိပ်စက်ခံရတယ်။ မြွေအလမ္ဗာယ်သမားအပေါ် ဘုရားလောင်းက စိတ်နဲ့တောင် မပြစ်မှားခဲ့။ (ဒေါသမထွက်ခဲ့) အဲဒီအဆိုနဲ့အညီ ဒီလိုဟောထားပါတယ်။

'အဲဒီစမွေယျနဂါးမင်း ဖြစ်တဲ့အခါမှာလည်း တရားကျင့်လျက် ဥပုသ်စောင့်သုံးနေတဲ့ ငါ့ကို အလမ္ဗာယ်သမားက ဖမ်းယူပြီး မင်းအိမ်တံခါးမှာ ကစားတယ်။ အညိုကိုဖြစ်ဖြစ်၊ အဝါကိုဖြစ်ဖြစ်၊ အနီကိုဖြစ်ဖြစ် အဲဒီအလမ္ဗာယ်သမား ကြံစည်တဲ့အတိုင်း ငါဟာ အဲဒီအလမ္ဗာယ်ရဲ့စိတ်သို့ အစဉ်လိုက်ခဲ့ရပါတယ်။ သူကြံစည်တဲ့အဆင်းရှိအောင် လုပ်ပေးခဲ့ရပါတယ်။'

'ငါဟာ အဲဒီအခါက ကုန်းမြေကို ရေဖြစ်အောင် ပြုလုပ်နိုင်ပါတယ်။ ရေကိုလည်း ကုန်းမြေဖြစ်အောင် ပြုလုပ်နိုင်ပါတယ်။ ငါဟာ အဲဒီအလမ္ဗာယ်သမားကို စိတ်ဆိုးရင် တစ်ခဏချင်း ပြာဖြစ်သွားအောင် ပြုလုပ်နိုင်ပါတယ်။ ငါဟာ စိတ်အလိုလိုက်ခဲ့ရင် သီလမှ ဆုံးရှုံးဆုတ်ယုတ်ပါလိမ့်မယ်။ သီလဆုံးရှုံးရင် ငါ့မှာ ဘုရားအဖြစ်ဆိုတဲ့ အကျိုးအမြတ် မပြီးစီးဘဲ ရှိပါလိမ့်မယ်။' (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၇)

http://www.dhammadownload.com

## သစ်ပါလနဂါးမင်း

ဘုရားလောင်းဟာ သစ်ပါလနဂါးမင်းဖြစ်ပြီး မြမြထက်တဲ့ လှံမတွေနဲ့ ၈ ဌာနမှာ ထိုးဖောက်ခံရတယ်။ ထိုးဖောက်ရာ အပေါက်တွေမှာ ဆူးပါတဲ့နွယ်တွေကို လျှိုသွင်းခံရတယ်။ နှာခေါင်းမှာ မြဲမြဲစွာ ကြိုးတပ်ခံရတယ်။ မုဆိုးသား ၁၆ ယောက်တို့က ထမ်းပိုးနဲ့ ထမ်းလျက် ယူဆောင်ကြတဲ့အခါ ခန္ဓာကိုယ်က မြေပြင်မှာပွတ်တိုက်လို့ အကြီးအကျယ် ဒုက္ခ ခံစားရတယ်။ အဲဒီအခါက အမျက်ထွက်လို့ ကြည့်လိုက်ရုံ မျှနဲ့ပဲ မုဆိုးသားအားလုံးကို ပြာကျသွားစေနိုင်ပါတယ်။ ဒါပေမဲ့ မျက်စိကို ဖွင့်ပြီး ဒေါသတောင်မှ မထွက်ခဲ့ပါ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၇)

## ကိုယ့်ကိုယ်ကိုယ် ဆုံးမပုံများ

ဒေါသဖြစ်လာရင် အောက်ပါအဆုံးအမစကားတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဆုံးမသင့်ပါတယ်။

၁။ ရန်သူက ဆင်းရဲအောင် ပြုလုပ်ရင် သင်ရဲ့ကိုယ်မှာသာ ပြုလုပ်နိုင်မှာပါ။ သင့်ရဲ့စိတ်မှာတော့ မပြုလုပ်နိုင်ပါ။ အဲဒီလိုဖြစ်ပါလျှက် သင်က ရန်သူရဲ့အရာ

http://www.dhammadownload.com



မဟုတ်တဲ့ မိမိစိတ်မှာ ဆင်းရဲအောင် ဘာကြောင့် ပြုလုပ်ချင်ရတာလဲ။ (ရန်သူက မပြုလုပ်နိုင်တဲ့ စိတ်ဆင်းရဲကို ရန်သူ့အကြိုက်ဖြစ်အောင် ဘာကြောင့် ပြုပါသလဲလို့ ဆိုလိုပါတယ်။)

၂။ မိမိစောင့်ရှောက်နေတဲ့ သီလတွေရဲ့ အမြစ်အရင်း (အရှက်၊ အကြောက်၊ သည်းခံမှု၊ မေတ္တာ၊ ကရုဏာ) တွေကို ဖြတ်တတ်တဲ့ အမျက်ဒေါသကို သင် အလိုလိုက်လျက် လက်ခံထားဘိတယ်။ သင့်လိုလူမိုက်ဟာ အဘယ်မှာ ရှိတော့မလဲ။ (ကိုယ့်သီလရဲ့ အပြစ်တွေကို ဖြတ်တတ်တဲ့ ဒေါသကို လက်ခံထားတဲ့ အတွက် အမိုက်ဆုံးဖြစ်နေတယ်လို့ ဆိုလိုတယ်။)

၃။ သူတစ်ပါးက ယုတ်မာတဲ့ ပြစ်မှားမှုကို ပြုနေတယ်လို့ သင် အမျက်ထွက်နေတယ်။ အဲဒီလို အမျက်ထွက်နေတဲ့ သင်ဟာ အလားတူပြစ်မှားမှုကို ပြုလုပ်ဖို့ ကြံနေတယ် မဟုတ်ပါလား။

၄။ သူတစ်ပါးက သင့်အား မနှစ်သက်ဖွယ်အမှုကို ပြုတာဟာ သင့်မှာ ဒေါသဖြစ်စေရန် ရည်ရွယ်ပြီး ပြုလုပ်တာ ဖြစ်မယ်၊ ဒီလိုဆိုရင် သင်က အမျက်ထွက်နေခြင်းဖြင့် သူတစ်ပါးရဲ့အလိုကို ဖြည့်ပေးရာ မရောက်ပေဘူးလား။

၅။ အမျက်ထွက်နေတဲ့သင်က သင့်ရန်သူအား ဆင်းရဲ

http://www.dhammadownload.com



ကို ဖြစ်စေနိုင်လိမ့်မယ်လို့တော့ မသေချာပါ။ မိမိကိုယ်ကိုတော့ အခုပဲ အမျက်ဒေါသဆင်းရဲနဲ့ နှိပ်စက်နေပြီ မဟုတ်ပါလား။

၆။ ရန်သူတွေက အမျက်ဒေါသနဲ့ မိုက်ကန်းကြလို့ အကျိုးမဲ့လမ်းကို သွားကြ၊ ပြုလုပ်ကြတယ်ဆိုရင် သင်ဟာလည်း အမျက်ဒေါသထွက်လျက် အဲဒီရန်သူတွေကို အတုလိုက်ကာ ဘာကြောင့်ပြုကျင့်ပါသလဲ။

၇။ ရန်သူက ဒေါသကိုမှီပြီး သင့်အား မနှစ်သက်ဖွယ်ကို ပြုတယ်ဆိုရင် အဲဒီဒေါသကိုသာ ဖြတ်ပါ။ စိတ်ဆိုးသင့်တဲ့ အရာမဟုတ်တဲ့ လူပုဂ္ဂိုလ်မှာ အမျက်ထွက်ကာ ဘာကြောင့် ပင်ပန်းနေပါသလဲ။ (ဒေါသကနိုင်းလို့ ရန်သူက သင့်အား ပြစ်မှားရရှာတယ်၊ အဲဒီဒေါသကိုသာ ပယ်သင့်ပါတယ်။ ဒေါသရဲ့ အစေခံပုဂ္ဂိုလ်မှာ အမျက်မထွက်သင့်ပါလို့ ဆိုလိုတယ်။)

၈။ ရုပ်နာမ်တရားတွေဟာ တစ်ခဏမျှသာ တည်လျက်ပျက်သွားကြတယ်။ သင့်အပေါ် ပြစ်မှားခဲ့တယ်လို့ထင်ရတဲ့ အဲဒီရုပ်နာမ်တွေဟာ အဲဒီခဏမှာပဲ ချုပ်ပျက်သွားကြပြီ။ ယခုအခါ အဲဒီပြစ်မှားတဲ့ ရုပ်နာမ်တွေ မရှိတော့ပြီ။ ယခုအခါ သင်က ရန်သူရဲ့သန္တာန်က အဘယ်ရုပ်နာမ်ကို အမျက်ထွက်နေပါသလဲ။ (ပြစ်မှားတဲ့ရုပ်နာမ်တွေက မရှိတော့ပြီ။ ရန်သူလို့

http://www.dhammadownload.com



ထင်ရတဲ့ ရုပ်နာမ်အစဉ်ထဲမှာ ယခုရှိနေတဲ့ ရုပ်နာမ် အသစ်တွေက သင့်အားပြစ်မှားကြတာ မဟုတ်၊ ဒါကြောင့် အဘယ်ရုပ်နာမ်ကို အမျက်ထွက်နေသလဲ။ အမျက်ထွက်စရာ ရုပ်နာမ်မရှိတော့ပြီလို့ ဆိုလိုတယ်။)

၉။ တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်အား ဆင်းရဲကိုပြုရင် ပြုသူ၊ အပြုခံရသူနှစ်ဦးစလုံးပဲ ဆင်းရဲပြုခြင်းရဲ့ အကြောင်းတွေဖြစ်ကြတယ်။ ဒါကြောင့် မိမိကိုယ်တိုင်လည်း ဆင်းရဲကို ပြုခြင်းရဲ့အကြောင်း ဖြစ်ပါလျက် ပြုသူကို ဘာကြောင့်အမျက်ထွက်နေပါသလဲ။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၃)

အဲဒီအတိုင်း ဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရပါတယ်။ အဲဒီဆင်ခြင်ရပုံတွေက အလွန်ပဲ နက်နဲလှပါတယ်။

အောက်ပါဥပမာ၊ ဩဝါဒစသည်တွေကို နှလုံးသွင်းဆင်ခြင်ပြီး အမျက်ဒေါသကို ငြိမ်းစေရပါတယ်။ ဆင်ခြင်ပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အမျက်ဒေါသထွက်နေတဲ့ အိုလူသား... မြတ်စွာဘုရားက ဒီလိုအဆုံးအမ ဩဝါဒပေးတော်မူခဲ့တယ်မဟုတ်ပါလား။

'ရဟန်းတို့... ခိုးသူ၊ ဓားပြ၊ လူဆိုးတွေက လက်၊

http://www.dhammadownload.com



ခြေစတဲ့ ကိုယ်အင်္ဂါတွေကို နှစ်ဖက်အစွန်းမှာ အရိုးတပ်ထားတဲ့ ငမန်းစွယ်လွှနဲ့ တိုက်ဖြတ်နှိပ်စက်ကြပေမယ့် အဲဒီနှိပ်စက်သူတွေအပေါ်မှာတောင်မှ အမျက်ထွက်ပြစ်မှားရင် အဲဒီရဟန်းဟာ ငါဘုရားရဲ့ အဆုံးအမကို လိုက်နာသူမမည်'

'ပထမ စပြီးအမျက်ထွက်သူကို တုံ့ပြန်ပြီး အမျက်ထွက်ရင် အဲဒီတုံ့ပြန်ပြီး အမျက်ထွက်တာကသာ ပထမစပြီး အမျက်ထွက်တာထက် ယုတ်မာဆိုးဝါးလှတယ်။ (ဘာကြောင့်လဲဆိုတော့ ပထမအမျက်ထွက်သူရဲ့ အမျက်ထွက်တာကိုမကောင်းမှန်းသိပါလျက် မိမိကလည်း အဲဒီမကောင်းတဲ့လမ်းကို လိုက်သွားလို့ပဲ ဆိုလိုပါတယ်။) အမျက်ထွက်နေသူကို အမျက်မထွက်ဘဲ သည်းခံနိုင်သူဟာ အောင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်နိုင်တယ်။'

'သူတစ်ပါး အမျက်ထွက်နေယ်တယ်လို့ သိနေရင် သတိရလျက် စိတ်မဆိုးဘဲ စိတ်ငြိမ်းချမ်းစွာ နေနိုင်ပါက အဲဒီလိုပုဂ္ဂိုလ်ဟာ မိမိရဲ့အကျိုး၊ သူတစ်ပါးရဲ့အကျိုး ၂ မျိုးလုံးအတွက် ကျင့်သူမည်တယ်။'

ရန်သူက ကြိုက်နှစ်သက်တာ ၇ မျိုး ရှိပါတယ်။

၁။ အမျက်ထွက်တဲ့သူမှာ မျက်နှာအခြေအနေပျက်ပြီး အရုပ်ဆိုးသွားတယ်။ အဲဒါဟာ ရန်သူ့အကြိုက်တစ်ခုပါပဲ။

၂။ အမျက်ထွက်နေတဲ့သူဟာ ချမ်းသာစွာ မအိပ်ရဘူး၊ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပါပဲ။

http://www.dhammadownload.com



၃။ အမျက်ထွက်နေတဲ့သူမှာ အကျိုးစီးပွား ပျက်စီးတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။

၄။ အမျက်ထွက်နေတဲ့သူမှာ စီးပွားဥစ္စာ မပြည့်စုံဘဲ ရှိတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။

၅။ အမျက်ဒေါသကြီးသူမှာ အခြွေအရံမပြည့်စုံဘဲ ရှိတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။

၆။ အမျက်ဒေါသကြီးသူမှာ မိတ်ဆွေနည်းပါးတတ်တယ်။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။

၇။ အမျက်ဒေါသကြီးသူဟာ သေသွားရင် ဘဝကောင်းမှာ မဖြစ်နိုင်ဘူး။ အဲဒါလည်း ရန်သူ့အကြိုက်တစ်ခုပဲ။

ဒီအဆုံးအမတွေကတော့ ရန်သူ့အကြိုက် မဖြစ်ရအောင် အမျက်မထွက်ဘဲ သည်းခံရမယ်လို့ ညွှန်ကြားတာပါပဲ။

'သူသေကောင်ဖုတ်တဲ့ ထင်းကုလားတုံးပိုင်း (အစဘက်နဲ့ အဆုံးဘက်မှာ မီးလောင်ထားပြီး အလယ်ပိုင်းမှာ ကျင်ကြီးပေနေတဲ့ ထင်းတုံးပိုင်း) ဟာ မြို့ရွာမှာလည်း အသုံးမကျ၊ တောအရပ်မှာလည်း အသုံးမကျသလိုပဲ လိုချင်မက်မောခြင်း၊ စိတ်ဆိုးပြစ်မှားခြင်းရှိနေတဲ့ ရဟန်းမှာ ကာမဂုဏ် ခံစားရခြင်းနဲ့ အကျင့်ပြည့်စုံခြင်းဆိုတဲ့ အကျိုး ၂ ပါးလုံးကို မရလို့ မြို့ရွာမှာလည်း အသုံးမကျ၊ ရဟန်းအဖြစ်မှာလည်း အသုံးမကျ။'

http://www.dhammadownload.com



'အခုအခါ သင်ဟာ ဒီလိုအမျက်ထွက် စိတ်ဆိုးနေရင် ဘုရားအဆုံးအမကို မလိုက်နာသူလည်း ဖြစ်လိမ့်မယ်။ တဲ့ပြန်ပြီး အမျက်ထွက်နေရင် ပထမစပြီး အမျက်ထွက်သူအောက် ယုတ်မာသူဖြစ်ကာ အောင်နိုင်ခဲတဲ့စစ်ပွဲကို မအောင်နိုင်သူလည်း ဖြစ်လိမ့်မယ်။ ရန်သူကပြုရမယ့် ရန်သူ့အကြိုက်တွေကို မိမိကိုယ်တိုင် ပြုရာလည်း ရောက်လိမ့်မယ်။ ထင်းကုလားတုံးပိုင်းလို ဘယ်မှာမှ အသုံးမကျသူလည်း ဖြစ်လိမ့်မယ်။'

ဒီလို မိမိကိုယ်ကို ဆုံးမပြီး အမျက်ဒေါသကို ငြိမ်းစေရပါတယ်။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၀)

## မေတ္တာအကျိုးကို ဆင်ခြင်ပါ

မေတ္တာအကျိုး ၁၁ မျိုးကို ဆင်ခြင်ပြီးတော့လည်း အမျက်ဒေါသကို ငြိမ်းစေရပါတယ်။ မေတ္တာအကျိုး ၁၁ မျိုးက

၁။ ချမ်းသာစွာ အိပ်ရတယ်။

၂။ ချမ်သာစွာ နိုးရတယ်။

၃။ ယုတ်ညံ့တဲ့ အိပ်မက်ဆိုးကို မမြင်မက်ရ။

၄။ လူတွေရဲ့ အချစ်ခံရတယ်။

၅။ နတ်တွေရဲ့အချစ်ခံရတယ်။

၆။ နတ်တွေရဲ့ အစောင့်အရှောက်ခံရတယ်။

http://www.dhammadownload.com



၇။ မေတ္တာပွားသူရဲ့ကိုယ်မှာ မီး၊ အဆိပ်၊ လက်နက် မကျရောက်နိုင်။
၈။ လျင်မြန်စွာ စိတ်တည်ကြည်တယ်။
၉။ မတွေဝေဘဲ သေရတယ်။
၁၀။ အထက်မဂ်ဖိုလ်ကို မရသေးတောင်မှ ဗျာန်ရက ဗြဟ္မာ့ပြည်ကို လားရောက်ရတယ်။

အမျက်ဒေါသကို မငြိမ်းစေနိုင်ရင် အဲဒီမေတ္တာရဲ့ အကျိုးတွေကို မရဘဲ ဆုံးရှုံးရလိမ့်မယ်လို့ ဆင်ခြင်ပြီးတော့ အမျက်ဒေါသကို ငြိမ်းစေရပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၉)

## ဓာတ်ခွဲကြည့်ပါ

ဓာတ်ခွဲဆင်ခြင်ပြီးတော့လည်း အမျက်ဒေါသကို ငြိမ်းစေရပါတယ်။ ဓာတ်ခွဲဆင်ခြင်ပုံက ဒီလိုဖြစ်ပါတယ်။

'သင်က သင်မုန်းတဲ့လူကို စိတ်ဆိုးတဲ့အခါ ဘာကို စိတ်ဆိုးတာလဲ။ သူ့သန္တာန်က ဆံပင်တွေကိုလား၊ ဒါမှ မဟုတ် မွေးညင်းတွေကိုလား၊ ဒါမှမဟုတ် ခြေသည်း၊ လက်သည်းတွေကိုလား၊ သွားတွေကိုလား၊ အရေတွေကို လား။'

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့။

http://www.dhammadownload.com



နှလုံး၊ အသည်း၊ အမြှေး အပြင် အဆုတ်။
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

အဲဒီခန္ဓာကိုယ် အစိတ်အပိုင်းတွေထဲက ဘာကို စိတ်ဆိုးတာလဲ။ တစ်ခုခုကို စိတ်ဆိုးတာလား။

တစ်နည်းအားဖြင့် ဆံပင်တွေရဲ့ ပထဝီဓာတ်ကို စိတ်ဆိုးတာလား၊ အာပေါဓာတ်ကိုလား၊ တေဇောဓာတ်ကိုလား၊ ဝါယောဓာတ်ကိုလား။

တစ်နည်းအားဖြင့် ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါးတွေကို ခွဲမှီပြီး သင့်ရန်သူကို မည်သူလို့ ခေါ်ရတယ်။ အဲဒီခွဲမှီရာဖြစ်တဲ့ ခန္ဓာစသည်တွေထဲက ရုပ်ကို စိတ်ဆိုးတာလား၊ ဝေဒနာကိုလား၊ သညာကိုလား၊ သင်္ခါရတွေကိုလား၊ စိတ်ဝိညာဉ်ကိုလား။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ထဲက ဘာကိုစိတ်ဆိုးတာလဲ။ အဲဒီထဲက တစ်ခုခုကိုလား။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအာရုံတွေထဲက တစ်ခုခုကိုလား။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးသိစိတ်တွေထဲက တစ်ခုခုကိုလား။

အဲဒီလို ခွဲပြီး ကြည့်ရပါတယ်။ အဲဒီလို ဓာတ်

http://www.dhammadownload.com



ခွဲကြည့်ရင်တော့ အလွန်သိမ်မွေ့တဲ့ အပ်အဖျားမှာ မုန်ညင်းစေ့ရဲ့ တည်ရာမရှိသလို၊ ကောင်းကင်မှာ ပန်းချီဆေးရေးနဲ့ တည်စရာမရှိသလို အမျက်ဒေါသရဲ့ တည်စရာမရှိတော့ပါ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၉၉)

# အရှင်ပုဏ္ဏရဲ့ နှလုံးသွင်းပုံ

သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏက မြတ်စွာဘုရားကို အကျဉ်းချုပ်အားဖြင့် တရားဟောဖို့ တောင်းပန်လျှောက်ထားတယ်။ ဒါကြောင့် မြတ်စွာဘုရားက အရှင်ပုဏ္ဏအား အကျဉ်းချုပ်အားဖြင့် တရားဟောပါတယ်။ ဟောပြီး ဘုရားရှင်က မေးလို့ အရှင်ပုဏ္ဏက ဖြေပါတယ်။

'ပုဏ္ဏ၊ ငါဘုရားက သင့်ကို အကျဉ်းချုပ်သြဝါဒဖြင့် ဆုံးမည္သန်ကြားပြီးပြီ။ အဲဒီအကျဉ်းချုပ်သြဝါဒကို လက်ခံရရှိပြီးတဲ့သင်ဟာ အဘယ်နယ်ပယ်အရပ်မှာ နေပါမလဲ။'

'မြတ်စွာဘုရား၊ ဇမ္ဗူဒီပခေါ် အိန္ဒိယနိုင်ငံရဲ့အနောက်ဖက်အစွန်ဖြစ်လို့ သုနာပရန္တခေါ်တဲ့ နယ်ပယ်ရှိပါတယ်။ အဲဒီနယ်ပယ်အရပ်မှာ နေထိုင်ပါမယ်ဘုရား။'

'ပုဏ္ဏ၊ သုနာပရန္တတိုင်းသား လူတွေက ကြမ်းတမ်းခက်ထန်ကြတယ်။ သူတို့က သင့်ကို ဆဲဆိုကြိမ်းမောင်းကြရင် သင့်မှာ ဘယ်လိုများဖြစ်မလဲ။'

http://www.dhammadownload.com



'အကယ်၍ သုနာပရန္တတိုင်းသားတွေက ဆဲဆိုကြိမ်းမောင်းကြရင် ဘုရားတပည့်တော်က 'သုနာပရန္တတိုင်းသားတွေဟာ တော်ကြပါပေတယ်၊ သူတို့က ဆဲဆိုကြိမ်းမောင်းရုံမျှပဲ၊ လက်နဲ့တော့ မပုတ်ခတ်ကြသေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ် ဘုရား။'

'အကယ်၍ လက်နဲ့ပုတ်ခတ်ကြရင်ကော ဘယ်လိုနှလုံးသွင်းမလဲ'

'သုနာပရန္တတိုင်းသားတွေဟာ လက်နဲ့ပုတ်ခတ်ကြပေမယ့် ခဲနဲ့မပေါက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်' လို့ နှလုံးသွင်းပါမယ် ဘုရား'

'ခဲနဲ့ပေါက်ကြရင်ကော ဘယ်လိုနှလုံးသွင်းမလဲ'

'တုတ်နဲ့ မရိုက်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ် ဘုရား'

'တုတ်နဲ့ရိုက်ကြရင်ကော ဘယ်လိုနှလုံးသွင်းမလဲ'

'ဓားနဲ့မခုတ်ကြသေးတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ် ဘုရား'

'ဓားနဲ့ခုတ်ကြရင်ကော ဘယ်လိုနှလုံးသွင်းမလဲ'

'ဓားနဲ့ ခုတ်ကြပေမယ့် ဓားနဲ့သေအောင် မသတ်ကြတဲ့အတွက် တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ် ဘုရား'

http://www.dhammadownload.com



'ဓားနဲ့ သေအောင်ခုတ်ကြရင်ကော ဘယ်လိုနှလုံး သွင်းမလဲ'

'မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေထဲက အချို့ ရဟန်းတော်တွေဟာ ရုပ်ကိုယ်နဲ့ အသက်ကို ရွံမုန်းစက်ဆုပ် ကြလို့ ကိုယ့်ဟာကိုယ်သတ်ပြီး သေရအောင် သေစေနိုင်တဲ့ ဓားလက်နက်ကို ရှာရကြောင်း ကြားသိရပါတယ်။ ယခု ငါ့မှာ မရှာရဘဲနဲ့ သေစေနိုင်တဲ့ ဓားလက်နက်နဲ့ သတ်ခြင်း ကို ရပါပေတယ်လို့ နှလုံးသွင်းပါမယ် ဘုရား'

'ပုဏ္ဏ... သာဓု သာဓု'

အရှင်ပုဏ္ဏဟာ သုနာပရန္တတိုင်းကို သွားပြီး ကျင့်သုံး နေတယ်။ အဲဒီဝါတွင်းမှာပဲ ရဟန္တာဖြစ်သွားပါတယ်။

(ဥပရိပဏ်၊ ၃၁၂)

အရှင်ပုဏ္ဏရဲ့ နှလုံးသွင်းပုံကို ဆင်ခြင်ရင်လည်း အမျက်ဒေါသကို ပြေငြိမ်းစေနိုင်ဖွယ် ရှိပါတယ်။

## အကျိုး၊ အပြစ် ဆင်ခြင်ရတယ်

မေတ္တာ ဘာဝနာ မပွားမီ ရှေးဦးစွာ ဒေါသရဲ့အပြစ်ကိုရော၊ သည်းခံမှုရဲ့အကျိုးကိုပါ ဆင်ခြင်ရပါတယ်။ အကြောင်းက တော့ ဒီမေတ္တာဘာဝနာနဲ့ ဒေါသကိုပယ်ရပါတယ်။ သည်းခံ ခြင်းဂုဏ်ကို ရယူရပါတယ်။ ဒါပေမဲ့ အပြစ်မမြင်ရသေးတဲ့

http://www.dhammadownload.com



တရားတစ်စုံတစ်ခုကို ပယ်ဖို့လည်း မစွမ်းနိုင်ပါ။ အကျိုး မသိရသေးတဲ့ တရားတစ်စုံတစ်ခုကို ရယူဖို့လည်း မစွမ်းနိုင်ပါ။ ဒါကြောင့်ပါပဲ။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၈၇)

ကိစ္စတစ်ခုလုပ်ရင် ပယ်ရမယ့်အရာလည်း ရှိပါတယ်။ ပြည့်စုံရမယ့်အရာလည်း ရှိပါတယ်။ ပယ်ရမယ့်အရာကို သူ့အပြစ်မြင်မှ ပယ်နိုင်မယ်။ ဥပမာအားဖြင့် ပြရရင် အိမ်ခန်း၊ ကျောင်းခန်းထဲ အမှိုက်လှည်းနေတဲ့သူမှာ စက္ကူစတို့၊ အဝတ်စတို့၊ တုတ်ချောင်းကလေးတို့ကို တွေ့တဲ့အခါ 'အဲဒီအမှိုက်ဟာ ဘာမှအသုံးမကျဘူး' လို့ အပြစ်ကိုမြင်တော့မှ စွန့်ပစ်နိုင်တယ်။ အပြစ်ကို မမြင်ရင်တော့ အဲဒီအမှိုက်ကို မစွန့်ပစ်နိုင်။ ဟိုနား ဒီနား ထိုးထားမှာပဲ။ အဲဒီလို အမှိုက်ကို လက်ခံထားတော့ အခန်းမှာ မသန့်ရှင်းဘဲ ရှိနေပါမယ်။ အဲဒီလိုပါပဲ ဒေါသရဲ့အပြစ်ကို မမြင်ရင် ဒေါသကိုမပယ်နိုင်ဘဲ လက်ခံထားတတ်တယ်။

ယခုလူတွေမှာ မိမိအပေါ် ပြစ်မှားတယ်လို့ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ စိတ်ဆိုးမပြေဘဲ ဖြစ်နေတာဟာ အဲဒီဒေါသကို မိတ်ဆွေအနေနဲ့ လက်ခံထားလို့ပါပဲ။ အဲဒီလိုဒေါသဖြစ်နေတဲ့လူကို အခြားပုဂ္ဂိုလ်တွေက စိတ်မဆိုးဖို့၊ ပြေငြိမ်းဖို့ ဖျောင်းဖျပြီး ပြောကြရင် သူက မကြိုက်ဘဲ ရှိနေတတ်ပါတယ်။ ဒေါသဖြစ်နေတာကိုပဲ အရ

http://www.dhammadownload.com



သာ ရှိသလို ထင်နေတတ်ပါတယ်။ ဒေါသပြေငြိမ်းဖို့ ပြော ဟောတဲ့ ပုဂ္ဂိုလ်တွေကိုတောင် စိတ်ဆိုးတတ်ပါသေးတယ်။ သူ့အပေါ်မှာ ဆရာလုပ်ရမလားလို့ အပြစ်တင်တတ်ပါသေး တယ်။ အဲဒါဟာ အဆိပ်ပြင်းထန်တဲ့ မြွေပွေးကြီးကို ခါးပိုက် ထဲ ထည့်ထားသလိုပဲ ဒေါသကို အပြစ်မမြင်လို့ လက်ခံ ထားတာပါပဲ။ ဒါကြောင့် ဒေါသကိုပယ်နိုင်အောင် သူ့အပြစ် ကို ဆင်ခြင်ရပါတယ်။

## ဒေါသရဲ့ အပြစ်

အခါတစ်ပါးမှာ ဆန္နဆိုတဲ့ ပရိဗိုဇ်က 'ရာဂ၊ ဒေါသ၊ မောဟရဲ့အပြစ်ကို ဘယ်လိုမြင်ပြီး ပယ်ဖို့ရာ ဟောကြားပါ သလဲ'လို့ မေးတဲ့အတွက် ဒေါသရဲ့အပြစ်ကို အရှင်အာနန္ဒာ က ဒီလိုဖြေကြားတော်မူပါတယ်။

'ငါ့ရှင်ဆန္န၊ စိတ်ဆိုးသူဟာ ဒေါသလွှမ်းမိုးခံရလို့ ဒေါသကြောင့် စိတ်ကောင်းမရှိတော့ဘဲ မိမိကိုယ်ကို နှိပ်စက် ဖို့၊ ဆင်းရဲစေဖို့လည်း ကြံစည်ပြုလုပ်တယ်။ သူတစ်ပါးကို နှိပ်စက်ဖို့၊ ဆင်းရဲစေဖို့လည်း ကြံစည်ပြုလုပ်တယ်။ မိမိ ကိုယ်ကိုရော၊ သူတစ်ပါးကိုပါ နှစ်ဦးလုံးကို နှိပ်စက်ဖို့၊ ဆင်းရဲစေဖို့လည်း ကြံစည်ပြုလုပ်တယ်။ စိတ်ဆင်းရဲကို လည်း ခံစားရတယ်။ မကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊

http://www.dhammadownload.com



စိတ်ကျင့်တွေကို ပြုလုပ်တယ်။ ကိုယ့်အကျိုးစီးပွားကိုလည်း အမှန်အတိုင်း မသိ။ သူတစ်ပါးအကျိုးစီးပွားကိုလည်း အမှန်အတိုင်း မသိ။ မိမိ၊ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးစီးပွားကိုလည်း အမှန်အတိုင်း မသိ။ ဒေါသဟာ ပညာမျက်စိကန်းအောင် လုပ်တတ်တယ်။ မသိအောင် လုပ်တတ်တယ်။ ပညာကို ချုပ်ပျောက်သွားစေတယ်။ ပင်ပန်းတဲ့အဖို့ ရှိတယ်။ ငြိမ်းချမ်းမှုကို မဖြစ်စေ။' (အံ၊ ပါဠိ၊ ပ၊ ၂၁၆)

ဒေါသဖြစ်လာရင် မိမိကိုယ်ကို ဆင်းရဲစေတယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ မူလက ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ဖြစ်နေရာထဲက ဒေါသဖြစ်လာတာနဲ့တစ်ပြိုင်နက် ကြည်လင်ရွှင်ပျတဲ့စိတ် မရှိတော့ပါ။ တစ်ခါတည်း စိတ်က ပင်ပန်းသွားတော့တာပဲ။ မျက်နှာလည်း မသာယာတော့ဘူး။ ကိုယ်ထဲမှာလည်း မနေသာ မထိုင်သာဖြစ်သွားတော့တာပဲ။ ဒေါသပြင်းထန်လေလေ ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းလေလေပဲ။ အဲဒီလိုစိတ်ဆိုးပြီးတော့ သူတစ်ပါးကိုလည်း နှိပ်စက်သတ်ဖြတ်တတ်တယ်။ မကြားကောင်း၊ မနာသာ စကားတွေကိုလည်း ပြောဆိုတတ်တယ်။ အဲဒီလို မတော်တာကို ပြုမိ၊ ပြောမိတဲ့အတွက် နောင် ပြန်လည်စဉ်းစားကြည့်တဲ့အခါကျတော့ အောက်ထစ်ဆုံး အရှက်ရတတ်တယ်။ ရာဇဝတ်ပြစ်မှုမျိုးကို ပြုမိ၊ ပြောမိရင်တော့ ရာဇဝတ်ပြစ်ဒဏ်သင့်ပြီး ချက်ချင်းပဲ ဆင်းရဲရတော့တာပဲ။ ဒေါသ

http://www.dhammadownload.com



အလျောက် ပြုမိ၊ ပြောဆိုမိတဲ့ အဲဒီလိုမကောင်းမှုတွေကြောင့် အပါယ်လေးပါး ကျရောက်ပြီးတော့လည်း အကြီးအကျယ် ဆင်းရဲရတတ်တယ်။ အဲဒါဟာ မိမိကိုယ်ကို နှိပ်စက်ပုံ၊ ဆင်းရဲစေပုံ အရိပ်အမြွက်ပါပဲ။ အဲဒီထဲမှာ မျက်မှောက်မှာ တွေ့ရတဲ့ ဆင်းရဲတွေကိုတော့ ကိုယ်တွေ့နဲ့ပဲ ထင်ရှားသိနိုင်ပါတယ်။ ဒေါသအလျောက် ဘယ်လိုဖြစ်ခဲ့ရတယ်။ ဘယ်လို ပြောမိ၊ ပြုမိလို့ ဘယ်လိုမကောင်းကျိုးတွေ ရခဲ့တယ်ဆိုတာ ဆင်ခြင်ကြည့်ရင် သိနိုင်ပါတယ်။

နောက်ပြီးတော့ ဒေါသနဲ့ သူတစ်ပါးကို ဆင်းရဲအောင် လုပ်တယ်ဆိုတာကတော့ သာပြီးထင်ရှားပါတယ်။ စိတ်ဆိုးတဲ့သူဟာ အောက်ထစ်ဆုံးအားဖြင့် သူတစ်ပါး နားမချမ်းသာတဲ့စကားကို ပြောဆိုတယ်။ အဲဒီလို အပြောအဆို ခံရတဲ့သူမှာ အကြီးအကျယ်စိတ်ဆင်းရဲသွားတတ်တယ်။ စွမ်းနိုင်ရင်တော့ သူတစ်ပါးကို နာကျင်အောင်လည်း နှိပ်စက်တတ်တယ်။ သေအောင်လည်း သတ်တတ်တယ်။ အဲဒီလို သူတစ်ပါး ဆင်းရဲအောင်လုပ်တဲ့အတွက် တစ်နည်းနည်းနဲ့ မိမိကိုယ်တိုင်လည်း ဆင်းရဲဒုက္ခရောက်ရတတ်တယ်။ ယခုလောလောဆယ်မှာ မဆင်းရဲရပေမယ့် နောင်ဘဝတွေကျတော့ အပါယ်လေးပါးကျရောက်ပြီးတော့လည်း အကြီးအကျယ် ဆင်းရဲသွားရမယ်။ လူ့ဘဝ ရောက်လာရင်လည်း အသက်တိုခြင်း၊ အနာများခြင်း၊ အရုပ်ဆိုးခြင်းစသည်ဖြင့်

http://www.dhammadownload.com



ဆင်းရဲဒုက္ခရောက်သွားရမယ်။ ဒါကြောင့် ဒေါသက သူတစ်ပါးကိုလည်း ဆင်းရဲစေတယ်၊ မိမိရော သူတစ်ပါးရော နှစ်ဦးစလုံးကိုလည်း ဆင်းရဲစေတယ်ဆိုတာကိုလည်း ထင်ရှားပါတယ်။

## သည်းခံခြင်းရဲ့ အကျိုး

အောင့်အည်းသည်းခံခြင်းဆိုတဲ့ စိတ်မဆိုးဘဲ နေတာဟာ အမြတ်ဆုံးအကျင့်ပဲ။ (သုတ်မဟာဝါ၊ ၄၂။ ခု၊ ၁၊ ၄၁)

ဒေါသကို ကာကွယ်နိုင်တဲ့ ခန္တီခွန်အား ဟာ တစ်ဖက်ရန်သူကို ကာကွယ်နိုင်တဲ့ စစ်တပ်နဲ့တူတယ်။ အဲဒီလို သည်းခံမှုခွန်အားရှိတဲ့ပုဂ္ဂိုလ်ကို သူမြတ်လို့ ဘုရားရှင်က ဟောတော်မူတယ်။ (ခု၊ ၁၊ ၇၀၊ ၃၇၆)

အကျိုးစီးပွားမှန်သမျှဟာ မိမိရဲ့အ ကျိုးစီးပွားလျှင် အမြတ်ဆုံးရှိကြတယ်။ အဲဒီအမြတ်ဆုံးအကျိုးတွေထဲမှာ သည်းခံခြင်းထက် သာလွန်တဲ့အကျိုးစီးပွားဟာ မရှိပါ။ (သံ၊ ၁၊ ၂၂၃)

အဲဒီတရားဒေသနာတွေအရအားဖြင့် သည်းခံတာဟာ အမြတ်ဆုံးအကျင့်ဖြစ်တယ်။ ဘေးရန်ကို ကာကွယ်နိုင်တဲ့ စစ်တပ်နဲ့တူတဲ့ ခွန်အားလည်း ဖြစ်တယ်။ မိမိရဲ့အကျိုး

http://www.dhammadownload.com



စီးပွားထဲမှာ အမြတ်ဆုံး အကျိုးစီးပွားလည်းဖြစ်တယ်စသည် ဖြင့် သည်းခံခြင်းရဲ့အကျိုးကို ဆင်ခြင်ရပါတယ်။

စိတ်ဆိုးစရာ၊ ပြန်လည်ချေပစရာရှိတဲ့အခါ စိတ်မဆိုးဘဲ၊ မချေပဘဲ ကြည်ကြည်သာသာနဲ့ သည်းခံနေတဲ့သူကို အများက ချစ်ခင်ကြည်ညိုကြတယ်။ ချီးမွမ်းကြတယ်။ စွမ်းနိုင်သမျှ ချီးမြှောက်ကြ၊ အကူအညီပေးကြတယ်။ သာမန်မိတ်ဆွေအဖြစ်မှ ရင်းနှီးတဲ့မိတ်ဆွေအရင်းအဖြစ်သို့ ရောက်ရတယ်။ သည်းခံတဲ့သူကို ဘယ်လိုလူကမှ မမုန်းဘူး။ အဲဒါတွေဟာ အလွန်ထင်ရှားတဲ့အကျိုးတွေပါပဲ။

အဲဒီလို သည်းမခံဘဲ ချေပပြောဆိုရင်တော့ နှစ်ဦးနှစ်ဖက် ငြင်းခုံကြရတယ်၊ ရန်ဖြစ်ကြရတယ်၊ မုန်းတီးကြရတယ်၊ တစ်သက်လုံး မခေါ်မပြောဘဲ မိတ်ပျက်ဆွေပျက် ဖြစ်ကြရတယ်။ အချင်းချင်းထံမှ အကူအညီတကယ်လိုနေတဲ့အခါပေမယ့် အကူအညီမရဘဲ ရှိတတ်တယ်။ တချို့မှာဆိုရင် သေသည်အထိတောင် အကျိုးမဲ့ကိုပြုတတ်ကြတယ်။ အဲဒီလို အကျိုးမဲ့ဖြစ်ကြရတာဟာ သည်းခံသင့်တဲ့အရာမှာ သည်းမခံလို့ပါပဲ။ တကယ်လို့ တစ်ဖက်သားရဲ့ အပြောမှား၊ အဆိုမှား၊ အပြုမှားကို အောင့်အည်းသည်းခံလိုက်ရင်တော့ ငြင်းခုံခြင်း၊ ရန်ဖြစ်ရခြင်းလည်း မရှိတော့ဘူး။ ဒါကြောင့် သည်းခံတာဟာ အင်မတန်ကောင်းပါတယ်။ အင်မတန် ကျေးဇူးများပါတယ်။ ဒါလည်း မိမိတို့တစ်သက်တာအတွင်း

http://www.dhammadownload.com



ပြန်ကြည့်ရင် သည်းခံခဲ့လို့ ရတဲ့အကျိုးတွေ ထင်ရှားကြမှာပဲ များပါလိမ့်မယ်။

စိတ်ကို အောင့်အည်းချုပ်တည်းပြီး သည်းခံတဲ့အကျင့်ဟာ အမြတ်ဆုံးအကျင့်ပါပဲ။ ကုသိုလ်ဖြစ်ရေးအကျင့်ဟူသမျှတွေဟာ သည်းခံမှ အောင်မြင်တယ်။ သည်းမခံရင် မအောင်မြင်ဘူး။ ပေးလှူရာမှာလည်း သည်းခံပြီး ဆောင်ရွက်ရတာပဲ။ အကြီးအကျယ် ပေးလှူတဲ့အခါမှာ အကြီးအကျယ် သည်းခံပြီးတော့ ဆောင်ရွက်ရတယ်။ သီလကျင့်ရာမှာတော့ သည်းခံရတာ ပိုပြီးထင်ရှားပါတယ်။ ပြုလုပ်ချင်တဲ့ အကုသိုလ်အမှုတွေကို မပြုဘဲ သည်းခံပြီး ကျင့်ရတယ်။ ဘာဝနာအလုပ်ကျတော့ အဲဒီထက် ပိုပြီးထင်ရှားတယ်။ ကိုယ်ပင်ပန်းဆင်းရဲမှုတွေကို သည်းခံပြီး နှလုံးသွင်းရှုမှတ်ပါမှ သမာဓိ၊ ပညာက ဖြစ်ပါတယ်။ အနည်းငယ်လောက် ညောင်းပူ နာကျင်လာတာနဲ့ သည်းမခံဘဲ ခဏခဏ ကိုယ်နေအရာကို ပြုပြင်နေရင် သမာဓိဖြစ်ဖို့လည်း ခဲယဉ်းတယ်။ ဝိပဿနာဉာဏ်ဖြစ်ဖို့လည်း ခဲယဉ်းတယ်။ သည်းခံပြီး ရှုမှတ်နေပါမှ ဈာန်သမာဓိတွေကိုလည်း ရနိုင်တယ်။ ဝိပဿနာဉာဏ်ထူးတွေနဲ့ မဂ်ဖိုလ်ဉာဏ်တွေကိုလည်း ရနိုင်တယ်။ ဒါကြောင့် သည်းခံတာကို အမြတ်ဆုံးအကျင့်လို့ ဆိုသင့်ပါတယ်။

ဒီနေရာမှာ 'သည်းခံရင် နိဗ္ဗာန်ရောက်တယ်'လို့ ဆို

http://www.dhammadownload.com



ထားတဲ့ ရှေးပညာရှိတွေရဲ့ စကားဟာလည်း အင်မတန် သင့်မြတ်ပါတယ်။ ပါရမီ ၁၀ ပါးကို ဖြည့်ကျင့်ရာမှာ ခန္တီဆိုတဲ့ သည်းခံခြင်းပါမှ အောင်မြင်ပြည့်စုံနိုင်တယ်။ အဲဒီ ပါရမီ ၁၀ ပါးထဲက အဓိဋ္ဌာန်၊ ဝီရိယ၊ ပညာဆိုတဲ့ ပါရမီတွေဟာ နိဗ္ဗာန်မျက်မှောက်ပြုရန်အတွက် နီးကပ်တဲ့ပါရမီတွေပါပဲ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အဓိဋ္ဌာန်ပြုပြီး ရည်ရွယ်ထားတဲ့အတိုင်း မဆုတ်မနစ် အားထုတ်တဲ့ ဝီရိယကလည်း ပြည့်စုံပါမှ၊ ဝိပဿနာပညာ၊ အရိယမဂ်ပညာတွေလည်း ပြည့်စုံပါမှ ကိစ္စပြီးတယ်။ အဲဒီလိုကိစ္စပြီးအောင် သည်းခံမှု ပြည့်စုံပါမှ ဖြစ်တယ်။ အဲဒီလိုသည်းခံပြီး အားထုတ်ရင် နောက်ဆုံးမှာ အကုန်လုံး သည်းခံနိုင်တဲ့ ရဟန္တာ ဖြစ်သွားတော့တာပါပဲ။ အဲဒီလို ရဟန္တာပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သည်းခံခြင်းခွန်အားဆိုတဲ့ ခွန်အားစစ်တပ်နဲ့ ပြည့်စုံတဲ့ သူမြတ်လို့ ဟောတော်မူတာပါပဲ။ အဲဒီဒေသနာတော် အရအားဖြင့် သည်းခံခြင်းဆိုတဲ့အကျင့်ကို ရဟန္တာဖြစ်သည့်တိုင်အောင် မြင့်မြတ်တဲ့အကျင့်လို့ ဆိုရမှာပဲ။

ဒီမေတ္တာကို ပွားစေရာမှာတော့ သည်းခံတဲ့အကျင့်က ပိုပြီးအရေးကြီးပါတယ်။ သူတစ်ပါးကို စိတ်မဆိုးဘဲ သည်းခံနိုင်ပါမှ မေတ္တာက ဖြစ်ပွားမှာ။ စိတ်ဆိုးနေရင်တော့ မေတ္တာက မဖြစ်ပွားနိုင်ပါ။ ဒါကြောင့် မေတ္တာကို မပွားသေးမီ ရှေ့အဖို့ကတည်းက အကျိုးအာနိသင်ကို ဆင်ခြင်ဖို့ရာ ညွှန်ကြားတာပါပဲ။

http://www.dhammadownload.com

# ဒေါသ သမားရဲ့ ဆိုးကျိုးများ

၁။ ကိုယ့်ရန်သူက ကိုယ်ရုပ်လှတာကို သဘောမကျ ရုပ်မလှရင် ကောင်းမှာပဲလို့ ရန်သူက တောင့်တ တယ်။ ဒေါသဖြစ်လာရင် ကောင်းကောင်းရေချိုး ကောင်းကောင်းဝတ်ဆင်၊ ဆံမုတ်ဆိတ်ရိတ်၊ အဝတ် ဖြူ ဝတ်ထားပေမယ့် ရုပ်ဆိုးနေတာပဲ။

၂။ ကိုယ့်ရန်သူက ကိုယ့်ကို ချမ်းချမ်းသာသာ အိပ်ရတာ ကို သဘောမကျ၊ ဆင်းဆင်းရဲရဲ အိပ်ရပါစေလို ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် အလွန် ကောင်းတဲ့ ကြီးကျယ်ခမ်းနားတဲ့ အိပ်ရာနေရာတွေမှာ အိပ်ရပေမယ့် ဆင်းဆင်းရဲရဲပဲ အိပ်ရတယ်။

၃။ ကိုယ့်ရန်သူက ကိုယ်အကျိုးစီးပွား များပြားတာကို သဘောမကျ။ အကျိုးစီးပွား မများပါစေနဲ့လို့ ရန်သူ က တောင့်တတယ်။ ဒေါသဖြစ်လာရင် အကျိုးမဲ့ကို ယူထားပေမယ့် 'အကျိုးကို ယူထားတယ်'လို့ ထင် တယ်။ အကျိုးကို ယူထားပေမယ့်လည်း 'အကျိုးမဲ့ ကို ယူထားတယ်'လို့ ထင်တယ်။ အဲဒီဆန့်ကျင်ဘက် ယူထားတဲ့ အရာတွေဟာ အချိန်ကြာမြင့်စွာ စီးပွား မဲ့ဖို့ ဆင်းရဲဖို့ ဖြစ်တယ်။

http://www.dhammadownload.com



၄။ ကိုယ့်ရန်သူက ကိုယ်ဥစ္စာရှိတာကို သဘောမကျ။ ဥစ္စာမရှိပါစေနဲ့လို့ ရန်သူကတောင့်တတယ်။ ဒေါသဖြစ်လာရင် ကိုယ်ကြိုးကြိုးစားစား တရားသဖြင့် ရှာဖွေထားတဲ့ ဥစ္စာတွေဟာ ရှင်ဘုရင်ရဲ့ ဘဏ္ဍာတိုက်ထဲ ရောက်ကုန်တယ်။

၅။ ကိုယ့်ရန်သူက ကိုယ့်အခြွေအရံရှိတာကို သဘောမကျ။ အခြွေအရံ မရှိပါစေနဲ့လို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် မမေ့မလျော့လို့ ရထားတဲ့ အခြွေအရံတွေဟာ ပျောက်ပျက်ကုန်တယ်။

၆။ ကိုယ့်ရန်သူက ကိုယ်မိတ်ဆွေရှိတာကို သဘောမကျ။ မိတ်ဆွေမရှိပါစေနဲ့လို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုး၊ သွေးသားတော်စပ်သူတွေတောင် ဝေးဝေးက ရှောင်ကြတယ်။

၇။ ကိုယ့်ရန်သူက ကိုယ်နောက်ဘဝ ကောင်းရာရောက်မှာကို သဘောမကျ။ သေရင် ငရဲရောက်ပါစေလို့ ရန်သူက တောင့်တတယ်။ ဒေါသဖြစ်လာရင် အပြုမှား၊ အပြောမှား၊ စိတ်ထားမှားတွေကို ထားတော့တယ်။ အမှားတွေလုပ်ပြီး သေတဲ့အခါ ငရဲရောက်တယ်။

(အံ၊ ပါဠိ၊ ၃၊ ၄၆၉)

http://www.dhammadownload.com



ကိုယ့်အကျိုးစီးပွားကို လိုလားတတ်သူဟာ ရန်သူဝမ်းသာစရာ မဖြစ်အောင် ပြုဖို့၊ ပြောဖို့၊ စိတ်ထားဖို့ လိုအပ်ပါတယ်။

## ဒေါသ သမားရဲ့ အမှားများ

ဒေါသသမားဟာ အကျိုးမဲ့ကို ဖြစ်စေတယ်။ ကောင်းစိတ်ကို ဖျက်ဆီးတယ်။ ဘေးရန်ကို မသိ၊ ကြီးပွားတိုးတက်ရေးကို မသိ၊ သမထ၊ ဝိပဿနာတရားကို မမြင်၊ အမှောင်လွှမ်းခံရတယ်။ လုပ်ရခက်တာကို လွယ်တဲ့အနေနဲ့ ထင်မြင်ဆန့်ကျင်တတ်တယ်။ ဒေါသ ပြေသွားပြီးနောက်မှ မီးလောင်ခံရသူပမာ ပူလောင်ရတယ်။ မီးခိုးရှိတဲ့မီးဟာ မီးခိုးကို ပြ,သလို မျက်နှာမကောင်းဖြစ်တာကို ဖော်ပြတယ်။ အရှက်၊ အကြောက်မရှိ၊ ထောက်တည်ရာ တစ်စုံတစ်ရာမရှိ။

ဒေါသသမားဟာ မိဘ၊ ရဟန္တာ၊ ပုထုဇဉ်ကို သတ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် အာရုံအမျိုးမျိုးမှာ တွေဝေပြီး ကိုယ့်ကိုယ်ကိုယ် သတ်တယ်။ ကိုယ့်ကိုယ်ကိုယ်ဓားနဲ့ခုတ်သတ်တယ်။ အဆိပ်သောက် သေတယ်။ ကြိုးဆွဲချသေတယ်။ တောင်၊ ချောက်ထဲမှာ ခုန်ချသေတယ်။

ဒေါသသမားဟာ ကြီးပွားမှုကို ဖျက်ဆီးတဲ့အလုပ်၊ ကိုယ့်ဘဝကို သတ်တဲ့အလုပ်တွေကို လုပ်ပေမယ့် မသိ။

http://www.dhammadownload.com



ပျက်စီးကြောင်းပဲ။ ဒေါသကို ပညာရှိဟာ ဝိပဿနာနဲ့ယှဉ်တဲ့ ဝီရိယ၊ မဂ္ဂသမ္မာဒိဋ္ဌိနဲ့ ပယ်ဖြတ်ရတယ်။

(အံ၊ ပါဠိ၊ ३၊ ၄၇၁/၂)

## သည်းခံခြင်းရဲ့ အကျိုးများ

၁။ လူအများရဲ့ ချစ်မြတ်နိုးခံရတယ်။

၂။ ပုဂ္ဂိုလ်ရန်၊ အကုသိုလ်ရန် မများ။

၃။ အပြစ်မများ။

၄။ မတွေမဝေ သေရတယ်။

၅။ သေရင် ဘဝကောင်းကို ရောက်ရတယ်၊

၆။ မခက်ထန်၊ မကြမ်းတမ်း။

၇။ နှလုံးမသာမယာ မဖြစ်ရ။

သည်းမခံရင် ပြောင်းပြန်ဆိုးကျိုး ၇ မျိုးကို ရပါဘယ်။ (အံ၊ ပါဠိ၊ ३၊ ၂၂၂)

## ဒေါသ မထွက်ရင်

အမျက်ထွက်သူကို အမျက်မထွက်မှုနဲ့ အောင်နိုင်ရပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ३၊ ၂၀၂)

နှတ်ပြည်ရောက်ကြောင်း တရား ၃ ပါး ရှိတယ်။

http://www.dhammadownload.com



၁။ အမှန်စကားကို ပြောမှု၊ ၂။ သူတစ်ပါးကို အမျက်မထွက်မှု၊ ၃။ သီလရှိသူတွေက တောင်းခံရင် အနည်းငယ်လေးမျှ ပေးလှူမှု။ (ဓမ္မပဒ၊ ၄၊ ၃၊ ၂၀၄)

## ဘာရဒွါဇပုဏ္ဏား

ဘာရဒွါဇအနွယ်ရှိ ပုဏ္ဏားဟာ မိစ္ဆာဒိဋ္ဌိ (ဘာသာခြားအယူ) ရှိသူဖြစ်လို့ 'ဘုရား၊ တရား၊ သံဃာ' လို့ ပြောလိုက်ရင် နားကိုပိတ်ထားတယ်။ ခက်ထန်တယ်၊ ရှားငုတ်နဲ့တူတယ်။ ဓနဉ္ဇာနီပုဏ္ဏေးမကတော့ သောတာပန် အရိယာသာဝိကာ ဖြစ်တယ်။ ပုဏ္ဏားက အလှူ လှူတဲ့အခါ ပုဏ္ဏား ၅၀၀ အား ရေမပါတဲ့ နို့ဃနာကို လှူတယ်။ ပုဏ္ဏေးမက ဘုရားအမှူးရှိတဲ့ သံဃာအား အရသာအမျိုးမျိုးပါတဲ့ စားဖွယ်ကို လှူတယ်။ ပုဏ္ဏားလှူတဲ့နေ့မှာ ပုဏ္ဏေးမက ပုဏ္ဏားရဲ့အလိုလိုက်တာရယ်၊ နမြောမှုပယ်ထားတာရယ်ကြောင့် ကိုယ်တိုင်လက်နဲ့ ပြုစုလုပ်ကျွေးတယ်။ ပုဏ္ဏေးမက လှူတဲ့နေ့မှာတော့ ပုဏ္ဏားက စောစောပဲ အိမ်မှထွက်ပြီး ပြေးတယ်။ တစ်နေ့မှာ ပုဏ္ဏားက ပုဏ္ဏေးမနဲ့အတူ မတိုင်ပင်ဘဲ ပုဏ္ဏား ၅၀၀ ကို ပင့်ဖိတ်ကာ 'အို ရှင်မ၊ နက်ဖြန် ငါတို့အိမ်မှာ ပုဏ္ဏား ၅၀၀ ဆွမ်းဘုဉ်းပေးကြလိမ့်မယ်' လို့ ပုဏ္ဏေးမကို ပြောတယ်။

'ပုဏ္ဏား၊ ကျွန်မက ဘာကိုလုပ်ရမှာလဲ'

http://www.dhammadownload.com



'သင်က အခြားဘာကိုမှ လုပ်စရာမရှိပါ။ ချက်တာ ပြုတ်လုပ်ကျွေးတာအားလုံးကို အခြားသူတွေ ပြုလုပ်ကြပါလိမ့်မယ်။ သင်က ရပ်ရင်းရော၊ ထိုင်ရင်းရော၊ ချေပြီးရော၊ ချောင်းဆိုးပြီးရော 'နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏' လို့ ကတုံးစုတ်ရဟန်းယုတ်အား ရှိခိုးပူဇော်တယ်။ အဲဒါကို နက်ဖြန်တစ်နေ့လောက် မလုပ်ပါနဲ့။ အဲဒီစကားကို ကြားရပြီး ပုဏ္ဏားတွေက စိတ်မချမ်းမသာ ဖြစ်ကြတယ်။ ငါ့ကို ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲအောင် မလုပ်ပါနဲ့'

'သင်ဟာ ပုဏ္ဏားတွေနဲ့ပဲ ကွဲကွဲ၊ နတ်တွေနဲ့ပဲ ကွဲကွဲ ကျွန်မကတော့ ဘုရားရှင်ကို အဖန်ဖန်အောက်မေ့ပြီး ရှိမခိုးဘဲ မရပ်တည်နိုင်ပါ'

'ရှင်မ၊ အိမ်ခြေ ၁၀၀ ရှိတဲ့ရွာမှာ ရွာတံခါးကိုတောင် ပိတ်ဖို့ကြိုးစားကြသေးတယ်၊ သင်က လက်နှစ်ဖက်နဲ့ ပိတ်ထိုက်တဲ့ ပါးစပ်ကို ပုဏ္ဏားတွေ စားနေချိန်လေးမှာ မပိတ်နိုင်ဘူးလား'

အဲဒီလို ထပ်ကာထပ်ကာ ပြောပြီးလည်း ပုဏ္ဏားက မတားမြစ်နိုင်လို့ ဦးခေါင်းရင်းမှာထားတဲ့ အဖျားဝန်းဝိုင်းတဲ့ သန်လျက်ကို ယူပြီးပြောတယ်။

'ရှင်မ၊ နက်ဖြန်ခါ ပုဏ္ဏားတွေ ထိုင်နေတဲ့အခါ အဲဒီကတုံးရဟန်းယုတ်ကို သင်ရှိခိုးရင် ဒီသန်လျက်နဲ့ သင့်ကို ခြေဖျားကနေ ဆံဖျားတိုင်အောင် မျှစ်နုလို ထောင်းကာ အစုအပုံလုပ်ပစ်မယ်'

http://www.dhammadownload.com



အရိယာသာဝိကာဖြစ်တဲ့ ခုနုတ္တရာနီပုဏ္ဏေးမကတော့ မြေကြီးလိုပဲ တုန်လှုပ်အောင်လုပ်ဖို့ ခဲယဉ်းတယ်။ မြင်းမိုရ်တောင်လိုပဲ လိမ့်အောင်လုပ်ဖို့ ခဲယဉ်းတယ်။ ဒါကြောင့် ပုဏ္ဏေးမက ပုဏ္ဏားကို ဒီလိုပြောတယ်။

'ပုဏ္ဏား၊ သင်က ငါ့ရဲ့အင်္ဂါကြီးငယ်တွေကို ဖြတ်တောက်စေဦးတော့၊ ငါက မြတ်စွာဘုရားရဲ့ သာသနာမှ မရှောင်လွှဲအံ့'

'ဥက္ကာကအနွယ်မြတ်ကို ဆောင်တော်မူတဲ့ ဘုရားရှင်တွေကို ငါဟာ ဆန့်ကျင်ဖို့မစွမ်းပါ။ ငါဟာ မြတ်စွာဘုရားရဲ့သမီးတော် ဖြစ်ပါတယ်။ ငါ့ကို ဖြတ်လိုက ဖြတ်ပါ၊ သတ်လိုက သတ်ပါ'

အဲဒီလိုစသည်ဖြင့် ခုနုတ္တရာနီက ကြုံးဝါးတဲ့ဂါထာ ၅၀၀ ကို ရွတ်ဆိုပါတယ်။ ပုဏ္ဏားက ပုဏ္ဏေးမကို သုံးသပ်ဖို့၊ ပုတ်ခတ်ဖို့ မစွမ်းနိုင်လို့ 'ရှင်မ၊ သင်လုပ်ချင်တာ လုပ်ပါ'လို့ ပြောကာ သန်လျက်ကို အိပ်ရာပေါ်ပစ်ချလိုက်တယ်။ နောက်နေ့မှာ အိမ်ကို နွားချေးအစိုနဲ့ လိမ်းကျံခိုင်းတယ်။ ပေါက်ပေါက်၊ ရေပြည့်အိုး၊ ပန်း၊ နံ့သာစသည်တွေနဲ့ ထိုထိုနေရာတွေမှာ တန်ဆာဆင်ခိုင်းတယ်။ ပုဏ္ဏား ၅၀၀ အတွက် ထောပတ်သစ်၊ သကြား၊ ပျားရည်ရောစပ်ထားတဲ့ ရေမပါနို့ဃနာကို စီစဉ်ခိုင်းပြီး အချိန်ကို လျှောက်ကြားခိုင်းတယ်။

ပုဏ္ဏေးမကလည်း နံနက်စောစောပဲ နံ့သာရေနဲ့

http://www.dhammadownload.com



ကိုယ်တိုင်ရေချိုးတယ်။ တစ်ထောင်တန် အဝတ်အသစ်ကို ဝတ်တယ်။ ၅၀၀ တန်အဝတ်ကို လက်ဝဲပခုံးပေါ် တင်တယ်။ တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားတယ်။ ရွှေဇွန်းကို ယူပြီး ဆွမ်းစားဆောင်မှာ ပုဏ္ဏားတွေကို ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားတွေနဲ့အတူ တစ်တန်းတည်းမှာ ထိုင်နေတဲ့ ဘာရဒွါဇပုဏ္ဏားထံ ထမင်းသယ်ဆောင်သွားတဲ့ အခါ မကောင်းသဖြင့် ထားအပ်တဲ့ သစ်သားဘဏ္ဍာပေါ် ချော်လဲတယ်။ ချော်လဲရာမှာ ထိခိုက်လို့ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်။ အဲဒီအခါ ဘုရားရှင်ကို သတိရတယ်။ သတိနဲ့ ပြည့်စုံလို့ နို့ဃနာခွက်ကို မစွန့်ဘဲ ဖြည်းဖြည်းချကာ မြေကြီးပေါ် ကောင်းစွာတည်စေတယ်။ ပုဏ္ဏား ၅၀၀ ရဲ့ အလယ်မှာ ဦးခေါင်းပေါ် လက်အုပ်တင်ပြီး ဝေဠုဝန်ကျောင်း ဘုရားရှိရာကို လက်အုပ်ချီကာ အောက်ပါဥဒါန်းကို ၃ ကြိမ် ကျူးရင့်တယ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကိလေသာတွေမှ ဝါသနာနှင့်တကွ ဝေးကွာပြီး သိစရာမှန်သမျှကို မှန်ကန်စွာ ကိုယ်တိုင်သိတော်မူတဲ့ ထိုဘုရားရှင်အား ရှိခိုးပါ၏။

အဲဒီအချိန်မှာ အဲဒီပုဏ္ဏားတွေထဲက တချို့က စားပြီးကြပြီ၊ တချို့က စားဆဲ၊ တချို့က လက်တွေကို စားဖို့ချပြီး

http://www.dhammadownload.com



ခါစ၊ တချို့ပုဏ္ဏားတွေရဲ့ရှေ့မှာ စားဖွယ်ကို ထားပြီးခါစ ရှိသေးတယ်။ အဲဒီပုဏ္ဏားတွေက အဲဒီဘုရားရှိခိုးသံကို ကြား ပြီးချင်းပဲ မြင်းမိုရ်တောင်လောက် တင်းပုတ်နဲ့ ဦးခေါင်းမှာ ရိုက်ပုတ်ခံကြရသလို၊ နားတွေမှာ တံချွန်နဲ့ ထိုးဖောက်ခံ ကြရသလို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ခံစားကြရတယ်။ 'ဒီဘာသာခြားအယူရှိသူက ငါတို့ကို အိမ်ထဲသွင်းထားတယ်' လို့ အမျက်ထွက်ပြီး လက်ထဲက ထမင်းကို စွန့်ပစ်ကာ ပါးစပ်နဲ့ ယူထားတဲ့အစာကို ထွေးပစ်ကြတယ်။ လေးကို မြင်ရတဲ့ ကျီးတွေလို ပုဏ္ဏားဘာရဒွါဇကို ဆဲရေးကာ အရပ် မျက်နှာတွေဆီ ဖဲသွားကြတယ်။ ဘာရဒွါဇပုဏ္ဏားက အဲဒီလို ခွဲပြီးသွားတဲ့ ပုဏ္ဏားတွေကို ကြည့်ပြီး ပုဏ္ဏေးမကို ဦးခေါင်း မှစပြီး ကြည့်တယ်။ 'ဒီဘေးကိုမြင်လို့ ငါတို့က မနေ့က စပြီး ရှင်မကို တောင်းဆိုပေမယ့် မရကြ'လို့ ဆဲနည်းအမျိုး မျိုးတွေနဲ့ ပုဏ္ဏေးမကို ဆဲတယ်။

'ဒီအယုတ်မ ဟာ ဟိုအကြောင်း၊ ဒီအကြောင်းတွေနဲ့ ကတုံးစုတ် အဲဒီရဟန်းရဲ့ဂုဏ်ကို အဲဒီလိုပဲ ချီးမွမ်းပြောဆို တယ်။ အယုတ်မ၊ အခု ငါဟာ သင့်ဆရာဂေါတမအပေါ် ဝါဒတင်မယ်'

'အို ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနဲ့တကွဖြစ်တဲ့ လောကမှာ သူတော်ကောင်းသမဏ၊ ဗြာဟ္မဏနတ်၊ လူတွေ နဲ့တကွဖြစ်တဲ့ လူအပေါင်းမှာ ဘုရားရှင်အပေါ် ဝါဒတင်နိုင်

http://www.dhammadownload.com



အနိုင်ယူနိုင်တဲ့ ပုဂ္ဂိုလ်ကို ငါဟာ မမြင်ပါ။ ပုဏ္ဏား၊ ဒါပေမဲ့ သင်သွားပါ၊ သွားပြီး သိပါလိမ့်မယ်'

ပုဏ္ဏားက တွေးတယ်။

'ရဟန်းဂေါတမဟာ ရှာ၊ နိဂုံး၊ နိုင်ငံရဲ့အပူဇော်ခံ ပုဂ္ဂိုလ်ဖြစ်တယ်၊ သွားပြီး ပေါက်တက်ကရစကားကို ပြောပြီး ခြိမ်းခြောက်လို့ မဖြစ်နိုင်၊ ရဟန်းဂေါတမကို ပြဿနာတစ်ခု ပဲ မေးမယ်'

အဲဒီလိုတွေးပြီး သွားရင်းပဲ 'ဘာကိုဖြတ်တောက်ရင် ချမ်းသာစွာ နေရပါသလဲ'စတဲ့ ဂါထာစကားကို စီစဉ်တယ်။ 'ငါဟာ ဘယ်သူ့ကိုသတ်တာကို သဘောကျတယ်'လို့ ရဟန်းဂေါတမက ပြောခဲ့ရင် အဲဒီအခါ ရဟန်းဂေါတမကို 'သင်မကြိုက်တဲ့သူတွေကို သင်က သတ်ချင်တယ်၊ သင်ဟာ လောကကို သတ်ဖို့ဖြစ်ပေါ်လာတယ်။ သင့်မှာ ရဟန်းအဖြစ် နဲ့ အကျိုးမရှိ'လို့ ပြောကာ နှိပ်ကွပ်မယ်။ 'ဘယ်သူ့ကိုမှ သတ်တာကို ငါမကြိုက်'လို့ ရဟန်းဂေါတမက ပြောခဲ့ရင် အဲဒီအခါ ရဟန်းဂေါတမကို 'သင်ဟာ ရာဂစတဲ့အကုသိုလ် တွေကိုတောင် သတ်တာကို မကြိုက်၊ ဘာကြောင့် ရဟန်း လုပ်ပြီး လှည့်လည်နေသလဲ'လို့ နှိပ်ကွပ်မယ်။ အဲဒီလိုဆိုရင် အစွန်းနှစ်ဖက်ထွက်တဲ့ ဒီပြဿနာကို ရဟန်းဂေါတမဟာ ငုံလည်း မငုံနိုင်၊ ထွေးလည်း မထွေးနိုင်ဖြစ်လိမ့်မယ်'လို့ တွေးကာ စိတ်ဆိုးဆိုးနဲ့ ဘုရားရှင်ထံ ချဉ်းကပ်တယ်။

http://www.dhammadownload.com



ပုဏ္ဏားက ပညာရှိလို့ အမျက်ထွက်ကြောင်းမပြဘဲ ဘုရားရှင်နဲ့ ဝမ်းမြောက်ဝမ်းသာစကား၊ တစ်သက် အမှတ်ရဖွယ်စကားကို ပြောတယ်။ ပြောပြီး သင့်တင့်ရာအရပ်မှာထိုင်ကာ ဘုရားရှင်ကို မေးတယ်။

'ဘာကို ဖြတ်တောက်ပြီးရင် ချမ်းသာစွာ နေရပါသလဲ၊ ဘာကိုဖြတ်တောက်ပြီးရင် ဝမ်းမနည်းရပါသလဲ။ အရှင်ဂေါတမ၊ သင်ဟာ အဘယ်တရားတစ်ခုကို သတ်တာနှစ်သက်ပါသလဲ'

ဘုရားရှင်က 'ဒေါသကိုဖြတ်ရင် ချမ်းသာစွာ နေရတယ်။ ဝမ်းမနည်းရ၊ ဒေါသသတ်တာကို အရိယာတွေက ချီးမွမ်းကြတယ်'လို့ ဖြေကြားရာ ဘာရဒွါဇပုဏ္ဏားဟာ သဘောကျသွားပါတယ်။ ရတနာသုံးပါးကို ဆည်းကပ်သူ ဖြစ်သွားပါတယ်။ ရှင် ရဟန်းလည်းဖြစ်သွားပါတယ်။ ရဟန်းဖြစ်ပြီး မကြာခင် တစ်ပါးတည်းနေကာ ကြိုးစားအားထုတ်လိုက်ရာ ရဟန္တာဖြစ်သွားပါတယ်။ အရှင်ဘာရဒွါဇဟာ ရဟန္တာတွေထဲမှာ တစ်ပါးအပါအဝင် ဖြစ်သွားပါတယ်။

(သံ၊ ဋ္ဌ၊ ပ၊ ၂၀၇၊ သံ၊ ပါဠိ၊ ပ၊ ၁၆၂)

ဒေါသဖြစ်လာရင် ဖြစ်နေသူရဲ့ကိုယ်မှာရော စိတ်မှာပါ ပူလောင်နေပါတယ်။ ပင်ပန်းနေပါတယ်။ ဆင်းရဲနေပါတယ်။ ဘေးကလူက ကြည့်နေရင် ဒေါသမွှန်ပြီး ပြောဆိုပြုလုပ်သမျှတွေဟာ အရူးတစ်ယောက်ရဲ့ အမူအရာတွေနဲ့

http://www.dhammadownload.com



တူနေပါတယ်။ ဇာတ်အဋ္ဌကထာ၊ ဒရီမုခဇာတ်မှာ 'ကောစုမ္ဗတ္တကော ဒေါသ၀သံ ဂတော၊ ဒေါသအရှုံးဟာ ဒေါသရဲ့အလိုကို လိုက်နေရတယ်'ဆိုတာ မှန်ပါပေတယ်။

## အနာဟောင်း

လောကမှာ တချို့လူတွေက ဒေါသကြီးတယ်။ စိတ်မှာ ပြင်းစွာ ပူလောင်မှုများတယ်။ သူ့ကို စကားအနည်းငယ် လေး ပြောလိုက်တာနဲ့တောင် ဒေါသထွက်တယ်။ ရန်ငြိုးဖွဲ့ တယ်။ စိတ်ပြောင်းသွားတယ်။ ခက်ထန်သွားတယ်။ အမျက်၊ ဒေါသ၊ မကျေနပ်မှုကို ပြတယ်။ ဥပမာ– အနာဟောင်းကို ထင်း သို့မဟုတ် အိုးခြမ်းကွဲနဲ့ ထိခိုက်မိရင် အလွန်အကဲပဲ အရေတွေ ထွက်ကျယိုစီးသလိုပါပဲ။ အဲဒီလိုပုဂ္ဂိုလ်ကို အနာ ဟောင်းနဲ့တူတဲ့ စိတ်ရှိသူလို့ ဘုရားရှင်က ဟောတော်မူထား ပါတယ်။ (အံ၊ ပါဠိ၊ ပ၊ ၁၂၁)

အနာဟောင်း၊ အနာဆွေးဆိုတာ သူ့သဘာ၀ကိုကပဲ ပြည်၊ သွေး၊ အရည်ဆိုတဲ့ အရာ ၃ မျိုး ယိုထွက်ပါတယ်။ အထိခိုက်ခံရရင်တော့ အဲဒီအရာ ၃ မျိုးတွေ အလွန်အကဲပဲ ယိုစီးပါတယ်။ (အံ၊ ဋ္ဌ၊ ၃၊ ၉၂)

အနာဟောင်း၊ အနာဆွေးနဲ့တူတဲ့ စိတ်ထားရှိသူ ဒေါသသမားတွေကို လျစ်လျူရှုဖို့၊ မပေါင်းသင်း၊ မဆက်ဆံ၊

http://www.dhammadownload.com



မဆည်းကပ်ဖို့ ဘုရားရှင်က ညွှန်ကြားဆုံးမထားပါသေးတယ်။

အဲဒီလို ဒေါသကြီးတဲ့ပုဂ္ဂိုလ်ကို နောက်ထပ် ဥပမာ ၂ ခုနဲ့လည်း နှိုင်းယှဉ်ကာ ဘုရားရှင်က မိန့်တော်မူထားပါသေးတယ်။ အဲဒီဥပမာ ၂ ခုက ဒီလိုဖြစ်ပါတယ်။

တည်သားမီးစကို ထင်း သို့မဟုတ် အိုးခြမ်းကွဲနဲ့ ထိခိုက်မိရင် အလွန်အကဲ စိဋ်စိဋ် စိဋ်စိဋ်လို့ အသံမြည်သလိုပါပဲ။

ကျင်ကြီးတွေပြည့်နေတဲ့တွင်းကို (တစ်နည်း၊ ကျင်ကြီးပုံကို) ထင်း သို့မဟုတ် အိုးခြမ်းနဲ့ သွားထိုးလိုက်၊ ထိခိုက်လိုက်ရင် အလွန်အကဲ အနံ့ဆိုးသလိုပါပဲ။

အဲဒီလိုဒေါသကြီးသူကို လျစ်လျူရှုရ၊ မပေါင်းသင်း၊ မဆက်ဆံ၊ မဆည်းကပ်ရခြင်းရဲ့ အကြောင်းကတော့ အဲဒီဒေါသကြီးသူက သင့်ကို ဆဲချင်လည်း ဆဲနိုင်တယ်။ ရေရွတ်အပြစ်တင်ချင်လည်း ရေရွတ်အပြစ်တင်နိုင်တယ်။ အကျိုးမဲ့ကိုလည်း ပြုလုပ်နိုင်တယ်။ ဒါကြောင့်ပါပဲ။

(အံ၊ ပါဠိ၊ ပ၊ ၁၂၄)

အဲဒီလို ဒေါသကြီးသူကို အလွန်အကဲ ပေါင်းသင်းဆည်းကပ်ရင်လည်း သူက စိတ်ဆိုးတာပါပဲ။ 'ဒီလိုဒေါသကြီးသူနဲ့ အကျိုးမရှိ'လို့ ဆုံးဖြတ်ကာ ဖဲခွာသွားရင်လည်း သူက စိတ်ဆိုးတာပါပဲ။ ဒါကြောင့် သူ့ကို ကောက်ရိုးမီးလို

http://www.dhammadownload.com



ပဲ လျစ်လျူရှုရပါတယ်။ မပေါင်းသင်း၊ မဆည်းကပ်ရပါ။ ဆိုလိုတာကတော့ ကောက်ရိုးမီးကို အလွန်ချဉ်းကပ်ပြီး လှုံရင် အဲဒီလှုံသူရဲ့ ခန္ဓာကိုယ်ဟာ မီးလောင်ခံရပါတယ်။ အလွန်အကဲ နောက်ဆုတ်ခွာပြီး မီးလှုံရင် အဲဒီလှုံသူမှာ အချမ်းမပြေ၊ အလွန်မကပ်၊ အလွန်မခွာဘဲ အလယ်အလတ် အနေအထားနဲ့ မီးလှုံရင် အချမ်းပြေပါတယ်။ ဒါကြောင့် အဲဒီလိုဒေါသကြီးသူကို ကောက်ရိုးမီးလိုပဲ အလယ်အလတ် အနေအထားနဲ့ မီးလှုံရင် အချမ်းပြေပါတယ်။ ဒါကြောင့် အဲဒီလိုဒေါသကြီးသူကို ကောက်ရိုးမီးလိုပဲ အလယ်အလတ် အနေနဲ့ လျစ်လျူရှုရပါတယ်။ မပေါင်းသင်း၊ မဆက်ဆံ၊ မဆည်းကပ်ရပါ။ (အံ၊ ၃၊ ၃၊ ၉၄)

ကိုယ့်ဝန်းကျင်မှာ အဲဒီလို ဒေါသကြီးသူတွေကို တွေ့ရတတ်ပါတယ်။ တွေ့ရတဲ့အခါ နေတတ်ထိုင်တတ်ရှိမှသာ ချမ်းသာရာရနိုင်ပါတယ်။ ဘုရားရှင်က လူ့လောကမှာ နေထိုင်နည်းကို သင်ပြပေးတော်မူထားပါပေတယ်။

## ဥတ္တရာ

ဥတ္တရာရဲ့ဖခင်ဟာ ပုဏ္ဏသူဌေးဖြစ်ပါတယ်။ ပုဏ္ဏက ရာဇဂြိုဟ်မြို့က သုမနသူဌေးထံ အခစားအလုပ် လုပ်ခဲ့တဲ့ ဆင်းရဲသား ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာအား ပုဏ္ဏက ဒန်ပူနဲ့

http://www.dhammadownload.com



မျက်နှာသစ်ရေကို လှူခဲ့ပါတယ်။ ပုဏ္ဏမယားက အရှင်သာရိပုတ္တရာအား ဆွမ်းလှူပါတယ်။ အဲဒီကောင်းမှုကြောင့် ပုဏ္ဏဟာ သူဌေးဖြစ်သွားပါတယ်။ သူဌေးဟောင်းရဲ့ အိမ်နေရာမှာ အိမ်ဆောက်ခိုင်းပြီး အိမ်တက်မင်္ဂလာနဲ့ ထီးတင်မင်္ဂလာကို တစ်ပေါင်းတည်း ပြုလုပ်တဲ့အခါ ၇ ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအား အလှူလှူတယ်။ အဲဒီအခါ ပုဏ္ဏအား ဘုရားရှင်က အနုမောဒနာပြုတဲ့အခါ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောတယ်။ တရားစကားအဆုံးမှာ ပုဏ္ဏသူဌေးရော၊ သူဌေးကတော်ရော၊ သမီးဥတ္တရာပါ သုံးယောက်စလုံး သောတာပန်ဖြစ်ကြတယ်။ နောင်အခါမှာ ရာဇဂြိုဟ်သူဌေးက ပုဏ္ဏသူဌေးရဲ့သမီး ဥတ္တရာကို သူ့ရဲ့သားအတွက် စကားကြောင်းလှမ်းတယ်။ ပုဏ္ဏသူဌေးက 'ငါ မပေးဘူး'လို့ ပြောတယ်။ ရာဇဂြိုဟ်သူဌေးက 'ဒီလိုမလုပ်ပါနဲ့၊ ဒီလောကီကာလပတ်လုံး ငါတို့ကိုမှီပြီး နေလျက်သာ သင်ဟာ စည်းစိမ်ကို ရခဲ့တယ်။ ငါ့သားအား သင့်သမီးဥတ္တရာကို ပေးပါ'လို့ ပြောတယ်။

'သင့်သားက မိစ္ဆာဒိဋ္ဌိ (ဘာသာခြားအယူရှိသူ) ဖြစ်တယ်။ ငါ့သမီးက ရတနာသုံးပါးနဲ့ ကင်းကွာပြီး နေလို့ မဖြစ်။ သင့်သားအား ငါ့သမီးကို မပေးအံ့'လို့ ပြောတယ်။ အဲဒီအခါ ပုဏ္ဏသူဌေးကို များစွာသော သူဌေးအပေါင်းစတဲ့ အမျိုးကောင်းသားတွေက 'အဲဒီရာဇဂြိုဟ်သူဌေးသားနဲ့

http://www.dhammadownload.com



အကျွမ်းဝင်မှုကို မဖျက်ခွဲပါနဲ့၊ သူ့အား သမီးကိုပေးလိုက်ပါ' လို့ တောင်းဆိုကြတယ်။ ပုဏ္ဏသူဌေးက အဲဒီအမျိုးကောင်းသားတွေရဲ့စကားကို လက်ခံပြီး ဝါဆိုလပြည့်နေ့မှာ သမီးကို ပေးလိုက်တယ်။ ဥတ္တရာဟာ လင့်အိမ်ရောက်တဲ့အချိန်ကစပြီး ရဟန်း ရဟန်းမထံ ချဉ်းကပ်ခွင့်၊ အလှူလှူခွင့်၊ တရားနာခွင့်ကို မရခဲ့။ အဲဒီလို ၂ လခွဲ လွန်တဲ့အခါ အနီးမှာ ရပ်တည်နေတဲ့ အလုပ်အကျွေးမကို မေးတယ်။

'အခု ဝါတွင်းကာလမှာ ဘယ်လောက်အချိန် ကျန်သေးလဲ'

'အရှင်မ၊ ၁၅ ရက်ပါ'

ဥတ္တရာက ဖခင်ထံ 'ဘာကြောင့် ကျွန်မကို ဒီလိုထောင်ထဲမှာ ထည့်ထားကြပါသလဲ။ ကျွန်မကို တံဆိပ်ခတ်နှိပ်ပြီး သူတစ်ပါးတွေရဲ့ ကျွန်အလုပ်ခိုင်းတာကမှ ကောင်းပါသေးတယ်။ ဒီလိုဘာသာခြားအိမ်မှာ ပေးလိုက်ဖို့ မသင့်ပါ။ ရောက်တဲ့အချိန်ကစပြီး ရဟန်းတွေ ဖူးတွေ့ရခြင်းစတဲ့ ကောင်းမှုတွေထဲက တစ်ခုကိုတောင်မှ ပြုခွင့်မရပါ'လို့ သတင်းပို့လိုက်ပါတယ်။ အဲဒီအခါ ဥတ္တရာရဲ့ဖခင်မှာ 'ငါ့သမီးဟာ ဆင်းရဲနေရှာတယ်'လို့ စိတ်မကောင်းဖြစ်ကာ 'ဒီမြို့မှာ သိရိမာဆိုတဲ့ ပြည့်တန်ဆာမရှိတယ်။ နေ့တိုင်း တစ်ထောင်ယူတယ်။ ဒီအသပြာတွေနဲ့ သိရိမာကို ခေါ်ပြီး လင်ရဲ့ခြေရင်းအလုပ်အကျွေး အလုပ်ခိုင်းကာ ကိုယ်တိုင်က

http://www.dhammadownload.com



ကောင်းမှုတွေကို ပြုလုပ်ပါ'လို့ အသပြာ ၁၅၀၀၀ ကို ပို့လိုက်တယ်။ ဥတ္တရာက သိရိမာကို အခေါ်ခိုင်းပြီး 'သူငယ်ချင်းမ၊ ဒီအသပြာတွေကိုယူပြီး ဒီ ၁၅ ရက်ပတ်လုံး သင့်သူငယ်ချင်းကို ပြုစုလုပ်ကျွေးပါ'လို့ပြောတယ်။ သိရိမာက 'ကောင်းပါပြီ'လို့ ဝန်ခံတယ်။ ဥတ္တရာက သိရိမာကို ခေါ်ယူပြီး လင့်ထံသွားကာ လင်က သိရိမာကိုမြင်ပြီး 'ဒါက ဘာလဲ'လို့ မေးတယ်။ 'အို အရှင်၊ ဒီ ၁၅ ရက်ပတ်လုံး ငါ့သူငယ်ချင်းမက သင့်ကိုပြုစုလုပ်ကျွေးပါစေ၊ ငါကတော့ ဒီ ၁၅ ရက်ပတ်လုံး အလှူလည်းလှူချင်တယ်၊ တရားလည်း နာချင်တယ်'လို့ ပြောတယ်။ လင်က အဲဒီမိန်းမချော သိရိမာကို မြင်ပြီး ချစ်သွားကာ 'ကောင်းပြီ'လို့ လက်ခံတယ်။

ဥတ္တရာကလည်း ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ပင့်ဖိတ်ပြီး 'မြတ်စွာဘုရား၊ ဒီ ၁၅ ရက်ပတ်လုံး အခြားအရပ်ကို မကြွဘဲ ဒီအရပ်မှာပဲ ဆွမ်းကိုခံယူထိုက်ပါတယ်'လို့ ဘုရားရှင်ရဲ့ ပဋိညာဉ်ကိုယူပြီး 'ငါဟာ အခုအချိန်ကစပြီး မဟာပဝါရဏာနေ့ (သီတင်းကျွတ်လပြည့်နေ့) တိုင်အောင် ဘုရားရှင်ကို ပြုစုခွင့်၊ တရားနာခွင့်ရတော့မယ်'လို့ တွေးကာ ဝမ်းသာတယ်။ 'ဒီလို ယာဂုကိုကျိုကြ၊ မုန့်တွေကို ဒီလို ကြော်ကြ'လို့ မီးဖိုချောင်မှ ကိစ္စအားလုံးကို စီမံရင်း လှည့်လည်တယ်။ အဲဒီအခါ ဥတ္တရာရဲ့လင်က 'နက်ဖြန်မှာ ပဝါရဏာဖြစ်လိမ့်မယ်'လို့ ကြံကာ မီးဖိုချောင်ဘက် ရှေးရှုကာ

http://www.dhammadownload.com



လေသာပြတင်းမှာ ရပ်နေတယ်။ 'ဒီအမိုက်မက ဘာကိုလုပ်ရင်း လှည့်လည်နေသလဲ'လို့ ကြည့်တဲ့အခါ အဲဒီဥတ္တရာမှာ ချွေးတွေစိုနေတာ၊ ပြာတွေပေနေတာ၊ မီးကျီးသွေးလိမ်းကျံနေတာ၊ အဲဒီလိုစီမံပြီး လှည့်လည်နေတာကို မြင်သွားတယ်။ 'မိုက်ကန်းတဲ့မိန်းမဟာ ဒီလိုနေရာမှာ ဒီစည်းစိမ်ချမ်းသာကို မခံစားလေစွတကား၊ ကတုံးစုတ်ရဟန်းတွေကို ပြုစုမယ်လို့ ကြံကာ ပျော်ရွှင်စွာ လှည့်လည်နေတယ်'လို့ ရယ်ပြီး ဖဲသွားတယ်။

ဥတ္တရာရဲ့လင်က ဖဲသွားတဲ့အခါ သူ့အနီးမှာရပ်နေတဲ့ သိရိမာက 'ဒီယောကျ်ားဟာ ဘာကိုကြည့်ပြီး ရယ်နေသလဲ' လို့ အဲဒီလေသာပြတင်းကပဲ ကြည့်လိုက်တဲ့အခါ ဥတ္တရာကို မြင်ပြီး 'ဒီမိန်းမကို ကြည့်ပြီး ဒီယောကျ်ားက ရယ်တာပဲ။ ဒီယောကျ်ားက ဒီမိန်းမနဲ့အတူ သေချာပေါက် ပေါင်းဖော်တာ ရှိတယ်'လို့ ကြံတယ်။ သိရိမာက ၁၅ ရက်ပတ်လုံး အဲဒီအိမ်မှာ အပြင်ပမိန်းမအဖြစ်နဲ့ နေရပေမယ့် ဒီစည်းစိမ်ချမ်းသာကို ခံစားရင်း သူမရဲ့အပြင်မိန်းမအဖြစ်ကို မသိဘဲ 'ငါဟာ အိမ်ရှင်မပဲ'လို့ ထင်မှတ်သွားတယ်။ သိရိမာက ဥတ္တရာအပေါ် ရန်ငြိုးဖွဲ့ပြီး 'ဥတ္တရာအပေါ် ဒုက္ခပေးမယ်'လို့ ကြံကာ ပြာသာဒ်ပေါ်က ဆင်းသွားတယ်။ မီးဖိုချောင်ထဲဝင်ပြီး မုန့်ကြော်နေတဲ့နေရာက ကျွက်ကျွက်ဆူ ပူလောင်နေ

http://www.dhammadownload.com



တဲ့ထောပတ်ကို ဇွန်းနဲ့ယူကကာ ဥတ္တရာဆီသွားတယ်။ ဥတ္တရာက သိရိမာ လာနေတာကို မြင်ရပြီး 'ငါ့ရဲ့သူငယ်ချင်းမက ငါ့အား ကျေးဇူးပြုထားတယ်။ စကြဝဠာက အလွန်ကျဉ်းမြောင်းပါသေးတယ်။ ဗြဟ္မာ့ပြည်က အလွန်နိမ့်ပါသေးတယ်။ ငါ့သူငယ်ချင်းမရဲ့ကျေးဇူးကသာ ကြီးကျယ်ပါပေတယ်။ မှန်တယ်။ ငါဟာ သူမကိုအမှီပြုပြီး အလှူလှူခွင့်၊ တရားနာခွင့်ရတယ်။ သိရိမာအပေါ် ဒေါ်သထွက်မိရင် ဒီထောပတ်က ငါ့ကိုပူလောင်ပါစေ၊ ဒေါ်သမရှိရင် မပူလောင်ပါစေနဲ့'လို့ သိရိမာကို မေတ္တာနဲ့ဖြန့်တယ်။ ဥတ္တရာခေါင်းအပေါ် သိရိမာက လောင်းလိုက်တဲ့ ထောပတ်ပူဟာ ရေအေးလို ဖြစ်သွားတယ်။ 'ဒီထောပတ်က အေးသွားတာဖြစ်လိမ့်မယ်'လို့ တွေးပြီး ဇွန်းအပြည့်ယူကာ လာနေတဲ့ သိရိမာကို ဥတ္တရာရဲ့ကျွန်မတွေက မြင်ပြီး 'အယုတ်မ၊ ဖဲလော့၊ သင်က ငါတို့ရဲ့အရှင်မအပေါ် ထောပတ်ပူကို သွန်လောင်းဖို့မသင့်'လို့ ခြိမ်းခြောက်ကာ ဟိုမှ ဒီမှ ထလာကြတယ်။ လက်တွေနဲ့ ရော၊ ခြေတွေနဲ့ပါ ရိုက်ပုတ်ပြီး မြေကြီးပေါ်လဲကျစေကြပါတယ်။ ဥတ္တရာက တားမြစ်ပေမယ့်လည်း မတားမြစ်နိုင်။ အဲဒီအခါ သိရိမာရဲ့အပေါ်က ရပ်တည်နေတဲ့ ကျွန်မတွေအားလုံးကို တားမြစ်ပြီး 'သင်က ဘာလို့ ဒီလိုဝန်လေးတဲ့ အလုပ်ကို လုပ်ရတာလဲ'လို့ သိရိမာကို ဆုံးမပြီး ရေနွေးနဲ့

http://www.dhammadownload.com



ရေချိုးခိုင်းကာ အကြိမ်တစ်ရာချက်ထားတဲ့ ဆီနဲ့လိမ်းကျံပေးတယ်။ အဲဒီခဏမှာ သိရိမာဟာ သူမရဲ့အပြင်မိန်းမအဖြစ်ကို သိသွားပြီး ကြံတယ်။

'လင့်ရဲ့ ရယ်ရွှင်မှုမျှကြောင့် ဒီဥတ္တရာအပေါ် ထောပတ်ပူကို လောင်းတဲ့ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိပေတယ်။ ဒီဥတ္တရာ 'အဲဒီသိရိမာကို သင်တို့ဖမ်းယူကြ'လို့ ကျွန်မတွေကို မစေခိုင်း၊ ငါ့ကိုညှဉ်းဆဲတဲ့အခါမှာလည်း ကျွန်မအားလုံးကိုတားမြစ်ပြီး ငါ့အပေါ် လုပ်ထိုက်တာကိုပဲ လုပ်ပေးတယ်။ ငါက ဒီဥတ္တရာကို မတောင်းပန်ရင် ငါ့ဦးထိပ်ဟာ ၇ ပိုင်း ကွဲသွားနိုင်တယ်'လို့ တွေးကာ ဥတ္တရာရဲ့ခြေရင်းမှာ လဲလျောင်းပြီး ပြောတယ်။

'အရှင်မ... ကျွန်မကို သည်းခံပါ'

'ငါဟာ အဖေရှိတဲ့သမီးပါ။ ငါ့အဖေ သည်းခံရင် ငါသည်းခံပါမယ်'

'အရှင်မ... ရှိပါစေ၊ သင့်ရဲ့ဖခင် ပုဏ္ဏသူဌေးကို တောင်းပန်ပါမယ်'

'ပုဏ္ဏဟာ ငါ့ရဲ့ဝဋ်ဆင်းရဲကို ဖြစ်စေတဲ့ ဖခင်ပါ။ နိဗ္ဗာန်ကိုဖြစ်စေတဲ့ ဖခင် သည်းခံရင်တော့ ငါသည်းခံပါမယ်'

'သင့်ရဲ့နိဗ္ဗာန်ကိုဖြစ်စေတဲ့ ဖခင်က ဘယ်သူပါလဲ'

'ဘုရားရှင်ပါ'

'ဘုရားရှင်နဲ့အတူ ငါမရင်းနှီးပါ'

http://www.dhammadownload.com



'ငါလုပ်ပါမယ်။ ဘုရားရှင်က ရဟန်းသံဃာကို ခေါ်ယူပြီး ဒီကိုကြွလာပါလိမ့်မယ်။ သင်ဟာ ရသမျှပူဇော်ဖွယ်ကို ယူပြီး ဒီနေရာကိုပဲ လာကာ အဲဒီဘုရားရှင်ကို တောင်းပန်ပါ'

'အရှင်မ၊ ကောင်းပါပြီ'

သိရိမာဟာ နေရာမှထကာ သူ့အိမ်ကို သွားပြီး အခြံအရံမိန်းမ ၅၀၀ ကို စေခိုင်းတယ်။ ခဲဖွယ်အမျိုးမျိုး၊ ဟင်းလျာအမျိုးမျိုးတို့ကို စီမံပြီး နောက်နေ့မှာ အဲဒီလှူဖွယ်ကိုယူကာ ဥတ္တရာရဲ့အိမ်ကို လာတယ်။ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာရဲ့ သပိတ်ထဲ တည်စေခြင်းငှာ မစွမ်းနိုင်လို့ ရပ်တည်နေတယ်။ အဲဒီလှူဖွယ်အားလုံးကိုယူပြီး ဥတ္တရာကပဲ စီမံတယ်။ သိရိမာလည်း ဆွမ်းကိစ္စအဆုံးမှာ အခြံအရံနဲ့ အတူ ဘုရားရှင့်ခြေရင်းမှာ လဲလျောင်းတယ်။ အဲဒီအခါ ဘုရားရှင်က သိရိမာကို မေးပါတယ်။

'သင့်ရဲ့အပြစ်က ဘာလဲ'

'မြတ်စွာဘုရား၊ တပည့်တော်က မနေ့က ဒီမည်တဲ့ အမှုကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ပါလျက် တပည့်တော်ရဲ့ သူငယ်ချင်းမက တပည့်တော်ကို နှိပ်စက်ညှဉ်းပန်းတဲ့ ကျွန်မတွေကို တားမြစ်ပြီး တပည့်တော်အား ကျေးဇူးကိုသာ ပြုလုပ်ခဲ့ပါတယ်။ တပည့်တော်ဟာ ဥတ္တရာရဲ့ကျေးဇူးကို သိပြီး ဥတ္တရာကို တောင်းပန်ခဲ့ပါတယ်။ တောင်းပန်တဲ့အခါ

http://www.dhammadownload.com



တပည့်တော်ကို ဥတ္တရာက 'ဘုရားရှင် သည်းခံရင် သည်းခံမယ်'လို့ ပြောပါတယ်'

'ဥတ္တရာ၊ အဲဒီအတိုင်း မှန်သတဲ့လား'

'မှန်ပါဘုရား၊ တပည့်တော်ရဲ့သူငယ်ချင်းမက တပည့်တော်ရဲ့ ဦးခေါင်းပေါ် ထောပတ်ပူကို လောင်းခဲ့ပါတယ်'

'အဲဒီအခါ သင်က ဘာကိုကြံစည်နေသလဲ'

'စကြဝဠာဟာ အလွန်ကျဉ်းမြောင်းတယ်၊ ဗြဟ္မာ့ပြည်ဟာ အလွန်နိမ့်တယ်။ ငါ့သူငယ်ချင်းမရဲ့ ကျေးဇူးကသာ ကြီးမြတ်တယ်။ မှန်တယ်၊ ငါဟာ သိရိမာကိုမှီပြီး အလှူလှူခွင့်၊ တရားနာခွင့်ကို ရခဲ့ပါတယ်။ သိရိမာအပေါ် ငါ့မှာ ဒေါသရှိခဲ့ရင် ဒီထောပတ်က ငါ့ကိုပူလောင်ပါစေ၊ မရှိရင် မပူလောင်ပါစေနဲ့'လို့ ကြံကာ သိရိမာကို မေတ္တာနဲ့ဖြန့်ခဲ့ပါတယ် ဘုရား'

'ဥတ္တရာ... သာဓု သာဓု သာဓု။ ဒေါသကို ဒီလို အောင်နိုင်သင့်တယ်။ အမျက်ထွက်သူကို အမျက်မထွက်မှုနဲ့ အောင်နိုင်ထိုက်တယ်။ ဆဲရေး၊ ကြိမ်းမောင်းသူကို မဆဲရေးမှု၊ မကြိမ်းမောင်းမှုနဲ့ အောင်နိုင်ထိုက်တယ်။ နှမြောအားကြီးသူကို ကိုယ့်ဥစ္စာပေးမှုနဲ့ အောင်နိုင်ထိုက်တယ်။ လိမ်ညာပြောသူကို အမှန်စကားနဲ့ အောင်နိုင်ထိုက်တယ်'

အဲဒီတရားဒေသနာအဆုံးမှာ သစ္စာလေးပါးကို ဟောပါတယ်။ သစ္စာတရားအဆုံးမှာ သိရိမာဟာ မိန်းမ ၅၀၀ နဲ့အတူ သောတာပန်ဖြစ် တယ်။ (ဓမ္မပဒ၊ ၌၊ ဒု၊ ၁၉၆)

http://www.dhammadownload.com



သစ္စာတရားအဆုံးမှာ ဥတ္တရာဟာ သကဒါဂါမ် ဖြစ်သွားပါတယ်။ ဥတ္တရာရဲ့လင်နဲ့ ယောက္ခမ နှစ်ယောက်လုံးဟာ သောတာပန်ဖြစ်သွားကြပါတယ်။ နောင်အခါမှာ ဥတ္တရာဟာ သေပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်။ နတ်ပြည်ခရီး လှည့်လည်တဲ့ အရှင်မဟာမောဂ္ဂလ္လာန်က ဥတ္တရာကို မြင်ရပြီး ရှေးကံကို မေးလို့ ဥတ္တရာက ဖြေရပါသေးတယ်။ (ဝိမာန၊ ၄၊ ၆၂)

ဥတ္တရာဟာ ဒေါသကို အနိုင်ယူနိုင်တဲ့ တကယ့် အာဇာနည်သူတော်ကောင်းမလေးပါပဲ။ ဥတ္တရာကို အတုယူပြီး ဒေါသကို အောင်နိုင်သူဖြစ်အောင် ကြိုးစားသင့်ကြပါတယ်။

## ရောဟိနီ

တစ်ချိန်မှာ အရှင်အနုရုဒ္ဓါက ရဟာန်း ၅၀၀ နဲ့အတူ ကပိလဝတ်ကို သွားပါတယ်။ အဲဒီအခါ သူ့ဆွေမျိုးတွေက 'မထေရ် ကြွလာပြီ'လို့ ကြားပြီး မထေရ်ထံလာကြတယ်။ မထေရ်ရဲ့နှမ ရောဟိနီကတော့ မလာပါ။ မထေရ်က ဆွေမျိုးတွေကို မေးပါတယ်။

'ရောဟိနီ ဘယ်မှာလဲ'

'အိမ်ထဲမှာပါ ဘုရား'

http://www.dhammadownload.com



'ဘာကြောင့် ဒီကိုမလာတာလဲ'

'သူမရဲ့ခန္ဓာကိုယ်မှာ ကိုယ်ရေပြားရောဂါ ဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါဘုရား'

'သူမကို ခေါ်လိုက်ကြပါ'

မထေရ်က အခေါ်ခိုင်းပြီး အဝတ်သင်တိုင်းကိုစွပ်ကာ လာတဲ့ ရောဟိနီကို မေးပါတယ်။

'ရောဟိနီ… ဘာလို့မလာတာလဲ'

'တပည့်တော်မရဲ့ခန္ဓာကိုယ်မှာ အရေပြားရောဂါ ဖြစ်ပေါ်နေလို့ ရှက်တဲ့အတွက် မလာတာပါ ဘုရား'

'သင်ဟာ ကောင်းမှုကို မလုပ်သင့်ဘူးလား'

'ဘာကိုလုပ်ရပါမလဲ ဘုရား'

'နေစရာဇရပ်ကို ဆောက်လုပ်ပါ'

'ဘာကိုယူပြီး လုပ်ရပါမလဲ'

'သင့်မှာ တန်ဆာဆင်စရာဘဏ္ဍာ မရှိဘူးလား'

'ရှိပါတယ် ဘုရား'

'ဘယ်လောက်တန်ဖိုးရှိလဲ'

'တစ်သောင်းတန်ဖိုး ရှိပါလိမ့်မယ်'

'ဒီလိုဆိုရင် အဲဒါကိုစွန့်လွှတ်ပြီး နေစရာဇရပ်ကို ဆောက်လုပ်ပါ'

'အရှင်ဘုရား… တပည့်တော်အတွက် ဘယ်သူက ဆောက်လုပ်ပေးမှာလဲ'

http://www.dhammadownload.com



မထေရ်က အနီးမှာ တည်ရှိနေတဲ့ ဆွေမျိုးတွေကို ကြည့်ကာ 'သင်တို့ရဲ့တာဝန် ဖြစ်ပါစေ'လို့ ပြောတယ်။

'အရှင်ဘုရား... အရှင်ဘုရားကကော ဘာကိုလုပ်မှာ ပါလဲ'

'ငါလည်း ဒီနေရာမှာပဲ ရှိမယ်။ ဒီလိုဆိုရင် သင်တို့ဟာ သူမအတွက် သစ်သားအဆောက်အဦးတွေကို သယ်ဆောင်ကြပါ'

'မှန်ပါ ကောင်းပါပြီ'လို့ လျှောက်ကာ အဲဒီဆွေမျိုးတွေက သယ်ဆောင်လာကြပါတယ်။

မထေရ်က နေရာဇရပ်ကို စီမံရင်း ရောဟိနီကို ပြောတယ်။

'ရောဟိနီ၊ သင်ဟာ နှစ်ထပ်ရှိတဲ့ နေရာဇရပ်ကို ဆောက်လုပ်စေပြီး အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့ အချိန်ကစပြီး ဇရပ်အောက်ထပ်မှာ အမြဲ တံမြက်လှည်းပြီး နေရာတွေကို ခင်းပါ။ အမြဲသောက်ရေအိုးတွေကို တည်ထားပါ'

ရောဟိနီက 'ကောင်းပါပြီ ဘုရား'လို့ လျှောက်ကာ တန်ဆာဆင်စရာဘဏ္ဍာကို စွန့်လွှတ်ပြီး နှစ်ထပ်ရှိ နေရာဇရပ်ကို ဆောက်လုပ်စေပါတယ်။ အပေါ်ထပ်မှာ ပျဉ်ချပ်တွေကို ခင်းပြီးတဲ့အချိန်ကစပြီး ဇရပ်အောက်ထပ် တံမြက်လှည်းခြင်းစတဲ့ အမှုတွေကို ပြုလုပ်တယ်။ အမြဲတမ်း ရဟန်း

http://www.dhammadownload.com



တွေက ထိုင်ကြတယ်။ အဲဒီအခါ နေရာဇရပ်ကို တံမြက်လှည်းနေစဉ်မှာပဲ သူမရဲ့ကိုယ်ရေပြားရောဂါဟာ ညှိုးနွမ်းသွားတယ်။ ရောဟိနီဟာ နေစရာဇရပ် ပြီးစီးသွားတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပင့်ပြီး နေရာဇရပ်ကို ပြည့်စေကာ ထိုင်နေတဲ့ ဘုရားအမှူးရှိရဟန်းအပေါင်းအား မွန်မြတ်တဲ့ စားဖွယ် ခဲဖွယ်ကို လှူတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးတဲ့အခါ မေးတယ်။

'ဒီအလှူက ဘယ်သူရဲ့အလှူလဲ'

'မြတ်စွာဘုရား… တပည့်တော်နှမ ရောဟိနီရဲ့ အလှူပါ ဘုရား'

'သူမက ဘယ်မှာလဲ'

'အိမ်ထဲမှာပါ ဘုရား'

'သူမကို ခေါ်လိုက်ကြပါ'

ရောဟိနီက မလာချင်ပါ။ မလာချင်ပေမယ့် ရောဟိနီကို ဘုရားရှင်က ခေါ်ခိုင်းတာပါပဲ။ လာပြီးတော့ ရှိခိုးကာ ထိုင်နေတဲ့ ရောဟိနီကို မေးပါတယ်။

'ရောဟိနီ၊ ဘာလို့မလာတာလဲ'

'မြတ်စွာဘုရား၊ တပည့်တော်မရဲ့ခန္ဓာကိုယ်မှာ အရေပြားရောဂါရှိလို့ ရှက်တဲ့အတွက် မလာတာပါ'

'သင့်မှာ အဲဒီရောဂါက ဘာကိုမှီပြီး ဖြစ်တယ်ဆိုတာ သိလား'

http://www.dhammadownload.com



'မသိပါ ဘုရား'

'သင့်ရဲ့ဒေါသကိုမှီပြီး ဖြစ်တယ်'

'မြတ်စွာဘုရား... တပည့်တော်က ဘာကိုလုပ်ခဲ့ပါသလဲ'

'ရောဟိနီ... ဒီလိုဆိုရင် နားထောင်ပါ'

အဲဒီအခါ ရောဟိနီအား ဘုရားရှင်က အတိတ်အကြောင်းအရာကို ပြောပြပါတယ်။

'ရှေးအခါက ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးဟာ မင်းရဲ့ကချေသည်မတစ်ယောက်အပေါ် ရန်ငြိုးဖွဲ့ပြီး 'အဲဒီကချေသည်မအပေါ် ဒုက္ခဖြစ်စေမယ်'လို့ တွေးကာ ခွေးလှေးယားသီးတွေကို ဆောင်ယူခိုင်းတယ်။ အဲဒီကချေသည်မကို သူမထံအခေါ်ခိုင်းပြီး ကချေသည်မ မသိအောင် ကချေသည်မရဲ့ အိပ်ရာမှာရော၊ ကော်ဇောစသည်တွေရဲ့ အကြားမှာပါ ခွေးလှေးယားသီးအမှုန့်တွေကို ထားခိုင်းတယ်။ ပြက်ရယ်ပြောင်လှောင်မှုကို ပြုသလိုနဲ့ ကချေသည်မရဲ့ ကိုယ်ပေါ်မှာလည်း ဖြန့်ကျဲတယ်။ အဲဒီခဏမှာပဲ ကချေသည်မရဲ့ ခန္ဓာကိုယ်ဟာ ဖူးဖူးရောင်ကာ အဖုအပိန့်တွေ ဖြစ်လာတယ်။ ကချေသည်မက ယားလို့ သွားပြီးအိပ်ရာပေါ် လဲလျောင်းတယ်။ အဲဒီမှာလည်း ခွေးလှေးယားအမှုန့်တွေက ခဲစားခံရလို့ ပြင်းထန်တဲ့ဆင်းရဲ ဖြစ်ပေါ်လာတယ်။ အဲဒီအခါမှာ မိဖုရားခေါင်ကြီးက ရောဟိနီဖြစ်ခဲ့တယ်။'

http://www.dhammadownload.com



ဘုရားရှင်က အဲဒီအတိတ်အကြောင်းအရာကို ပြော ပြီး 'ရောဟိနီ၊ အဲဒီအခါက သင်ဟာ အဲဒီအမှုကို ပြုခဲ့ တယ်။ ဒေါသ၊ ကြွဿာကို အနည်းငယ်လေးတောင် မပြု လုပ်သင့်သည်သာ'လို့ မိန့်ကာ အောက်ပါတရားစကားကို မိန့်ပါတယ်။

'ဒေါသ၊ မာနကို ပယ်စွန့်ရတယ်။ သံယောဇဉ် အားလုံးကို လွန်မြောက်ရပါတယ်။ နာမ်ရုပ်မှာ မငြိကပ်ဘဲ ကိလေသာကြောင့်ကြမှု မရှိသူထံ ဆင်းရဲတွေက မကျရောက် ကြပါ'

တရားဒေသနာအဆုံးမှာ တရားနာပရိသတ်များစွာ ဟာ သောတာပန်စသည် ဖြစ်ကြပါတယ်။ ရောဟိနီလည်း သောတာပန်ဖြစ်ပါတယ်။ အဲဒီခဏမှာ ရောဟိနီရဲ့ခန္ဓာကိုယ် ဟာ ရွှေအဆင်းလို အဆင်းရှိသွားပါတယ်။ ရောဟိနီဟာ လူ့ပြည်ကသေပြီး တာဝတိံသာနတ်ပြည်မှာ နတ်သား ၄ ယောက်ရဲ့ နယ်ပယ်အကြားမှာ ဖြစ်ပါတယ်။ သူမရဲ့ရုပ်ရည် က စိတ်ကို ကြည်လင်စေပါတယ်။ အလွန်တင့်တယ်ပါ တယ်။ နတ်သား၄ ယောက်လုံးကလည်း အဲဒီနတ်သမီး ကို မြင်ပြီး ချစ်ခင်သွားကြလို့ 'ငါ့နယ်ပယ်အတွင်းမှာ ဖြစ် တယ်။ ငါ့နယ်ပယ်အတွင်းမှာ ဖြစ်တယ်လို့ ငြင်းခုံကာ သိကြားမင်းထံ ရောက်သွားပြီး ပြောကြတယ်။'

'အရှင်သိကြားမင်း... ဒီနတ်သမီးကို အမှီပြုပြီး

http://www.dhammadownload.com



အကျွန်ုပ်တို့မှာ အငြင်းအခုံဖြစ်နေပါတယ်။ အဲဒါကို ဆုံးဖြတ်ပေးပါ'

သိကြားမင်းကလည်း အဲဒီနတ်သမီးကို မြင်ခြင်းချင်းပဲ ချစ်ခင်သွားလို့ ဒီလိုပြောပါတယ်။

'ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး သင်တို့ရဲ့စိတ်တွေ ဘယ်လိုဖြစ်ကြပါသလဲ'

အဲဒီအခါ နတ်သားတစ်ယောက်ပြီး တစ်ယောက် ဒီလိုပြောကြပါတယ်။

'အကျွန်ုပ်မှာ ဖြစ်တဲ့စိတ်က စစ်မြေပြင်က စည်ကြီးလိုပါပဲ၊ ကောင်းကောင်းငြိမ်ဝပ်မနေနိုင်ပါ'

'အကျွန်ုပ်ရဲ့စိတ်က တောင်ကျမြစ်ရေလို အလျင်အမြန် သူမဆီပဲ တစ်စီးတည်းစီးနေပါတယ်'

'အကျွန်ုပ် ဒီနတ်သမီးကို မြင်ရတဲ့အချိန်ကစပြီး ပုစွန်ရဲ့မျက်လုံးတွေလိုပဲ ထွက်နေကြပါတယ်'

'အကျွန်ုပ်ရဲ့စိတ်က စေတီမှာ စိုက်ထူထားတဲ့ တံခွန်လိုပဲ မတုန်လှုပ်အောင် မရပ်တည်နိုင်ပါ'

အဲဒီအခါ အဲဒီနတ်သား ၄ ယောက်ကို သိကြားမင်းက ပြောပါတယ်။

'မိတ်ဆွေတို့၊ သင်တို့ရဲ့စိတ်တွေကတော့ နိုပ်ကွပ်လို့ရတဲ့ သဘောရှိကြသေးတယ်။ ငါကတော့ ဒီနတ်သမီးကို ရရင် အသက်ရှင်ရပါလိမ့်မယ်၊ မရရင် ငါသေရပါလိမ့်မယ်'

http://www.dhammadownload.com



နတ်သားတွေက 'သိကြားမင်း၊ သင်သေရတာ အကျိုးမရှိပါ။ သင့်ကို မသေစေလိုပါ'လို့ ပြောကာ အဲဒီ နတ်သမီးကို သိကြားမင်းအားစွန့်လွှတ်ကာ ဖဲခွာသွားကြ ပါတယ်။ ရောဟိနီဟာ သိကြားမင်းရဲ့ ချစ်ခင်မြတ်နိုးရသူ လေး ဖြစ်သွားပါတယ်။ 'ဘယ်ပျော်ပွဲသဘင်ကို ငါတို့သွား ကြမယ်'လို့ ရောဟိနီက ပြောရင် သိကြားမင်းဟာ ရောဟိနီ ရဲ့စကားကို မဖယ်ရှားနိုင်ပါ။

(ဓမ္မပဒ၊ ဠ၊ ၃၊ ၁၉၂)

ဒေါသက ရောဟိနီကို လူတောမတိုးရဲတဲ့ဘဝဆိုးကို တောင် ရောက်စေခဲ့ပါတယ်။ ဒေါသနဲ့ သူတစ်ပါးဒုက္ခပေးခဲ့ လို့ ရောဟိနီမှာ ဒုက္ခလှလှကြီး ရောက်ခဲ့ပါတယ်။ ဒေါသ ကင်းသွားတော့လည်း နတ်လောကမှာ အလှဘုရင်မလေး ဖြစ်နေပါတော့တယ်။

## မလ္လိကာ
### (ဗန္ဓုလစစ်သူကြီးရဲ့ ဇနီး)

ဗန္ဓုလစစ်သူကြီးရဲ့ဇနီးကလည်း မလ္လိကာပဲ ဖြစ်ပါတယ်။ ကုသိနာရုံမြို့က မင်းသမီးဖြစ်တဲ့ မလ္လိကာဟာ ကြာရှည်စွာ သော ကာလပတ်လုံး သားသမီး မမွေးဖွားပါ။ အဲဒီအခါ မလ္လိကာကို ဗန္ဓုလက 'သင့်ရဲ့အမျိုးအိမ်ကိုပဲ သင်သွားပါ'လို့

http://www.dhammadownload.com



စေလွှတ်လိုက်တယ်။ မလ္လိကာက 'ဘုရားရှင်ကို ဖူးပြီးမှသာ ငါသွားမယ်'လို့ ကြံစည်ပြီး ဇေတဝန်ကျောင်းထဲ ဝင်ကာ ဘုရားရှင်ကို ရှိခိုးပြီး ရပ်တည်ရင်း မေးတယ်။

'သင် ဘယ်ကိုသွားမလို့လဲ'

'မြတ်စွာဘုရား၊ ခင်ပွန်းက တပည့်တော်ကို မိဘအိမ် ပြန်လွှတ်ပါတယ်'

'ဘာ့ကြောင့်လဲ'

'တပည့်တော်က သားသမီးမရှိတဲ့ အမြုံမဖြစ်လို့ပါ'

'ဒီလိုဆိုရင် သွားဖို့ကိစ္စမရှိပါ၊ ပြန်လှည့်ပါ'

မလ္လိကာဟာ ဝမ်းသာပြီး ဘုရားရှင်ကို ရှိခိုးကာ အိမ်ကိုသွားတယ်။

'သင် ဘာကြောင့် ပြန်လှည့်လာတာလဲ'

'ဘုရားရှင်က ပြန်လှည့်ခိုင်းလို့ပါ'

ဗန္ဓုလက 'အရှည်ကိုမြင်တဲ့ဘုရားရှင်က အကြောင်းကို မြင်ပြီးဖြစ်လိမ့်မယ်'လို့ တွေးကာ လက်ခံလိုက်တယ်။ မလ္လိကာဟာ မကြာခင်ပဲ ကိုယ်ဝန်ရကာ ချင်ခြင်းဖြစ်လာလို့ 'ကျွန်မမှာ ချင်ခြင်းဖြစ်နေတယ်'လို့ ပြောတယ်။

'ဘာချင်ခြင်းလဲ'

'အို အရှင်၊ ဝေသာလီမြို့က အဖွဲ့အစည်းမင်းမျိုးတို့ရဲ့ အဘိသိက်သွန်းရာမင်္ဂလာရေကန်မှာ သက်ဆင်းရေချိုးပြီး သောက်ရေကို သောက်လိုပါတယ်'

http://www.dhammadownload.com



ဗန္ဓုလဟာ ကောင်းပြီလို့ ပြောပြီး ဗိုလ်ခြေတစ်ထောင် တင်လေးကို ယူကာ အဲဒီရထားကို တက်စီးနိုင်းတယ်။ သာဝတ္ထိမြို့ကထွက်ပြီး ရထားကိုမောင်းနှင်တဲ့အခါ မဟာလိ လိစ္ဆဝီအား ပေးထားတဲ့ တံခါးနဲ့ ဝေသာလီမြို့ကို ဝင်တယ်။ မဟာလိလိစ္ဆဝီရဲ့ နေအိမ်ကလည်း တံခါးအနီးမှာပဲ ရှိတယ်။ မဟာလိက ရထားရဲ့တံခါးခုံမှာ ထိခတ်သံကို ကြားရပြီး ချင်းပဲ 'ဒီအသံက ဗန္ဓုလရဲ့ရထားသံပဲ။ ဒီနေ့ လိစ္ဆဝီတွေမှာ ဘေးဖြစ်လိမ့်မယ်'လို့ ပြောတယ်။ ရေကန်ရဲ့အတွင်းမှာရော အပြင်မှာပါ အစောင့်အရှောက်က အားကြီးတယ်။ အပေါ်မှာ သံကွန်ရက်ဖြန့်ခင်းထားတယ်။ ငှက်တွေတောင် ဝင်ခွင့်မရှိ။ ဗန္ဓုလစစ်သူကြီးကတော့ ရထားပေါ်ကဆင်းပြီး အစောင့်အရှောက်လူတွေကို ရိုက်ပုတ်ပြီး ပြေးအောင် လုပ်တယ်။ သံကွန်ရက်ကိုဖြတ်တောက်ပြီး ရေကန်ထဲမှာ မယား ကို ရေချိုးနိုင်းတယ်။ ကိုယ်တိုင်လည်း ရေချိုးပြီး တစ်ဖန် အဲဒီမလ္လိကာကို ရထားပေါ်တင်ပြီး မြို့မှထွက်ကာ လာရာ လမ်းနဲ့ပဲ သွားတယ်။ အဲဒီအစောင့်လူတွေက လိစ္ဆဝီမင်းတွေ အား ပြောကြတယ်။ လိစ္ဆဝီမင်းတွေက စိတ်ဆိုးပြီး ရထား ၅၀၀ ကို စီးကာ 'ဗန္ဓုလကို ဖမ်းကြမယ်'လို့ ရည်ရွယ်ပြီး ထွက်လာကြတယ်။ အဲဒီဖြစ်ပုံကို မဟာလိအား ပြောကြ တယ်။ မဟာလိက 'သင်တို့ မသွားကြပါနဲ့၊ ဟုတ်တယ်။ ဗန္ဓုလက သင်တို့အားလုံးကို သတ်လိမ့်မယ်'လို့ ပြောတယ်။

http://www.dhammadownload.com



အဲဒီလိစ္ဆဝီတွေကလည်း 'ငါတို့ သွားကိုသွားကြမယ်'လို့ ပြောကြတယ်။ 'ဒီလိုဆိုရင် အဲဒီရထားဘီး ချက်မကနေ မြေကြီးတိုင်အောင် ဝင်သွားတဲ့အရပ်ကို မြင်ပြီး ပြန်လှည့်ခဲ့ကြပါ။ အဲဒီနေရာက မလှည့်ရင် ရှေ့ကမိုးကြိုးသံလို ကြားကြရလိမ့်မယ်။ အဲဒီနေရာက ပြန်လှည့်ခဲ့ကြပါ။ အဲဒီနေရာက ပြန်မလှည့်ရင် သင်တို့ရဲ့ရထားဦးတွေမှာ အပေါက်ကို မြင်ကြရလိမ့်မယ်။ အဲဒီနေရာက ပြန်လှည့်ခဲ့ကြပါ။ ရှေ့ကို မသွားကြပါနဲ့'လို့ မဟာလိက ပြောတယ်။ လိစ္ဆဝီတွေက မဟာလိရဲ့စကားနဲ့ ပြန်မလှည့်ကြဘဲ ဗန္ဓုလနောက် လိုက်မြဲပဲ လိုက်ကြတယ်။

မလ္လိကာက မြင်ပြီး 'အို အရှင်… ရထားတွေ ထင်ရှားတယ်'လို့ ပြောတယ်။ ဗန္ဓုလက ပြောတယ်။

'ဒီလိုဆိုရင် ရထားတစ်စင်းတည်းပဲ ထင်ရှားတဲ့အခါမှာ ငါ့ကိုပြောပါ'

မလ္လိကာက ရထားအားလုံး တစ်စင်းတည်းလိုဖြစ်ပြီး ထင်ရှားကြတဲ့အခါ 'အို အရှင်၊ ရထားဦးတစ်ခုတည်းသာ ထင်ရှားနေပါတယ်'လို့ ပြောတယ်။ ဗန္ဓုလက 'ဒီလိုဆိုရင် ဒီကြိုးတွေကို ကိုင်ပါ'လို့ပြောကာ အဲဒီကြိုးတွေကို ပေးပြီး ရထားမှာ ရပ်ရင်းပဲ လေးကိုတင်တယ်၊ ရထားဘီးဟာ ချက်တိုင်အောင် မြေကြီးထဲဝင်သွားတယ်။ လိစ္ဆဝီတွေက အဲဒီနေရာကို မြင်ပြီးလည်း ပြန်မလှည့်ကြ။ ဗန္ဓုလက

http://www.dhammadownload.com



အနည်းငယ်သွားကာ လေးညှို့ကို ရိုက်ပုတ်လိုက်တယ်။ မိုးကြိုးသံလိုဖြစ်သွားတယ်။ လိစ္ဆဝီတွေက အဲဒီနေရာက လည်း ပြန်မလှည့်ကြ။ နောက်လိုက်မြဲပဲ လိုက်ကြတယ်။ ဗန္ဓုလက ရထားမှာ ရပ်ရင်းပဲ မြှားတစ်စင်းကို ပစ်လိုက်တယ်။ အဲဒီမြှားက ရထား ၅၀၀ ရဲ့ ရထားဦးမှာ အပေါက်ပြုလုပ်ကာ မင်း ၅၀၀ တွေကို ချပ်ဝတ်တန်ဆာ ဝတ်ဆင်ရာ နေရာမှာ ထိုးဖောက်ပြီး မြေကြီးထဲ ဝင်သွားတယ်။ အဲဒီ လိစ္ဆဝီတွေက သူက ပစ်ဖောက်ပြီးတာကို မသိဘဲ 'ဟေ့၊ ဗန္ဓုလ ရပ်လော၊ ဟေ့ ဗန္ဓုလ ရပ်လော'လို့ ပြောဆိုကာ နောက်မှ လိုက်မြဲလိုက်ကြတယ်။

ဗန္ဓုလက ရထားကို ရပ်ပြီး 'သင်တို့က သေသူတွေပဲ။ သေသူတွေနဲ့အတူ ငါ့မှာ စစ်တိုက်တယ်ဆိုတာ မရှိ'လို့ ပြောတယ်။

'သေတဲ့သူတွေဆိုတာ ငါတို့လိုပုဂ္ဂိုလ်တွေ မဟုတ်ကြ'

'ဒီလိုဆိုရင် အားလုံးရဲ့ နောက်ဆုံးလူရဲ့ ချပ်ဝတ်တန်ဆာကို ဖြေလိုက်ပါ'

အဲဒီလိစ္ဆဝီတွေက ဖြေလိုက်ကြတယ်။ အဲဒီနောက်ဆုံး လူဟာ ဖြေလိုက်ကာမျှမှာပဲ သေပြီး လဲကျသွားတယ်။ အဲဒီအခါ အဲဒီလိစ္ဆဝီအားလုံးကိုလည်း 'သင်တို့လည်း အဲဒီလိုပဲ၊ သင်တို့ရဲ့အိမ်တွေကို သွားပြီး စီမံထိုက်တာကို စီမံကာ

http://www.dhammadownload.com



သား သမီး ဇနီးကို ဆုံးမသွန်သင်ပြီး ချပ်ဝတ်ကို ဖြေလိုက်ကြပါ'လို့ ပြောတယ်။ အဲဒီလိစ္ဆဝီတွေက အဲဒီအတိုင်းလုပ်ပြီး အားလုံးပဲ သေသွားကြတယ်။ ဗန္ဓုလကလည်း မလ္လိကာကို သာဝတ္ထိမြို့သို့ သယ်ဆောင်သွားတယ်။ မလ္လိကာဟာ ၁၆ ကြိမ်တိုင်တိုင် အစုံ အစုံသော သားတွေ (အမြွှာပူးသားတွေ) ကို မွေးဖွားတယ်။ သားအားလုံးကလည်း ရဲရင့်ကြတယ်။ အင်အားနဲ့ ပြည့်စုံကြတယ်။ အတတ်အားလုံးရဲ့ ပြီးဆုံးခြင်းသို့ ရောက်ကြတယ်။ သားတစ်ယောက် တစ်ယောက်စီမှာ ယောကျ်ားအခြံအရံ တစ်ထောင်စီရှိတယ်။ ဖခင်ဗန္ဓုလနဲ့ အတူ မင်းနန်းတော်ကို သူတို့သွားကြတဲ့အခါ သူတို့နဲ့ပဲ မင်းရင်ပြင်ဟာ ပြည့်နေတယ်။

တစ်နေ့မှာ တရားဆုံးဖြတ်ရာနေရာမှာ ကောက်ကျစ်ပြီး တရားဆုံးဖြတ်လို့ ရှုံးလာတဲ့လူတွေက ဗန္ဓုလ လာတာကို မြင်ပြီး အသံကျယ်ကျယ်နဲ့ အော်ဟစ်ကာ တရားဆုံးဖြတ်တဲ့ အမတ်တွေရဲ့ ကောက်ကျစ်တဲ့ တရားဆုံးဖြတ်ပုံကို ဗန္ဓုလ အား ပြောကြတယ်။ ဗန္ဓုလက တရားဆုံးဖြတ်ရာနေရာကို သွားပြီး အဲဒီတရားအဆုံးအဖြတ်ကို စိစစ်ကာ ပိုင်ရှင်ကိုပဲ ပိုင်ရှင်လုပ်လိုက်ပါတယ်။ လူအများက အသံကျယ်ကြီးနဲ့ ကောင်းချီးပေးကြပါတယ်။ ကောသလမင်းက 'အဲဒါ ဘာလဲ'လို့ မေးပြီး အဲဒီအကြောင်းကိုကြားရလို့ သဘောကျ သွားတယ်။ အဲဒီအမတ်အားလုံးကိုလည်း ဖယ်ရှားပြီး

http://www.dhammadownload.com



ဗန္ဓုလအားပဲ အဆုံးအဖြတ်ကိုအပ်နှင်းကြတယ်။ ဗန္ဓုလဟာ အဲဒီအချိန်ကစပြီး ကောင်းစွာတရားဆုံးဖြတ်တယ်။ အဲဒီက နောက် တရားဆုံးဖြတ်တဲ့အမတ်ဟောင်းတွေက လက်ဆောင် တစ်ခုကိုမှ မရကြတော့လို့ လာဘ်တိတ်သွားကာ 'ဗန္ဓုလဟာ မင်းအဖြစ်ကို တောင့်တနေပါတယ်'လို့ ပြောကာ မင်းနန်း တော်မှာ သွေးခွဲကြတယ်။ မင်းက အဲဒီအမတ်တွေရဲ့စကား ကို ယုံကြည်ပြီး စိတ်ကိုနှိပ်ကွပ်ခြင်းငှာ မစွမ်းနိုင်။

'ဒီဗန္ဓုလကို ဒီနေရာမှာပဲ သတ်ရင် ငါ့မှာ ကဲ့ရဲ့စရာ ဖြစ်လိမ့်မယ်'လို့ နောက်ထပ်တွေးကာ သူလျှိုယောကျ်ားတွေ ကို တိုင်းပြည်အစွန်ကို ရိုက်ပုတ်စေတယ်။ ဗန္ဓုလကို အခေါ် ခိုင်းပြီး 'တိုင်းပြည်အစွန်ဟာ ပျက်စီးနေသတဲ့။ သင့်ရဲ့သား တွေနဲ့အတူ သွားပြီး သူခိုးတွေကို ဖမ်းလော့'လို့ ပြောကာ စေလွှတ်လိုက်တယ်။ 'အဲဒီနေရာမှာပဲ သား ၃၂ ယောက်နဲ့ အတူ ဗန္ဓုလရဲ့ဦးခေါင်းကိုဖြတ်ကာ ဆောင်ယူခဲ့ကြ'လို့ အဲဒီသားအဖတို့နဲ့အတူ စွမ်းနိုင်တဲ့ အခြားစစ်သားကြီးတွေ ကိုလည်း စေလွှတ်လိုက်တယ်။ ဗန္ဓုလက တိုင်းပြည်အစွန် အရပ်ကို သွားစဉ်မှာပဲ 'စစ်သူကြီး လာသတဲ့'လို့ ပြောကာ သူလျှိုသူခိုးတွေက ထွက်ပြေးကြတယ်။ ဗန္ဓုလဟာ အဲဒီ အရပ်ကို နေသားကျ ငြိမ်သက်အောင် လုပ်ပြီး ပြန်လာ ခဲ့တယ်။ အဲဒီအခါ မြို့ရဲ့အနီးအရပ်မှာ အဲဒီစစ်သားတွေက ဗန္ဓုလရဲ့ ဦးခေါင်းကို သားတွေရဲ့ဦးခေါင်းနဲ့အတူ ဖြတ်လိုက် ကြတယ်။

http://www.dhammadownload.com



အဲဒီနေ့မှာ မလ္လိကာက ရဟန်း ၅၀၀ နဲ့အတူ အဂ္ဂသာဝက နှစ်ပါးကို ပင့်ဖိတ်ထားတယ်။ အဲဒီအခါ မလ္လိကာထံ နံနက်ကပဲ 'သင့်ရဲ့ခင်ပွန်းရဲ့ဦးခေါင်းကို သားတွေရဲ့ဦးခေါင်းတွေနဲ့အတူ ဖြတ်လိုက်ကြပြီ'ဆိုတဲ့ စာကို သယ်ဆောင်ပြီး ပေးကြတယ်။ မလ္လိကာဟာ အဲဒီဖြစ်ပုံကိုသိပြီး ဘယ်သူ့ကိုမှ ဘာမျှမပြောဘဲ စာကို ရင်ခွင်မှာထားကာ ရဟန်းအပေါင်းကိုပဲ ပြုစုလုပ်ကျွေးတယ်။ အဲဒီအခါ မလ္လိကာရဲ့ အလုပ်အကျွေးမက ရဟန်းတွေအား ဆွမ်းကိုလှူပြီး ထောပတ်အိုးကြီးကို သယ်ဆောင်စဉ် မထေရ်တွေရဲ့ရှေ့မှာ ထောပတ်အိုးကြီး ကျကွဲပါတယ်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက 'ကွဲရမယ့်သဘောရှိတဲ့အရာက ကွဲတာပဲ၊ မပူပါနဲ့'လို့ ပြောတယ်။ မလ္လိကာက ရင်ခွင်ထဲက စာကို ထုတ်ဆောင်ပြီး 'သား ၃၂ ယောက်နဲ့အတူ ဖခင်ရဲ့ဦးခေါင်းကို ဖြတ်လိုက်ပြီဆိုတဲ့ ဒီစာကို တပည့်တော်ထံ သယ်ဆောင်လာကြပါတယ်။ တပည့်တော်ဟာ အဲဒီသတင်းစကားကို ကြားရပေမယ့်လည်း စိတ်မပူပါ။ ထောပတ်အိုးကြီးကွဲလို့ ဘယ်မှာစိတ်ပူပါ့မလဲဘုရား' လို့ လျှောက်တယ်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာက တရားဟောပြီး နေရာမှ ထကာ ကျောင်းကိုသွားပါတယ်။ မလ္လိကာကလည်း ချွေးမ ၃၂ ယောက်ကို အခေါ်ခိုင်းကာ ဆုံးမပါတယ်။

'သင်တို့ရဲ့ခင်ပွန်းတွေဟာ အပြစ်မရှိကြဘဲ သူတို့ရဲ့

http://www.dhammadownload.com



ရေးကံအကျိုးကို ရရှိသွားကြတယ်။ သင်တို့ မပူဆွေးကြပါနဲ့၊ မငိုကြွေးကြပါနဲ့၊ မင်းရဲ့အပေါ်မှာ ဒေါသမထားကြပါနဲ့’

မင်းရဲ့သူလျှိုယောကျာ်းတွေက အဲဒီစကားကို ကြားရပြီး အဲဒီပုဂ္ဂိုလ်တွေမှာ အပြစ်မရှိတာကို မင်းအား ပြောပြကြတယ်။ မင်းက သံဝေဂဖြစ်ပြီး မလ္လိကာရဲ့အိမ်ကိုသွားကာ မလ္လိကာကိုရော၊ မလ္လိကာရဲ့ ချွေးမတွေကိုပါ တောင်းပန်ပြီး မလ္လိကာအား ဆုပေးတယ်။ မလ္လိကာက ‘ကျွန်မဟာ ဆုကို ယူပြီးထားလိုက်ပါ’လို့ ပြောကာ ကောသလမင်း သွားတဲ့အခါ သေသူတွေကို ရည်စူးပြီး ဆွမ်းအလှူ လှူတယ်။ ရေချိုးပြီး မင်းထံချဉ်းကပ်ကာ ရှိခိုးပြီး လျှောက်ထားတယ်။

‘အရှင်မင်း... သင်တို့က ကျွန်မအား ဆုပေးပြီးပါပြီ။ ကျွန်မမှာလည်း အခြားဟာကို အလိုမရှိပါ။ ကျွန်မရဲ့ချွေးမ ၃၂ ယောက်နဲ့ ကျွန်မကို မိဘအိမ်ပြန်ခွင့် ပြုတော်မူပါ’

မင်းက လက်ခံတယ်။ မလ္လိကာဟာ ချွေးမ ၃၂ ယောက်ကို သူတို့ရဲ့အိမ်တွေကို ပို့ပေးလိုက်တယ်။ ကိုယ်တိုင်ကလည်း ကုသိနာရုံ မြို့က သူမရဲ့မိဘအိမ်ကို ပြန်သွားပါတယ်။ (ဓမ္မပဒ၊ ဋ၊ ပ၊ ၂၂၂)

မလ္လိကာရဲ့ ဒေါသကို ထိန်းသိမ်းနိုင်တဲ့စွမ်းအားဟာ ကြီးမားလှပါပေတယ်။ သာမန်သူတော်ကောင်းဆိုရင် ဒေါသထိန်းနိုင်ဖို့ ခက်ပါမယ်။ ဒေါသနေရာမှာ အဒေါသ (မေတ္တာ)

http://www.dhammadownload.com



ကို အစားထိုးနိုင်တာဟာ အင်မတန်ကြီးမားလှတဲ့စွမ်းအား ဖြစ်ပါပေတယ်။ မလ္လိကာဟာ တော်လှပါပေတယ်။ မလ္လိကာ က ဒေါသကိုထိန်းနိုင်သလောက် ကောလမင်းကတော့ သွေး အေးအေးနဲ့ ရက်စက်လှပါပေတယ်။ ကောသလရဲ့ဒေါသက ကြောက်စရာကောင်းလှပါပေတယ်။

## ဒေါသ သမား ၃ မျိုး

လောကမှာ တချို့လူက အမြဲမပြတ် အမျက်ဒေါသထွက် တယ်။ သူ့ရဲ့အဲဒီအမျက်ဒေါသက အချိန်ကြာမြင့်စွာ တည်ရှိ တယ်။ ဥပမာ– ကျောက်ပေါ်မှာ ရေးသားထားတဲ့ အရေး အကြောင်းဟာ လေကြောင့်ဖြစ်စေ၊ ရေကြောင့်ဖြစ်စေ လျင် မြန်စွာ မပျက်စီးဘဲ အချိန်ကြာမြင့်စွာ တည်ရှိနေသလိုပါပဲ။ အဲဒီလူမျိုးကို ကျောက်ပေါ်က အရေးအကြောင်းနဲ့တူသူလို့ ဆိုရပါတယ်။

လောကမှာ တချို့လူက အမြဲမပြတ် အမျက်ဒေါသ ထွက်တယ်။ သူ့ရဲ့အဲဒီအမျက်ဒေါသကတော့ အချိန်ကြာမြင့် စွာ မတည်။ ဥပမာ– မြေကြီးပေါ်မှာ ရေးသားထားတဲ့ အရေး အကြောင်းဟာ လေကြောင့်ဖြစ်စေ၊ ရေကြောင့်ဖြစ်စေ လျင် မြန်စွာ ပျက်စီးပြီး ကြာရှည်စွာမတည်ရှိသလိုပါပဲ။ အဲဒီလူမျိုး ကို မြေကြီးပေါ်က အရေးအကြောင်းနဲ့တူသူလို့ ဆိုရပါတယ်။

http://www.dhammadownload.com



လောကမှာ တချို့လူက ကြမ်းတမ်း ခက်ထန်၊ မပြတ်နိုးဖွယ်စကားတွေနဲ့ အပြောခံရပေမယ့် ဆက်စပ်မြဲ ဆက်စပ်တယ်။ နိုးနှောမြဲ နိုးနှောတယ်။ ဝမ်းမြောက်မြဲ ဝမ်းမြောက်တယ်။ (တစ်ပေါင်းတည်း ဖြစ်မြဲဖြစ်တယ်။) ဥပမာ– ရေပေါ်မှာ ရေးသားလိုက်တဲ့ အရေးအကြောင်းဟာ လျင်မြန်စွာပဲ ကင်းပျောက်သွားပြီး ကြာရှည်စွာ မတည်ရှိသလိုပါပဲ။ အဲဒီလူမျိုးကို ရေပေါ်မှာ ရေးသားလိုက်တဲ့ အရေးအကြောင်းနဲ့တူသူလို့ ဆိုရပါတယ်။

(အံ၊ ပါဠိ၊ ပ၊ ၂၈၆)

ရန်သူကို လက်ခံထားရင် လက်ခံထားသူကို လက်ခံထားသလောက် ရန်သူက ဒုက္ခပေးတတ်တာဟာ သဘာဝပဲ ဖြစ်ပါတယ်။ ရန်သူကို ရန်သူမှန်းသိရင် ချက်ချင်းပဲ ဖယ်ရှားပစ်ရပါမယ်။ ဒါမှ ချမ်းသာရာရနိုင်ပါတယ်။ ဒေါသဟာလည်း လက်ခံထားသူကို အလွန်ပဲဒုက္ခပေးတတ်ပါတယ်။ ဒါကြောင့် ကိုယ့်သန္တာန်က မြန်မြန်ဖယ်ထုတ်နိုင်လေ မြန်မြန် ချမ်းသာရာရလေပါပဲ။

## ဒေါသရဲ့ သတ္တိ

ဒေါသဟာ သီလပျက်ခြင်းရဲ့ အကြောင်းဖြစ်ပါတယ်။ ရှိတဲ့ ဂုဏ်ကိုတောင် ဖျက်ဆီးပြီး လျှော့ကာယူတတ်ပါတယ်။

http://www.dhammadownload.com



ဂုဏ်ကို ဖျက်ဆီးတတ်ပါတယ်။ ဒေါသကြီးရင် မြန်မြန်အို တတ်ပါတယ်။ ဒေါသကြောင့် သတ္တဝါတွေဟာ များသော အားဖြင့် ငရဲရောက်ကြရပါတယ်။ ဒေါသမီးအလောင်ခံရရင် အရေတွေတွန့်လာပါတယ်။ ဆံပင်တွေဖြူလာပါတယ်။ ဒေါသကြောင့် မိတ်ပျက်ရပါတယ်။ (အဋ္ဌသာလိနီ၊ ၁၇၁)

## ဒေါသရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

မြွေပွေး မြွေဟောက်ကို တုတ်နဲ့ပုတ်ခတ်လိုက်တဲ့အခါ ရှူးခနဲ ထလာတတ်သလို မနှစ်သက်ဖွယ်အာရုံနဲ့ တွေ့ကြုံရတဲ့အခါ ရှူးရှူးရှဲရှဲဖြစ်ပြီး ကိုယ်ရောစိတ်ပါ ကြမ်းလျက် အမျက်ထွက်တာဟာ ဒေါသရဲ့အမှတ်အသား လက္ခဏာပါပဲ။

ဒေါသထွက်တဲ့အခါ ယှက်ဖက်တရားတွေလည်း ပူပူလောင်လောင်ရှိကြပါတယ်။ အဲဒီစိတ်၊ စေတသိက်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာလည်း ဒေါသအရှိန်ကြောင့် ပူပူလောင်လောင် ရှိကြပါတယ်။ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေနဲ့ ပူးကပ်လျက်ဖြစ်ရတဲ့ ကံ၊ ဥတု၊ အာဟာရတွေကြောင့်ဖြစ်ရတဲ့ ရုပ်တွေဟာလည်း (အိမ်တစ်အိမ် မီးလောင်ရင် အနီးအပါးအိမ်တွေပါ ကူးစက်သလို) အပူဓာတ် ကူးစက်ပြီး တစ်ကိုယ်လုံး လောင်မြိုက်တော့တယ်။ ဒါကြောင့်

http://www.dhammadownload.com



ဒေါသထွက်တဲ့အခါ အသားအရေနီမြန်းလျက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတတ်ပါတယ်။ ဒေါသအရှိန်အားကြီးရင်တော့ မနောပဒေါသနတ်တွေလို (ဒေါသကြောင့် သေရတဲ့နတ်တွေလို) တစ်ခါတည်း ဘဝပြတ်အောင်ပဲ လောင်မြိုက်တတ်ပါတယ်။

ဒေါသဟာ အခွင့်ရတဲ့ရန်သူပမာ ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးတတ်တဲ့တရားလို့ ယောဂီတွေရဲ့ဉာဏ်မှာ ထင်လာပါတယ်။ အာဃာတဝတ္ထု (ဒေါသဖြစ်ကြောင်း) ၁၀ ပါးသာလျှင် နီးစွာသောအကြောင်းရှိပါတယ်။

(အဋ္ဌသာလိနီ၊ ၂၉၉)

## မနောပ ဒေါသိကနတ်

စာတုမဟာရာဇ်နတ်ပြည်က နတ်သားတစ်ယောက်က 'ငါဟာ နက္ခတ်ပွဲသဘင် ပျော်ပါးမယ်'လို့ ကြံပြီး အခြံအရံနဲ့အတူ ရထားခရီးထွက်သွားတယ်။ အဲဒီအခါ အခြားထွက်လာတဲ့ နတ်သားက ရှေ့ကသွားတဲ့ အဲဒီနတ်သားကို မြင်ပြီး 'မိတ်ဆွေ၊ ဒီနတ်ဆင်းရဲသားဟာ ရှေးက မမြင်ဖူးတာကို မြင်ရသူပမာ ပီတိဖြစ်ကာ တက်လည်းတက်ကြွ၊ ကွဲပျက်လည်း ကွဲပျက်လျက် သွားနေတယ်'လို့ ပြောကာ စိတ်ဆိုးတယ်။ ရှေ့က သွားတဲ့နတ်သားကလည်း ပြန်လှည့်ပြီး

http://www.dhammadownload.com



အဲဒီစိတ်ဆိုးတဲ့နတ်သားကို မြင်ပြီး စိတ်ဆိုးနေသူတွေကို လွယ်လွယ်နဲ့ သိနိုင်တာမို့ အဲဒီနတ်သားမှာ စိတ်ဆိုးနေမှန်း သိသွားတယ်။ 'သင်က စိတ်ဆိုးတော့ ငါ့ကိုဘာလုပ်မှာလဲ။ ဒီစည်းစိမ်ကို ငါဟာ ဒါန၊ သီလစသည်တွေရဲ့အစွမ်းနဲ့ ရထားတယ်။ သင့်ရဲ့အစွမ်းနဲ့ ရထားတာမဟုတ်'လို့ ပြောကာ ပြန်စိတ်ဆိုးတယ်။ ဟုတ်တယ်။ နတ်တစ်ယောက်က စိတ်ဆိုးတဲ့အခါ အခြားနတ်က စိတ်မဆိုးဘဲနေရင် တော်သေးတယ်။ နတ်နှစ်ယောက်လုံး စိတ်ဆိုးရင်တော့ တစ်ယောက်ရဲ့ဒေါသက အခြားတစ်ယောက်မှာ ဒေါသဖြစ်ဖို့ အထောက်အကူဖြစ်သွားတယ်။ အဲဒီနတ်ရဲ့ဒေါသကလည်း အခြားနတ်သားမှာ ဒေါသဖြစ်ဖို့ အထောက်အကူဖြစ်သွားပြန်တယ်။ ဒါကြောင့် နတ်သားနှစ်ယောက်လုံးဟာ ဘေးက နတ်သမီးတွေက အော်ဟစ်တားမြစ်နေစဉ်မှာပဲ စုတေသွားကြပါတော့တယ်။ (သီလက္ခန်၊ ဋ္ဌ၊ ၁ဝ၅)

နတ်တွေရဲ့ ခန္ဓာကိုယ်ဟာ အလွန်ပဲသိမ်မွေ့နူးညံ့လှပါတယ်။ သူတို့မှာဖြစ်တဲ့ဒေါသက အလွန်အကဲအားကောင်းနေပါတယ်။ ဒါကြောင့် ချက်ချင်းပဲ စုတေသွားကြရပါတယ်။ အဲဒီလို စုတေသွားရတာဟာ အဲဒီနတ်ပြည်က နတ်တွေမှာ ထုံးစံပါပဲ။ ဒေါသကြောင့် အဲဒီနတ်တွေဟာ အသက်သေသွားကြရပါတယ်။ နတ်နှစ်ယောက်လုံးမှာ ဒေါသထွက်လာတဲ့အခါ သူတို့ရဲ့ ဟဒယဝတ္ထု (နှလုံးအိမ်) ကို ဒေါသက

http://www.dhammadownload.com



လောင်မြိုက်ပါတယ်။ အလွန်အကဲသိမ်မွေ့လှတဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးပါတယ်။ အဲဒီကနောက် ခန္ဓာကိုယ်တစ်ခုလုံးဟာ ကွယ်ပျောက်သွားပါတော့တယ်။

(သီ၊ ဋ္ဌ၊ ပ၊ ၄၂၅၊ ၆)

မီးတောက်ငြိမ်းသွားသလိုပဲ နတ်တွေရဲ့ခန္ဓာကိုယ်ဟာ ကွယ်ပျောက်သွားပါတယ်။ ပြာတောင်မှ မကြွင်းကျန်တော့ပါ။

## မဖြစ်စလောက် တရားတော်

မဟာစည်ဆရာတော်ကြီး ဟောကြားထားတဲ့ ဝမ္မိကသုတ်တရားတော်ထဲက အောက်ပါဇာတ်လမ်းနှစ်ခုဟာ မှတ်သားဖွယ် ကောင်းလှတာမို့ ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

တစ်ခါက သုဓမ္မဝတီပုံနှိပ်တိုက်က တိုက်အုပ် ဦးပန်းမောင်ဆိုတဲ့ ဒကာကြီးက မှတ်ဖွယ်ဝတ္ထုကလေးတစ်ခုကို ပြောပါတယ်။ ဦးပန်းမောင်ဆိုတာ ဒကာလူ ကြားကောင်းကြားဖူးပါလိမ့်မယ်။ အဲဒီဦးပန်းမောင်က ရေဒီယိုထဲကနေပြီးတော့ 'မဖြစ်စလောက် တရားတော်' ဟောမယ်ဆိုလို့ ဘာများဟောမှာပါလိမ့်မတုံးလို့ ဘုန်းကြီးက နားထောင်နေတယ်။ သူပြောပုံက မဖြစ်စလောက်ကလေးနဲ့လည်း ဒုက္ခဖြစ်တတ်တယ်။ မဖြစ်စလောက်ကလေးပဲဆိုပြီးတော့ မရှိ

http://www.dhammadownload.com



မသေ မလုပ်လိုက်ပါနဲ့တဲ့။ ဒကာလူကော အဲဒီတုန်းက မကြားလိုက်ဘူးလား။ မကြားဖူးတဲ့သူတွေကပဲ များပါလိမ့်မယ်။ မဖြစ်စလောက် တရားတော်တဲ့။ သူ့ဥစ္စာ ကောင်းတယ်။ အမည်ပေးပုံကလေးကိုက သိပ်ကောင်းနေတယ်။ ဖြစ်ပုံကလည်း ဆန်းတယ်။ ဘယ်လိုလဲဆိုတော့ တစ်ခါက အင်မတန်ရင်းရင်းနှီးနှီး အတူနေကြတဲ့ ဦးပဉ္ဇင်းနှစ်ပါး ရှိပါသတဲ့။ တစ်ပါးက ရေချိုးနေတယ်။ အဲဒီလိုရေချိုးနေတုန်း သူ့ဖိနပ်ကို တစ်ပါးက ကျီစယ်လိုတဲ့အနေနဲ့ ဝှက်ထားတယ်။ ဟို ရေချိုးနေတဲ့ ဦးပဉ္ဇင်းက ရေချိုးပြီးတဲ့အခါ ဖိနပ်စီးမယ်လို့ ကြည့်လိုက်တော့ သူ့ဖိနပ်ကို မတွေ့ရဘူး။ မတွေ့ရတော့ အဲဒီဦးပဉ္ဇင်းကလည်း သူ့ဖိနပ်ကို ဝှက်ထားမှန်းသိလို့ ရယ်စရာအနေနဲ့ သူက ပြောတယ်။ ပေါ့ပေါ့ဆဆပြောလိုက်တာပါပဲ။ 'ဟော့ ဖိနပ်ကို ဘယ်ခွေးချီသွားမှန်း မသိဘူး'လို့ ပြောလိုက်သတဲ့။ ဒီတော့ ဖိနပ်ဝှက်ထားတဲ့ ဦးပဉ္ဇင်းက စိတ်နာလိုက်တာ မပြောပါနဲ့တော့။ ငါ့ကို ခွေးဖြစ်အောင် ဆိုတယ်လို့ အတွေးခေါင်ပြီးတော့ စိတ်နာလိုက်တာတဲ့။ ဟိုဖိနပ်ရှင် ဦးပဉ္ဇင်းကတော့ စေတနာမပါပါဘူး။ ခပ်ပေါ့ပေါ့ ပြောလိုက်တာပါပဲ။ စိတ်နာလောက်အောင်လို့ ပြောလိုက်တာ မဟုတ်ပါဘူး။ သူ့ဖိနပ်ပျောက်သွားတော့ ဒီလိုပြောရမှာပဲ။ ဖိနပ် ခွေးချီတယ်လို့ ပြောတာဟာ ပြောရိုးပြောစဉ်ပဲ။ အပြောခံရတဲ့ ဦးပဉ္ဇင်းကတော့ 'ငါ့ခွေးဖြစ်အောင်

http://www.dhammadownload.com



ပြောရမလား’ဆိုပြီး စိတ်ဆိုးတာနဲ့ အုတ်ခဲကြီးနဲ့ ဖိနပ်ရှင် ဦးပဉ္စင်းရဲ့ခေါင်းကို ထုလိုက်တာ ပျံလွန်တော်မူရှာသတဲ့။ အောင်မယ်၊ ပြောတာကတော့ သူ့ဥစ္စာ မဖြစ်စလောက်ပဲ။ ဒါပေမဲ့ ပြောတဲ့ဦးပဉ္စင်းမှာ ပျံလွန်တော်မူရတယ်။ အုတ်ခဲနဲ့ ထုတဲ့ပုဂ္ဂိုလ်လည်း ရာဇဝတ်မှုကြီး ဖြစ်ရတယ်။

အဲဒီတော့ မဖြစ်စလောက် အပြောအဆိုကလေးက လည်း အကြီးအကျယ်ဒုက္ခပေးတတ်တယ်။ ဒါကြောင့် အပြောအဆိုကလေးများ ဆင်ခြင်ကြဖို့ဆိုပြီး ဦးပန်းမောင် က ပြောသွားတယ်။ သူပြောတာဟာ မှတ်လောက်သားလောက် စရာပဲ။ အဲဒါဟာ ဘာထင်လဲ။ ဥဒ္ဒုမ္ဗရာယိက ဖားထလာ တာပေါ့။ ‘ငါ့ဖိနပ် ဘယ်ခွေးချီပါလိမ့်’ဆိုတာဟာ နားထဲ မထိခိုက်ပါဘူး။ ပွန်းပဲ့မသွားပါဘူး။ ဘာမှ အနာတရမဖြစ် ပါဘူး။ ခြင်ကိုက်သလောက်တောင် မနာပါဘူး။ သဲလုံး ကလေးတစ်လုံး မှန်တာလောက်တောင် မနာပါဘူး။ ဒါပေ မယ်လို့ အတွေးခေါင်တဲ့သူရဲ့ စိတ်ထဲမှာတော့ အတော် နာကြည်းသွားပါတယ်။ ဒါကြောင့် သူ့ဥဒ္ဒုမ္ဗရာယိကဖားကြီး က တစ်ဟုန်ထိုးကုန်းပြီး ထလိုက်တာကိုး ဒကာလူရ။ ဥဒ္ဒု မ္ဗရာယိက ဖားဆိုတာ တို့တိုင်း တို့တိုင်း ကြီးတယ်ဆိုပေမယ့် သူ့ဖားကတော့ ထပ်ကာထပ်ကာ မတို့ရတော့ဘူး။ တစ်ခါ တည်း တို့လိုက်တာနဲ့ ကြီးလာတာကိုးနော်။ တယ်ကြီးလွယ် တဲ့ဖားပဲ။

http://www.dhammadownload.com

# ခန္တီစ သည်းခံခြင်းအကြောင်း ဆွေးနွေးတာမို့ တော်ပါသေးရဲ့

လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က သတင်းစာထဲမှာ တွေ့ရတယ် ဒကာလူရ။ မော်လမြိုင်ဘက် သံဖြူဇရပ်ကလို့ပဲ ထင်ပါတယ်။ အိမ်တစ်အိမ်က ဘာသာရေးကိစ္စတစ်ခုမှာ လူကြီးလေးငါးယောက်က လက်ဖက်ရည်သောက်ရင်း တရားစကား ပြောကြသတဲ့။ အရပ်ထဲမှာ သူမင်္ဂလ ဒုမင်္ဂလကိစ္စရှိပြီဆိုမှဖြင့် ဒကာလူတို့ယောကျာ်းတွေက ဗဟုသုတရှိတဲ့ ပညာရှိတွေဆိုတော့ အဲဒီမှာသွားပြီးတော့ တရားစကားတွေ ဆွေးနွေးပြောဆိုကြရတာကိုး။ ဒီလိုတရားစကားတွေ ပြောဆိုမှလည်း အဲဒီက ကျွေးမွေးဧည့်ခံတဲ့ လက်ဖက်တို့ လက်ဖက်ရည်တို့ စားသောက်လို့ကောင်းတယ်ဆိုကိုး။ ဒါကြောင့် အဲဒီလူကြီး လေးငါးယောက်က တရားစကား ဆွေးနွေးနေကြရင်း တစ်ယောက်နဲ့တစ်ယောက် ငြင်းကြသတဲ့။ ငြင်းကြတော့ တစ်ယောက်နဲ့တစ်ယောက် မခံချင်စရာစကားတွေကို ပြောကြတာနဲ့ စိတ်ဆိုးကုန်ပါရောတဲ့။ စိတ်ဆိုးကုန်တော့ တစ်ယောက်နဲ့တစ်ယောက် ထိုးကြပုတ်ကြ ရိုက်ကြနဲ့ သွေးထွက်သံယို အနာတရဖြစ်ပြီး နောက်ဆုံးကျတော့ ရဲဌာနရောက်ကုန်သတဲ့ ဒကာလူရ။ အဲဒီမှာ သတင်းစာဆရာက

http://www.dhammadownload.com



နိဂုံးချုပ်ပြီး ကောက်ချက်ချလိုက်တယ်။ 'သူတို့ဆွေးနွေးတာက ခန္တီစ၊ သည်းခံခြင်းအကြောင်း ဆွေးနွေးတာမို့ တော်ပါသေးရဲ့' တဲ့။ သတင်းစာဆရာကလည်း အချက်ပိုင်တာပဲ။ ခန္တီစ၊ သည်းခံရမယ်ဆိုတဲ့ ဘုရားအလိုတော်နဲ့ အဲဒီအကြောင်းကို ဆွေးနွေးရာမှာ သည်းမခံနိုင်လို့ ရန်ဖြစ်ကြတာဟာ အတော်ကို အဆင်မပြေတာဘဲ ဒကာလူရ။ အဲဒါဒကာလူတို့လည်း တွေ့ကောင်းတွေ့ပါလိမ့်မယ်။ ဒါလည်း ဥဒ္ဓုမာယိက ဖားပဲ ဒကာလူရ။ ဒီဖားက သိပ်ဒုက္ခပေးတာ။ ဒီဖားကို ပယ်ဖို့ရာ သိပ်အရေးကြီးပါတယ်။

## ဒေါသရောဂါ

မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ အရိယာဝါသ တရားတော်ထဲက အောက်ပါစကားတွေဟာ မှတ်သားစရာကောင်းလှတာမို့ ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

စိတ်ပျက် စိတ်ဆိုးတဲ့တရားဟာ ရောဂါနဲ့တူပါတယ်။ ရောဂါဖြစ်ပေါ်လာရင် အဲဒီရောဂါကို မြန်မြန်ပျောက်ကင်းအောင် ဆေးကုရတယ်။ ခေါင်းကလေး ကိုက်လာရင် ခေါင်းကိုက်ပျောက်ဆေးကလည်း အသင့်ရှိရင် ချက်ချင်းပဲ အဲဒီဆေးကို သောက်လိုက်ရတယ်။ သောက်လိုက်တော့ ပျောက်သွားတာပဲ။ 'ဟာ ခေါင်းကိုက်တာကလေးကတော့

http://www.dhammadownload.com



ကောင်းပါတယ်’ ဆိုပြီး လက်ခံထားရမယ့်ဟာမျိုး မဟုတ်ဘူး။ ဆေးရှိရင် ချက်ချင်းပဲ ဆေးသောက်ပြီး ပျောက်အောင်ကုရတယ်။ အဲဒါလိုပဲ စိတ်ပျက် စိတ်ဆိုးတဲ့ဒေါသ ဖြစ်လာလို့ရှိရင် ရောဂါဖြစ်လာသလို သဘောထားပြီး မြန်မြန်ပျောက်သွားအောင် ရှုမှတ်ပြီးတော့ ပယ်ဖျောက်လိုက်ရမယ်တဲ့။

‘စိတ်ပျက် စိတ်ဆိုး ရောဂါမျိုး၊ နှိမ်ချိုးပယ်ဖျောက်လေ’

စိတ်ပျက်တာ၊ စိတ်ဆိုးတာဟာ ရောဂါဖြစ်တာနဲ့ ဘယ်လိုတူသလဲဆိုရင် ရောဂါဖြစ်တဲ့လူမှာ ခံတွင်းပျက်လာတတ်တယ်။ အထူးအားဖြင့်တော့ အဖျားရောဂါဖြစ်ရင် ခံတွင်းပျက်တတ်တယ်။ ငှက်ဖျားဆိုရင်တော့ ခံတွင်းသိပ်ပျက်တာ၊ ခံတွင်းပျက်လာတဲ့ပုဂ္ဂိုလ်မှာ ဘာမှအရသာမတွေ့ဘူး။ သူများတွေမှာ အင်မတန်ချိုဆိမ့်နေတဲ့ အရသာပေမယ့် အဲဒီခံတွင်းပျက်တဲ့လူ စားကြည့်ရင် ခါးနေတတ်တယ်။ ထန်းလျက်တို့ သကြားတို့ဟာ ချိုနေတာပဲ၊ အဲဒီလူစားကြည့်ရင်တော့ ခါးနေတတ်တယ်။ အဲဒါ ထန်းလျက်၊ သကြားတွေ အရသာပျက်တာမဟုတ်ဘူး၊ သူ့လျှာကိုက ပျက်နေတာ၊ သူ့လျှာဘာလို့ပျက်သလဲဆိုရင် ရောဂါစွဲကပ်နေလို့ပါပဲ။ ရောဂါမရှိခင်တုန်းကတော့ သူ့မှာမြိန်မြိန်ရှက်ရှက်ကောင်းနေတဲ့ လျှာပါပဲ။ အရသာပေါ်နေတာပါပဲ။ ရောဂါစွဲကပ်လာတော့မှ သူ့ခံတွင်းက ပျက်စီးတော့ ကောင်းတဲ့အရသာတွေလည်း မြိန်

http://www.dhammadownload.com



မြိန်ရှက်ရှက် မရှိတော့ဘူး။ ဘယ်ဟာမှ မကောင်းတော့ဘူး။ အဲဒါလိုပဲ ဒေါသဖြစ်လာလို့ရှိရင် ဘယ်လိုကောင်းတဲ့စကားကို ကြားရပေမယ့်လို့ ကောင်းတယ်လို့မထင်ဘူး။ ဒေါသမဖြစ်ခင်ကဆိုရင်တော့ 'ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဘယ်လိုပြောရမယ်၊ ဘယ်ဟာကို မလုပ်ရဘူး'စသည်ဖြင့် ရင်းနှီးတဲ့ပုဂ္ဂိုလ်၊ မိတ်ဆွေသင်္ဂဟဖြစ်တဲ့ ပုဂ္ဂိုလ်က ညွှန်ကြားပြောဆိုရင် သိပ်ပြီးကျေးဇူးတင်တတ်ပါတယ်။ 'ငါ့အကျိုးစီးပွား ဘယ်လိုရှိပါပေတယ်၊ ငါ့အကျိုးစီးပွားကို ဆောင်ရွက်ပါပေတယ်၊ ငါ့မိတ်ဆွေရဲ့ကျေးဇူး အင်မတန်များပါပေတယ်'လို့ ကျေးဇူးတင်တတ်ပါတယ်။ စိတ်ဆိုးနေတဲ့အခါမှာ သွားပြောရင်တော့ နားမထောင်တတ်ဘူး။ အခါတိုင်း ပြောလို့ နားထောင်နေကျပုဂ္ဂိုလ်ဖြစ်ပေမယ့် စိတ်ဆိုးနေတဲ့အချိန်ကာလကျရင် ပြန်ဖြေတဲ့သဘောနဲ့ ပြောတာကိုလည်း လက်မခံတတ်ဘူး။ ဟိုဘက်က လိုက်သလိုလို ဒီဘက်က လိုက်သလိုလိုနဲ့ ပြောတဲ့သူကိုပါ ရောပြီးတော့ မုန်းတတ်တယ်။

ဒါကြောင့် စိတ်ဆိုးနေတဲ့ပုဂ္ဂိုလ်တွေကို ပြောဆိုတဲ့အခါမှာ အင်မတန်သတိပြုရတယ်။ လူနှစ်ယောက် ရန်ဖြစ်နေရာမှာ ဖြန်ဖြေတဲ့သဘောနဲ့ သွားပြီးတော့ အကျိုးသင့်အကြောင်းသင့် တရားစကားပြောရင် တယ်ပြီးလက်မခံတတ်ဘူး၊ စိတ်ဆိုးတတ်တယ်။ ရန်ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေကို သွားပြီး

http://www.dhammadownload.com



ရန်ဖြေလို့ရှိရင် မိမိပါ အရိုက်အနှက်ခံရတတ်တယ်။ အဲဒါ ဟာ ဘာဖြစ်လို့တုံးဆိုရင် သူ့မှာဒေါသဆိုတဲ့ ရောဂါဆိုး ကပ်နေလို့ပါပဲ။ အကျိုးရှိရာရှိကြောင်း လာပြီးပြောတဲ့စကား တွေကတော့ အင်မတန်အဖိုးတန်ပါတယ်။ ဒါပေမဲ့ သူ့ အတွက်မှာတော့ အဖိုးမတန်ဘဲ အရသာမရှိဘဲ ဖြစ်နေပါ တယ်။ ခုနကပြောတဲ့ ငှက်ဖျားရောဂါစွဲကပ်နေလို့ ခံတွင်း ပျက်နေတဲ့ပုဂ္ဂိုလ်မှာ အရသာမရှိသလိုပါပဲ။ ဒီတော့ ဒေါသ များဖြစ်လာလို့ရင် 'ငါ့မှာ ရောဂါဝေဒနာ စွဲကပ်နေပြီ'လို့သာ အောက်မေ့ပေတော့။ ရောဂါဝေဒနာစွဲကပ်တယ်လို့ဆိုရင် ဆေးမြန်မြန်ကုမှ၊ မကုလို့ရှိရင် ရောဂါက တိုးပွားလာပြီး ပုံမတော်ရင် သေစေတတ်တယ်။

အဲဒီလိုပါပဲ ဒီဒေါသကလည်း တိုးပွားလာလို့ရှိရင် မျက်မှောက်မှာလည်း အကျိုးမဲ့တွေ အများကြီးဖြစ်စေနိုင် တယ်။ တစ်ခါတစ်ရံ သတင်းစာထဲမှာ ဒီဖြစ်ပုံမျိုးတွေ ပါလာတယ်။ ညီအစ်မတွေ၊ ညီအစ်ကိုတွေ၊ မောင်နှမတွေ အင်မတန် ချစ်ခင်မြတ်နိုးနေတဲ့ ပုဂ္ဂိုလ်တွေဟာ အကြောင်း တစ်ခုခုကြောင့် အပြောမတဲ့၊ အဆိုမတဲ့တဲ့အခါ တစ်ယောက် နဲ့တစ်ယောက် စိတ်ဆိုးပြီးတော့ တွေ့ကရာနဲ့ ကောက်ရိုက် မိလို့ ရုတ်တရက်သေသွားတဲ့အကြောင်း ဒီတော့မှ ပြစ်မှားမိ တဲ့သူမှာ တစ်ခါတည်းယူကြုံးမရဖြစ်ရတဲ့ အကြောင်းတွေကို တွေ့ရတယ်။ အဲဒါတွေဟာ အစကတော့ အင်မတန်ချစ်ခင်

http://www.dhammadownload.com



နေတဲ့ပုဂ္ဂိုလ်တွေပဲ။ ဒေါသကြောင့် အကျိုးမဲ့ဖြစ်ရတာတွေပဲ။ ဒေါသနဲ့စိတ်ဆိုးပြီး ရိုက်နှက်မိလို့ ကိုယ့်ညီမကလေး၊ ကိုယ့်မောင်ကလေး သေသွားရှာတယ်စသည်ဖြင့် ပူဆွေးတမ်းတပြီး နေကြရတာတွေပေါ့လေ။ အဲဒီလိုဟာတွေ ဘုန်းကြီးက သတင်းစာထဲမှာ သတိပြုပြီးတော့ ကြည့်ရှုမိတယ်။ ဒါတွေဟာ ဒေါသဆိုတဲ့ စိတ်ပျက်၊ စိတ်ဆိုးရောဂါမျိုး စွဲကပ်ပြီးတော့ သူ့ရောဂါ သူမထိန်းနိုင်လို့ အကြီးအကျယ်ဒုက္ခရောက်သွားတာတွေပဲ။ ကိုယ်အင်မတန် ချစ်မြတ်နိုးတဲ့ပုဂ္ဂိုလ်လည်း သေကျေပျက်စီးသွားရသေးရဲ့၊ လောကရာဇဝတ်မှုတွေလည်း ဖြစ်သေးရဲ့၊ ဘယ်လောက်များ စိတ်မချမ်းသာစရာကောင်းသလဲလို့။ ဒါတွေဟာ ပြောစရာတောင်မလိုပါဘူး။ အလွန်ထင်ရှားနေပါပြီ။

ဒီဒေါသဟာ မျက်မှောက်ဘဝကာလတွင်လည်း မကောင်းကျိုးပေးပြီး မိတ်ကောင်း ဆွေကောင်းတွေနဲ့ မိတ်ပျက် ဆွေပျက်ဖြစ်တတ်တယ်။ ပြီးတော့ မကောင်းမှုအကုသိုလ်တွေ ပွားများပြီး တမလွန်လောကမှာလည်း အပါယ်လေးပါးကျပြီး ဆင်းရဲဒုက္ခရောက်စေတတ်တယ်။ အင်မတန် ကြောက်စရာကောင်းပါတယ်။ ဒီဒေါသကြောင့် အကျိုးမဲ့ဖြစ်တတ်ပုံကို မြတ်စွာဘုရားက သာကေဝတ္ထုတစ်ခု ပြထားတယ်။ အဲဒီသာကေဟာ အင်မတန်ကောင်းပါတယ်။

http://www.dhammadownload.com

# ဝေဒေဟိကာ ဝတ္ထု

ဘုရားမပွင့်မီ ရှေးအခါကာလတုန်းက သာဝတ္ထိပြည်မှာ ဝေဒေဟိကာဆိုတဲ့ အိမ်ရှင်မတစ်ယောက် ရှိတယ်တဲ့။ အဲဒီ အိမ်ရှင်မကို 'ကိုယ်ကျင့်တရားကောင်းတယ်၊ စိတ်နေသဘော ထား ကောင်းတယ်'လို့ အရပ်က ချီးကျူးနေကြတယ်။ 'ဝေဒေဟိကာဟာ သူတော်ကောင်းစိတ်ရှိတယ်။ အပြော အဆိုကလည်း အင်မတန်ကောင်းတယ်။ ရိုရိုသာသာ ရှိ တယ်။ ဆက်ဆံရေးမှာလည်း ဖော်ဖော်ရွေရွေနဲ့ အင်မတန် ကောင်းတယ်။ တကယ့်သူတော်ကောင်းမလေးပဲ'လို့ ဒီလို အရပ်က ချီးကျူးနေကြတယ်။ ဟိုအိမ်ကလည်း ချီးကျူး၊ ဒီအိမ်ကလည်း ချီးကျူးနဲ့ပေါ့လေ။ သူ့ရဲ့ချွတ်ယွင်းချက်တွေ ကို မတွေ့ကြလို့ ချီးကျူးနေကြတာပေါ့။ အဲဒီအိမ်မှာ ကျွန်မ တစ်ယောက်ကလည်း ရှိတယ်။ သူ့နာမည်က ကာဠီ တဲ့။ ကာဠီဆိုတာ ပါဠိစကားပဲ။ မည်းနက်တယ်လို့ ဆိုလိုပါ တယ်။ ဒါကြောင့် မြန်မာလိုဆိုတော့ မိနက်လို့ ခေါ်ရမှာပေါ့။ အဲဒီကာဠီဆိုတဲ့ ကျွန်မက ဟိုအိမ်သွားလည်းပဲ သူ့သခင်မရဲ့ စိတ်သဘောကောင်းကြောင်း၊ သည်းခံတတ်ကြောင်း၊ ဖော် ဖော်ရွေရွေရှိကြောင်းတွေ ချီးကျူးနေကြ၊ ဒီအိမ်သွားလည်း

http://www.dhammadownload.com



ချီးကျူးနေကြနဲ့ ဝေဒေဟိကာကို အကုန်လုံးက ချီးကျူးနေကြတာချည်း ကြားနေရတယ်။

ဒါကြောင့် တစ်နေ့တော့ သူက ဒီလိုစဉ်းစားသတဲ့။ 'ဘို့သခင်မဟာ အဟုတ်ပဲ စိတ်သဘောကောင်းနေလို့လား၊ ဒါမှမဟုတ်ရင်လည်း အိမ်ကိစ္စတွေကို ငါဆောင်ရွက်နေတာကပဲ အချိုးကျ အဆင်ပြေနေလို့လား စုံစမ်းဦးမှပဲ'လို့ ကြံပြီးတော့ သူက စုံစမ်းရေးလုပ်တယ်။ ဘယ့်နှယ်လုပ်သလဲဆိုရင် တစ်နေ့သောအခါ ကာလကျတော့ သူက ခါတိုင်းလို အိပ်ရာက စောစောမထဘဲနဲ့ အိပ်ရာထဲမှာပေပြီးတော့ အိပ်နေသတဲ့။ အဲဒီလိုစုံစမ်းရေးအနေနဲ့ ပေပြီးတော့ အိမ်နေတော့ နံနက်လင်းတဲ့အခါမှာ ဝေဒေဟိကာဆိုတဲ့အိမ်ရှင်မက အိပ်ရာမှထပြီး အခြေအနေတွေ ကြည့်တယ်၊ ကြည့်တော့ အခါတိုင်းလို မျက်နှာသစ်စရာ ရေတို့ဘာတို့ အစစအရာရာ အဆင်သင့်မရှိတာကို တွေ့ရတာပေါ့။ မီးဖိုထဲမှာ ချက်ရေးပြုတ်ရေးတွေလည်း ဘာမှမလုပ်ရသေးဘူး။ အမှိုက်လှည်းစရာစသည်တွေလည်း ဘာမှမလုပ်ရသေးဘူး။ အဲဒါကို တွေ့ရတယ်။ တွေ့ရတော့ ဝေဒေဟိကာကစဉ်းစားတယ်။ 'အင်း ဒီကနေ့ ကာဠီဟာ အိပ်ရာက ထပုံမပေါ်သေးဘူး၊ အခါတိုင်း လုပ်နေကျအလုပ်တွေ ဘာမှမလုပ်ရသေးဘူး။ သို့သော် သူဟာ နေမကောင်းလို့များလေလား မသိပါဘူး'လို့ ဆင်ခြင်ပြီး သူက စိတ်မဆိုးသေးပါဘူး။ စိတ်ဆိုးစရာအကြောင်းဟာ

http://www.dhammadownload.com



မလုံလောက်သေးဘဲဟာကိုး။ နေမကောင်းရှာလို့နဲ့တူပါရဲ့လို့ ကရုဏာကလေးနဲ့ သနားစိတ်တောင် ဖြစ်လိုက်ပါသေး တယ်။ ခုနကပြောခဲ့တဲ့ စိတ်ပျက်စိတ်ဆိုးရောဂါက မကပ် သေးလို့ သူကစိတ်ကောင်းတုန်း၊ စိတ်ကြည်လင်တုန်းပဲ ရှိပါသေးတယ်။ ဒါကြောင့် နေမကောင်းလို့ထင်ပြီးတော့ သူက သွားပြီးမေးပါတယ်။ 'ဟော့– ကာဠီ'လို့ ခေါ်တယ်။

'ဘာလဲ သခင်မ'လို့ ကာဠီက ပြန်ကြားတယ်။

'ဟဲ့၊ နင်အိပ်ရာက မထသေးဘူးလား'

'မထသေးဘူး သခင်မ'

'ဘာဖြစ်လို့တုံး၊ နေမကောင်းလို့လား'

'ဘာမှတော့ မဖြစ်ပါဘူး သခင်မ၊ အိပ်ချင်လို့ပဲ အိပ်နေပါတယ်'လို့ ကာဠီက ဒီလိုပြောတာကိုး။ ဒီတော့ ဝေဒေဟိကာဟာ ပါးစပ်က ဘာမှမပြောသေးပေမယ့် မျက်နှာကလေးကတော့ ပျက်သွားတယ်။ 'ဘယ့်နှယ်လဲ၊ အခါတိုင်း လုပ်နေကျအလုပ်ကို သူမလုပ်ဘူး၊ ဘာဖြစ်နေပါ လိမ့်မတုံး။ ဒီကောင်မ ဖောက်ပြန်လာတာပဲ'လို့ စိတ်က ခသွားတယ်။ ကာဠီကလည်း အပါးပဲ။ အိပ်ချင်ယောင် ဆောင်ပြီးတော့ 'သူ့သခင်မ ဘယ်လိုနေသလဲ၊ စိတ်ဆိုး သလား၊ မဆိုးဘူးလား'ဆိုတာကို တစေ့တစောင်း အကဲခတ် ပြီး ကြည့်နေတာကိုး။ ဒါကြောင့် သူ့သခင်မ မျက်နှာကလေး က ညိုပြီး မျက်မှောင်ကလေးက ကုပ်သွားတာကို သူက

http://www.dhammadownload.com



မြင်သွားတယ်။ ရောဂါစွဲကပ်စပြုလာတာကို ရိပ်မိသွားတာပေါ့။ ဒီတော့ ကာဠီက 'အင်း တို့သခင်မဟာ စိတ်တော့ အဆိုးတတ်သားပဲ၊ စိတ်ဆိုးစရာအကြောင်းက မရှိလို့ စိတ်မဆိုးဘဲ နေတာကိုး။ သို့သော် သိပ်မသေချာသေးဘူး။ တစ်ဖန် ထပ်ပြီးစုံစမ်းလိုက်ဦးမှပဲ'လို့ ကြံပြီးတော့ နောက်တစ်ရက်လည်း အိပ်ရာက စောစောမထဘဲ နေပြန်သတဲ့။ အဲဒီလို မထဘဲနေတော့ ယခင်နေ့ကလိုပဲ လာပြီးမေးပြန်တယ်။

'ဟေ့– ကာဠီ၊ နင်အိပ်ရာက မထသေးဘူးလား'

'မထသေးဘူး သခင်မ'

'ဘာကြောင့်တုံး'

'ဘာမှမဖြစ်ပါဘူး သခင်မ'လို့ ဆိုတော့

'ကာဠီနော်၊ နင် ငါ့အကြောင်း သိမယ်'တဲ့။ အဲဒီလို နှုတ်ကထွက်လာတယ်။ စိတ်ထဲတွင်မကဘူး၊ နှုတ်ကိုရောက်လာပြီ။ အဲဒါဟာ ဒေါသဖြစ်လို့ ဒေါသအလျောက် စိတ်ကလေးနဲ့ လုပ်တာ၊ ယခုလူတွေ စကားပြောနေကြတာလည်း စိတ်နဲ့ချည်းပဲ။ သွားရင်လည်း စိတ်နဲ့ပဲ၊ လှုပ်ရှားရင်လည်း စိတ်နဲ့ပဲ၊ ပြုလုပ်သမျှ စိတ်နဲ့ချည်းပဲ။ အဲဒီစိတ်ကလေးကို မိအောင်ဖမ်းဖို့ လိုပါတယ်။ သူ့ကိုမဖမ်းနိုင်လို့ ခက်နေတာ။ ဒီစိတ်ကလေးဟာ အင်မတန်အရာရောက်ပါတယ်။ ကောင်းလည်း သူပဲ၊ မကောင်းလည်း သူပဲ။ ဒါ၊ သီလ၊ ဘာဝနာ

http://www.dhammadownload.com



တွေ၊ ကုသိုလ်ကောင်းမှုတွေကို လုပ်လည်း ဒီစိတ်ပဲ။ မကောင်းတာတွေကို လုပ်လည်း ဒီစိတ်ပဲ။ ဒီစိတ်ကိုနိုင်ဖို့ရာ အရေးကြီးပါတယ်။ ဥရောပတို့ အမေရိကန်တို့ အနောက်နိုင်ငံတို့က ပုဂ္ဂိုလ်တွေကတော့ ဘာလုပ်သလဲဆိုရင် သူတို့က အဏုမြူရုပ်ဓာတ်ကို ဖမ်းကြတယ်။ အဲဒီအဏုမြူရုပ်ကလေးကို နိုင်နင်းအောင်ဖမ်းပြီးတော့ သူတို့က အင်မတန်ကြောက်စရာကောင်းတဲ့ လက်နက်တွေကို လုပ်ပြီး အသုံးပြုနေကြတယ်။ အပြင်ဘက်ကို အထည်ဒြပ်ရုပ်တရားတွေကို နိုင်နင်းဖို့အတွက်မှာတော့ သူတို့က သိပ်လိုက်စားနေကြတယ်။ အရေးကြီးတာကတော့ ကိုယ်ထဲကစိတ်က ပိုပြီးအရေးကြီးပါတယ်။ အဲဒီစိတ်ကလေး နိုင်နင်းဖို့ရာ လိုပါတယ်။ ဒီစိတ်ကလေး မနိုင်နင်းလို့ရှိရင် ဒီစိတ်ကလေးက ဒုက္ခတွေအများကြီးပေးနေတာ။ ဒါကြောင့် ဝေဒေဟိကာမှာ ဒေါသစိတ်က နှိုးဆော်လိုက်လို့ ကြမ်းတမ်းတဲ့စကားကလေး နှုတ်က ပေါ်လာတာ။

ဒီတော့ ကာဠီက 'ငါထင်တဲ့အတိုင်း ဟုတ်ပြီ၊ မှန်ပြီ၊ တို့သခင်မဟာ ဒေါသကတော့ ရှိနေတာပဲ။ စိတ်ဆိုးစရာအကြောင်းမရှိလို့သာ စိတ်မဆိုးဘဲ ဖြစ်နေတာပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ သေချာသည်ထက် သေချာအောင် ထပ်မံစုံစမ်းလိုက်ဦးမှပဲလို့ ကြံပြီးတော့ နောက်တစ်ရက်လည်း အိပ်ရာက စောစောမထဘဲ နေပြန်သတဲ့။ အဲဒီတော့

http://www.dhammadownload.com



ဝေဒေဟိကာက ကာဠီရဲ့အပေါ်မှာ စောစောကတည်းက စိတ်ဆိုးနေပုံရပါတယ်။ 'ဒီကောင်မတော့ ဖောက်ပြန်နေတော့တာပဲ။ ဘာဖြစ်သလဲမသိဘူး၊ အလျင်ကလို မဟုတ်တော့ဘူး။ ပျက်စီးနေပြီ'ဆိုပြီး စောစောကတည်းက စိတ်ဆိုးနေပုံ ရပါတယ်။ ဒါကြောင့်

'ဟော့– ကာဠီ၊ အိပ်ရာက မထသေးဘူးလား'

'မထသေးဘူး သခင်မ'

'ဘာဖြစ်လို့တုံး'လို့ မေးတဲ့အခါမှာ

'ဘာမှမဖြစ်ပါဘူး သခင်မ'လို့ ပြောလိုက်တော့

'ဘာမှမဖြစ်ရင် နင် ငါ့အကြောင်းသိရောဟဲ့'ဆိုပြီးတော့ တံခါးကန့်လန့်နဲ့ ပေါက်လိုက်တာ တစ်ခါတည်း ခေါင်းကွဲသွားပါရောတဲ့။ အဲဒါဟာ စိတ်ကနေပြီးတော့ ဝစီကံတွင် မကဘူး၊ ကာယကံကို ရောက်လာတာပါပဲ။ အဲဒီလို ကာယကံမြောက် ကျူးလွန်လိုက်တဲ့အတွက် ခေါင်းကွဲသွားရရှာတဲ့ ကျွန်မကာဠီက ခေါင်းကွဲသွားအောင် ပစ်ခတ်တဲ့အကြောင်းကို အိမ်နီးချင်းတွေ လျှောက်ပြီး တိုင်တန်းပါသတဲ့။ 'ကျွန်မဖြစ်ပုံကို ကြည့်စမ်းပါဦး ဒေါ်ဒေါ်တို့၊ အိမ်မှာ ခိုင်းစေစရာဆိုရင် ကျွန်မတစ်ယောက်တည်း ရှိပါတယ်။ ဒီတစ်ယောက်တည်းရှိတဲ့ ကျွန်မကို အိပ်ရာက စောစောမထတာနဲ့ ဒါလောက်ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်သင့်ပါရဲ့လား၊ အရပ်ကဖြင့် ချီးကျူးလိုက်ကြတာ မပြောပါနဲ့တော့။

http://www.dhammadownload.com



ဝေဒေဟိကာဟာ တကယ့်သူတော်ကောင်းမလေးတဲ့တော့၊ ဘာမှ ကြမ်းကြမ်းတမ်းတမ်း မပြောတတ်ဘူးတဲ့။ ဖော်ဖော် ရွေရွေ ရှိသတဲ့။ စိတ်သဘောထားကောင်းသတဲ့တော့။ ချီး မွမ်းလိုက်ကြတာ၊ ကြည့်စမ်းပါဦး၊ အဲဒီသူတော်ကောင်းမ လေးက ဒီတစ်ယောက်ထဲရှိတဲ့ အစေခံကျွန်မကို ဒီလောက် ကြမ်းကြမ်းတမ်းတမ်း တံခါးကန့်လန့်နဲ့ ပေါက်ရသလား။ ကျွန်မမှာ ခေါင်းကွဲပါပြီတော့'လို့ ဆိုပြီးတော့ အရပ်ထဲ လျှောက်ပြီး တိုင်တမ်းသတဲ့။

ဒီတော့ အရပ်ထဲကလူတွေက ကဲ့ရဲ့ကြတယ်။ 'ဝေဒေဟိကာဟာ တော်တော်ကြမ်းတမ်းတယ်၊ သိပ်ရိုင်းတာ ပဲ။ ဒီကလေးမ တစ်ယောက်တည်းရှိတာကို ဒီလောက် ရက်ရက်စက်စက် လုပ်ရမလား' စသည်ဖြင့်ပေါ့လေ။ ကဲ့ရဲ့ ကြတာဟာ ယခင်က ချီးမွမ်းတာထက်တောင် များပါသေး သတဲ့။ ချီးကျူးတယ်ဆိုတာ ဖြစ်ဖို့သိပ်မလွယ်ဘူး။ ကဲ့ရဲ့ တယ်ဆိုတာကတော့ အင်မတန်ဖြစ်လွယ်တယ်။ ချီးကျူးခံ ချင်တဲ့ပုဂ္ဂိုလ်ဟာ ချီးကျူးစရာဂုဏ်နဲ့ ပြည့်စုံအောင်လို့ အင် မတန် ကြိုးစားရတယ်။ ကာယကံ၊ ဝစီကံအစစအရာရာတွေ မှာ အင်မတန်စောင့်စည်းနေမှ ချီးကျူးဖွယ်ဂုဏ်လေးတစ်ခု ဖြစ်ပေါ်လာတာ။ အဲဒီလို ဖြစ်ပေါ်လာတဲ့ ဂုဏ်ကလေးကို ပျောက်ပျက်မသွားအောင်လို့ စောင့်ရှောက်ရတာကလည်း တော်တော်ခဲယဉ်းပါတယ်။ သူက တစ်နေ့လောက် ကောင်း

http://www.dhammadownload.com



နေရုံနဲ့လည်း မပြီးဘူး၊ တစ်လလောက်၊ နှစ်လလောက် ကောင်းနေရုံနဲ့လည်း မပြီးသေးဘူး။ နောက်နေ့၊ နောက်လ၊ နောက်နှစ်တွေမှာလည်း ကောင်းမြဲကောင်းနေမှ အသက် ထက်ဆုံး ကောင်းနေမှ ပြီးစီးပြည့်စုံပါတယ်။ တချို့များ သေခါနီးကျမှ ကျင့်ဝတ်ကပျက်သွားလို့ အဲဒီဂုဏ်ပျက်ပြီး နာမည်ပျက်သွားရှာကြတယ်။ ဒါကြောင့် ကောင်းတဲ့ဂုဏ်ကို ဆောင်ထားဖို့ဆိုတာ တယ်ပြီးမလွယ်ဘူး။ တော်တော်ကို ခက်ပါတယ်။

အကဲ့ရဲ့ခံရဖို့၊ ဂုဏ်ပျက်ဖို့ဆိုတာတွေကတော့ သိပ် လွယ်တာ၊ အဲဒါကမှ ဘာမှမခက်ဘူး၊ အခုချက်ချင်း လုပ် ယခုချက်ချင်း ဂုဏ်ပျက်တယ်။ ဘယ်သူဖြစ်ဖြစ် လုပ်နိုင် တယ်။ လွယ်လိုက်တာ မပြောနဲ့တော့။ သူက အင်မတန် လွယ်တာ၊ အဲဒီဂုဏ်ပျက်တယ်၊ ကဲ့ရဲ့ခံရတယ်ဆိုတာ ဘယ်ကလာတုံးဆိုရင် ယခုပြောနေတဲ့စိတ်ပျက် စိတ်ဆိုး ဆိုတဲ့ ရောဂါဆိုးဆီက အများဆုံးလာတတ်ပါတယ်။ ဒီ စိတ်ဆိုးရောဂါ ဝင်လာရင် ဒီရောဂါကြောင့် စိတ်အမူအရာက မှုမမှန်၊ နှုတ်အမူအရာက မှုမမှန်၊ ကိုယ်အမူအရာက မမှန်နဲ့ ဖောက်ပြန်ပြီးလာတယ်။ အဲဒီလိုအခါမှာ ကဲ့ရဲ့ဖွယ်တွေက ဖြစ်လာတော့တာပဲ။ ဒါကြောင့် ဒီနေရာဂါကို နှိမ်ချိုးပယ် ဖျောက်ကတော့ တရားအားထုတ်ဆဲမှာလည်း အသုံးကျ တယ်၊ တရားအားမထုတ်ဘဲ အလွတ်နေတဲ့အခါမှာလည်း

http://www.dhammadownload.com



အသုံးကျတယ်။ လူတိုင်း လူတိုင်းအတွက် အခါခပ်သိမ်း အသုံးကျပါတယ်။ လူကြီးလည်း အသုံးကျတယ်။ လူငယ်လည်း အသုံးကျတယ်။

လူတွေဆိုတာ တစ်ယောက်တည်း နေနိုင်တဲ့ပုဂ္ဂိုလ်က တယ်ပြီးရှိတာ မဟုတ်ဘူး။ အများနဲ့ ဆက်ဆံနေကြတာ၊ အိမ်တွေမှာဆိုရင် အနည်းဆုံး သမီး၊ ခင်ပွန်းနှစ်ယောက်လောက်တော့ ရှိနေတာပဲ။ အဲဒီနှစ်ယောက်အချင်းချင်း ညီညွတ်နေဖို့ရာ အရေးကြီးပါတယ်။ နှစ်ဦးသုံးဦးစသည် နေထိုင်ကြရာမှာ ကိုယ့်အလိုမကျ သူ့အလိုမကျနဲ့ စိတ်ဆိုးစရာလေးတွေကတော့ ကင်းမှာမဟုတ်ဘူး၊ ရှိမှာပဲ။ အဲဒီလိုစိတ်ဆိုးစရာလေးတွေက ရှိတော့ အချင်းချင်းစိတ်ဆိုးကြပါရော။ အဲဒီလို စိတ်ကဆိုးလာလို့ရှိရင် ရောဂါစွဲကပ်လာပြီလို့သာ မှတ်ပေတော့။ အဲဒါကို မြန်မြန်ရှုမှတ်ပြီးတော့ပယ်ရမယ်။ မပယ်လို့ရှိရင် အဲဒီစိတ်က ကြီးပွားလာပြီးတော်တော်ကြာ နှုတ်ကမပြောသင့်တာကို ပြောမိတယ်။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာပျက်ပြီးအဆင်မပြေဖြစ်ကုန်ရော။ ပြောရုံနဲ့တင်မကဘဲနဲ့ ကာယကံမြောက် ကျူးလွန်သွားရင်တော့ ပြောစရာမရှိဘူး။ အချင်းချင်းတကွဲတပြားစီဖြစ်ပြီးတော့ ဒုက္ခတွေများကုန်တတ်တယ်။ ဒါဟာ လောကတွင် မကောင်းကျိုးပေးပုံပဲ။ မကောင်းမှုအကုသိုလ်ကံမြောက်အောင် ကျူးလွန်မိရင်တော့ သံသရာမှာ

http://www.dhammadownload.com



လည်း မကောင်းကျိုးဆင်းရဲဒုက္ခတွေကို အကြီးအကျယ်တွေ့ရတတ်တယ်။ ဒါကြောင့် တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေလည်းပဲ ကိုယ့်နေရေးထိုင်ရေးမှစပြီး အစစအရာရာမှာ အဆင်ပြေစေရန်၊ ကောင်းကျိုးချမ်းသာတွေ ရောက်စေရန်၊ ဂုဏ်မပျက်စေရန်၊ ဂုဏ်တက်စေရန်အတွက် ဘာလိုနေတုံးဆိုရင် အဲဒီစိတ်ဆိုးရောဂါ အဝင်မခံဖို့ရာ လိုနေပါတယ်။

လောကမှာ ကိုယ့်ကိုယ်ကရောဂါဝေဒနာတွေ စွဲကပ်နေရင် အခြားသူတွေက ရွံကြတယ်၊ မုန်းကြတယ်၊ ကိုယ့်အနီးအနားမှာ လူမကပ်ချင်ဘူး၊ အထူးအားဖြင့် ကိုယ်ရေရောဂါ၊ နူနာရောဂါများ စွဲကပ်နေလို့ရှိရင် အဲဒီလူရဲ့အနီးနား ဘယ်လာချင်လိမ့်မတုံး။ မလာချင်ဘူး၊ အင်မတန်ခင်မင်နေတဲ့ပုဂ္ဂိုလ်တောင်မှ ပူးပူးကပ်ကပ်နေဖို့ရာ တော်တော်တာဝန်လေးပါတယ်။ ပြီးတော့ ကူးစက်တတ်တဲ့ရောဂါတွေဆိုတာကလည်း ရှိသေးတယ်။ အဲဒါတွေများဆိုရင် ဆွေချင်းမျိုးချင်းလည်း အနီးအပါး မလာဝံ့တော့ဘူး။ လာတော့လာချင်တာပဲ၊ ရောဂါကူးမှာစိုးလို့ တချို့က မလာဝံ့ဘူး။ ကြောက်တယ်။ ရောဂါစွဲကပ်နေတဲ့သူကို ချင်ခင်မြတ်နိုးနေတဲ့ပုဂ္ဂိုလ်တွေတောင်မှ နီးနီးစပ်စပ်ဆက်ဆံဖို့ရာ ခဲယဉ်းလာဘတ်တယ်။

http://www.dhammadownload.com

## အချင်းချင်း မေတ္တာပျက်တာ ဒေါသ

အဲဒီလိုပဲ ရောဂါနဲ့အလားတူတဲ့ ဒီဒေါသစိတ်ကပ်ရောက်လာလို့ရှိရင်ဖြင့် ခင်မင်နေတဲ့သူအချင်းချင်းလည်း မေတ္တာတွေပျက်ကုန်တတ်တယ်။ ဒါကြောင့်မို့ ဒေါသဖြစ်လာလို့ရှိရင် အဲဒါကိုရှုမှတ်ပြီးတော့ ပယ်ရတယ်။ ဒီပြင်ဟာတွေကို မရှုနိုင်၊ မမှတ်နိုင်ရင်လည်း နေပါစေ၊ ဒီဟာလေးတစ်ခုကိုတော့ ရှုမှတ်ပြီး ပယ်စရာကောင်းပါတယ်။ လောကနေရေးထိုင်ရေးတွေရော အကုန်လုံးချမ်းသာသွားအောင် ဘုန်းကြီးက ဒါလေးတစ်ခုတော့ အထူးတိုက်တွန်းပါတယ်။ တရားဟောတိုင်း ဟောတိုင်း ဒါကို အမြဲတမ်းသတိပေးနေရတယ်။ ဘာဖြစ်လို့တုံးဆိုရင် 'လူတွေဟာ မုန်းကြတယ်၊ ဒေါသဖြစ်ကြတယ်'ဆိုတာဟာ ဘယ်သူတွေနဲ့ဖြစ်ကြသလဲ၊ စဉ်းစားကြည့်ပါ။ အနီးဆုံးပုဂ္ဂိုလ်တွေနဲ့ဖြစ်ကြတာပဲ မဟုတ်လား။

တစ်ဦးနှင့်တစ်ဦး အကျိုးဆောင်ကြစို့ဆိုတော့လည်း ဘယ်သူတွေက ဆောင်တုံး။ အနီးဆုံးပုဂ္ဂိုလ်တွေက ဆောင်တာပဲ။ အတူနေပုဂ္ဂိုလ်တွေက ဆောင်တာပဲ။ အားကိုးရမယ့်ကိစ္စတွေဆိုရင် ဘယ်သူတွေကို အားကိုးရတာတုံး။ အတူနေပုဂ္ဂိုလ်တွေကို အားကိုးရတာပဲ။ အဲဒီလိုပဲ စိတ်ဆိုးကြစို့ဆိုတော့လည်း အတူနေပုဂ္ဂိုလ်တွေ၊ အနီးကပ်ဆုံးပုဂ္ဂိုလ်တွေနဲ့

http://www.dhammadownload.com



စိတ်ဆိုးကြတာပဲ။ ဟိုအဝေးကြီးကလူတွေကို သွားပြီးစိတ်ဆိုးလို့ မဖြစ်ပါဘူး။ တခြားမြို့က တခြားရွာ၊ တခြားနိုင်ငံမှာနေတဲ့လူနဲ့ စိတ်ဆိုးကြဖို့ရာ အကြောင်းတကယ်မရှိလှပါဘူး။ ကြံခဲပါတယ်။ အဲဒီလို တခြားမြို့ရွာ၊ တခြားနိုင်ငံကလူဆိုတာဟာ အများအားဖြင့် သိတောင်မှ မသိဘူး၊ ဟိုမှာအဲဒီလိုလူရှိမှန်းတောင်မှ မသိဘူး။ အဲဒီမသိတဲ့လူကို ဘာစိတ်ဆိုးစရာရှိမလဲ။ ဘာမှစိတ်ဆိုးစရာမရှိဘူး။ စိတ်ဆိုးစရာ မရှိသလိုပဲ အဲဒီလူရဲ့အကျိုးကိုလည်း မဆောင်ရွက်နိုင်ဘူး။ အဲဒီလူကလည်း ကိုယ့်အကျိုးကို မဆောင်ရွက်နိုင်ဘူး။ အချင်းချင်း အကျိုးဆောင်တယ်ဆိုတာကလည်း အတူနေပုဂ္ဂိုလ်တွေ၊ နီးစပ်တဲ့ပုဂ္ဂိုလ်တွေပဲ။ အချင်းချင်းမုန်းကြစို့ ရန်ဖြစ်စို့ဆိုရင်လည်း နီးစပ်တဲ့အတူနေပုဂ္ဂိုလ်တွေပဲ။

တောရွာတစ်ရွာမှာ ရန်ဖြစ်ကြတယ်ဆိုရင် အိမ်နီးနားချင်း ရန်ဖြစ်ကြတာပဲ။ ဟိုအိမ်နဲ့ ဒီအိမ် နီးကပ်နေတဲ့အိမ်များသာ ဖြစ်တတ်ကြပါတယ်။ တစ်အိမ်ကျော်၊ နှစ်အိမ်ကျော်ကို သွားပြီးရန်ဖြစ်တာ ရှားပါတယ်။ အဲဒီတော့ အားကိုးစရာရှိရင်လည်း နီးတဲ့ပုဂ္ဂိုလ်တွေကို အားကိုးရတာပဲ။ ရန်ဖြစ်ရင်လည်း နီးတဲ့ပုဂ္ဂိုလ်ချင်း ရန်ဖြစ်ကြတာပဲ။ အဲဒီလိုရန်မဖြစ်ဘဲနဲ့ အချင်းချင်းကို အားကိုးပြီးတော့ မေတ္တာမပျက်ပဲ အစဉ်ထာဝရ ကူညီဆောင်ရွက်ပြီးသွားနိုင်ဖို့ ဘာလိုနေတုံးဆိုရင် အဲဒီဒေါသရောဂါ မစွဲကပ်ဖို့ရာ လိုနေပါတယ်။

http://www.dhammadownload.com



စွဲကပ်လာလို့ရှိရင်လည်း မြန်မြန်ဆေးကုဖို့ လိုပါတယ်။ ဒါကြောင့် ဒါကလေးကိုတော့ဖြင့် အမြဲဆောင်ထားမှပဲ။ အလွန်အသုံးကျပါတယ်။ စိတ်ထဲမှာ ဒေါသဖြစ်ရင် စိတ်ထဲတွင်ပဲ ပပျောက်သွားအောင် ရှုမှတ်ပြီးတော့ ပယ်ရမယ်။ နှုတ်အမူအရာ၊ ကိုယ်အမူအရာတွေ ပျက်မသွားစေနဲ့။ စိတ်ဆိုးတဲ့အခါ မျက်မှောင်ကလေးကုပ်၊ မျက်စောင်းကလေးထိုးနဲ့ မျက်နှာညိုပုပ်ပုပ်ဖြစ်သွားတတ်တယ်။ အဲဒီလို ကိုယ်အမူအရာ မျက်နှာအမူအရာ အနည်းငယ်ပျက်လာတယ်ဆိုရင် အဲဒီအနည်းငယ် ပျက်ရုံတွင်ပဲရပ်ပြီးတော့ ရှေ့ကိုတိုးလာအောင် ထိန်းသိမ်းဖို့ရာ လိုပါတယ်။ ကိုယ်အမူအရာပျက်ရာကနေပြီးတော့ နှုတ်ကပြောမိလာတတ်တယ်။ အဲဒီလို ပြောမိပြန်ရင်လည်းပဲ များများမပြောမိသေးခင် တစ်ခွန်းနှစ်ခွန်းထက်ပိုပြီး ရှေ့ကိုဆက်မပြောမိအောင် ရှုမှတ်ပြီးတော့ ပယ်ဖို့ရာ လိုပါတယ်။ အဲဒါဟာ အလွန်အရေးကြီးပါတယ်။

## ရန်ငြိုး

မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ သလ္လေခသုတ်တရားတော်ထဲက အောက်ပါစကားလေးတွေဟာ မှတ်သားစရာကောင်းလှတာမို့ ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

http://www.dhammadownload.com



မုန်းစရာကောင်းတဲ့အာရုံကို မြင်ရရင်၊ ကြားရရင်၊ တွေ့ထိရရင် အများအားဖြင့် အမျက်ထွက်တတ် စိတ်ဆိုးတတ်တယ်။ တချို့က အလွန်စိတ်တိုတယ်၊ နည်းနည်းကလေးမှ အထိမခံနိုင်ဘူး။ သူမကြိုက်တဲ့စကားလေးတစ်ခွန်းလောက် ကြားရရုံနဲ့လည်း အကြီးအကျယ် စိတ်ဆိုးတော့တာပဲ။ မျက်နှာကြီးက ရှုံ့မဲ့ညိုမဲ့ပြီး နှုတ်တတ်ရာရာတွေ လျှောက်ပြောတတ်တယ်။ ဣန္ဒြေကို မဆယ်နိုင်ဘူး။ မထိန်းသိမ်းနိုင်ဘူး။ အဲဒါဟာ မျက်မှောက်တွင် အရုပ်ဆိုးသွားတာပါပဲ။ 'နောင်ဘဝမှာလည်း ဒီစိတ်ဆိုးတဲ့ကောဓ က ငရဲသို့ကျစေတတ်တယ်။ လူ့ဘဝပြန်ရောက်လာတဲ့အခါလည်း ရုပ်အဆင်းမလှမပ ဖြစ်စေတတ်တယ်'လို့ စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရား ဟောတော်မူပါတယ်။

ဒေါသမီးလျှို၊ အကျည်းတန်၊ သည်းခံ လှပသည်။

စိတ်ဆိုးစရာအကြောင်းရှိပေမယ့် စိတ်မဆိုးဘဲ ရွှင်ရွှင်ပျပျ ချိုချိုသာသာနဲ့ ပြောနိုင်ရင်တော့ မျက်မှောက်မှာလည်း အရုပ်မဆိုးဘူး၊ လှပမြဲ လှပတယ်။ ကြင်လင်မြဲ ကြည်လင်တယ်။ နောင်ဘဝမှာလည်း နတ်ပြည်ရောက်တတ်တယ်။ နတ်ပြည်က လူ့ဘဝပြန်ရောက်လာရင်လည်း အရုပ်အဆင်း လှပါတတ်တယ်။ ဒါကြောင့် 'သည်းခံ လှပသည်'လို့ ဆိုထားပါတယ်။ စိတ်မဆိုးဘဲ သည်းခံတာကတော့ လက်ငင်း ဒိဋ္ဌပဲ အကျိုးတွေကို ရပါတယ်။ ဒါကြောင့် စိတ်ဆိုး

http://www.dhammadownload.com



စရာရှိတဲ့အခါ သည်းခံနိုင်အောင် ကြိုးစားကြရမယ်။ အကယ်၍ စိတ်ဆိုးလာရင်လည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာ မဖောက်ပြန်စေဘဲ စိတ်ထဲတွင် ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ကြရမယ်။ မျက်နှာနည်းနည်းလောက် ပျက်သွားရင်လည်း သူများမသိခင် ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ကြရမယ်။ နှုတ်က လွှတ်ခနဲပြောမိရင်လည်း နောက်ထပ်မပြောမိအောင် ရှုမှတ်ပြီး ပယ်ကြရမယ်။

တချို့က အမျက်ထွက်ပြီး စိတ်ဆိုးရုံတွင်မရပ်သေးဘူး၊ အဲဒီစိတ်ဆိုးစရာအာရုံကို ရန်ငြိုးဖွဲ့ထားသေးတယ်။ အကြောင်းညီညွတ်တဲ့အခါ ချေပမယ်လို့ စိတ်ထဲမှာ စွဲမှတ်ထားတဲ့သဘောပါပဲ။ အဲဒါကို ဥပနာဟ ရန်ငြိုးဖွဲ့ခြင်းလို့ ခေါ်တယ်။ တချို့က သက်ရှိသတ္တဝါကိုသာ ရန်ငြိုးဖွဲ့တာ မဟုတ်သေးဘူး၊ သက်မဲ့ဖြစ်တဲ့ ခုတ်တို့၊ တုံးတိုင်တို့ အသုံးအဆောင်ပစ္စည်းတို့ ဒီလိုဟာတွေကိုလည်း ရန်ငြိုးဖွဲ့တာပဲ။ ခလုတ်ကို တိုက်ရမလားဆိုပြီး ထုလိုက်၊ ရိုက်လိုက် လုပ်တတ်တယ်။ တုံးတိုင်ကိုလည်း 'တိုက်ဦးဟဲ့'ဆိုပြီး ပြန်တိုက်တတ်တယ်။ အသုံးအဆောင်ပစ္စည်းတစ်ခုခုကိုလည်း ထားတဲ့အတိုင်းမဟုတ်ဘဲ လဲသွားရင် လိမ့်သွားရင် ကျသွားရင် ကိုင်ပြီးရိုက်ချိုးတတ် ပစ်ချတတ်တယ်။ အဲဒီလိုလူကို 'ဒေါသုမ္မတ္တက၊ ဒေါသရူး'ခေါ်တာပဲ။ အဲဒီလို စိတ်တိုတတ်တဲ့သူဟာ ဘေးက မြင်ရ တွေ့ရတဲ့သူတွေအနေနဲ့တော့

http://www.dhammadownload.com



ရယ်စရာလည်းကောင်းတာပဲ။ သနားစရာလည်း ကောင်းတာပဲ။

အဲဒီမှာ ရန်ငြိုးဖွဲ့ခြင်း၏အကြောင်း အာဃာတဝတ္ထုဆိုတာ ၉ ပါး ရှိတယ်။ ဘာတွေလဲဆိုရင် သူဟာ ငါ၏အကျိုးမဲ့ကိုပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း သုံးပါးတဲ့။ ဆိုလိုတာကတော့ လူတစ်ဦးတစ်ယောက်ကို 'ဒီလူဟာ ငါ၏အကျိုးမဲ့ကို အလျင်က ဘယ်အခါတုန်းက ပြုခဲ့ဖူးတယ်၊ တစ်နေ့ကျရင် ငါကလည်း သူ့အကျိုးမဲ့ကို ပြုမယ်၊ လက်စားချေမယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ နောက်ပြီးတော့ 'ဒီလူဟာ ငါ၏အကျိုးမဲ့ကို ပြုနေတယ်၊ တစ်နေ့ကျရင် လက်စားပြန်ချေမယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ နောက်ပြီးတော့ 'ဒီလူဟာ နောက်နေ့တစ်ချိန်မှာ ငါ၏အကျိုးမဲ့ကို ပြုလိမ့်မယ်၊ ဒါကြောင့် ငါက အလျင်ဦးအောင် သူ့ကိုနှိပ်စက်လိုက်မယ်၊ သတ်လိုက်မယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ အဲဒါက မိမိ၏အကျိုးမဲ့ကို ပြုဖူးတဲ့အကြောင်း၊ ပြုဆဲအကြောင်း၊ ပြုလတ္တံ့အကြောင်းဆိုတဲ့ ဒီအကြောင်း ၃ ပါးကို စွဲပြီး ဖြစ်တဲ့ရန်ငြိုးဖွဲ့ခြင်း ၃ ပါးပါပဲ။

နောက်ပြီးတော့ 'ငါ့ချစ်သူ၏အကျိုးမဲ့ကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်' ဟု ရန်ငြိုးဖွဲ့ခြင်း ၃ ပါးတဲ့။ ဒါကတော့ ကိုယ့်အကျိုးအတွက် မဟုတ်ဘူး။ ကိုယ်ချစ်တဲ့ အိမ်သူအိမ်သား သမီးသား ဆွေမျိုးမိတ်ဆွေ ဆရာတပည့်

http://www.dhammadownload.com



ဒီလိုပုဂ္ဂိုလ်များ၏ အကျိုးမဲ့ကို ပြုမှုနှင့်စပ်ပြီး ရန်ငြိုးဖွဲ့တာပဲ။ ဒါကလည်း 'ငါ့သားကို နှိပ်စက်တယ်၊ ငါ့သမီးကို စော်ကားတယ်'စသည်ဖြင့် ရန်ငြိုးဖွဲ့တာတွေ ရှိတာပဲ။

နောက်ပြီးတော့ 'ငါမုန်းသူ၏အကျိုးကို ပြုခဲ့ပြီ၊ ပြုနေသည်၊ ပြုလိမ့်မည်'ဟု ရန်ငြိုးဖွဲ့ခြင်း ၃ ပါးတဲ့။ ကိုယ်မုန်းတဲ့သူအား မကြီးပွား၊ မချမ်းသာစေချင်ဘူး၊ ဆင်းရဲဒုက္ခရောက်စေချင်တယ်။ အဲဒါဟာ အများအားဖြင့် ဖြစ်ရိုးဖြစ်စဉ်စိတ်နေသဘောထားပဲ။ ဒါကြောင့် ကိုယ်မုန်းတဲ့သူအား အကျိုးများအောင် ကြီးပွားချမ်းသာအောင် ဆင်းရဲမှ လွတ်မြောက်အောင် ကူညီတဲ့သူကိုလည်း ရန်ငြိုးဖွဲ့တတ်ကြတယ်။ ရန်ငြိုးဖွဲ့ပုံကတော့ 'ဒီလူဟာ ငါမုန်းတဲ့သူအား အကျိုးများအောင် ကူညီဆောင်ရွက်ခဲ့ဖူးတယ်၊ ဒါကြောင့် သူ့ကိုလည်း အကျိုးမဲ့ဖြစ်အောင် ပြုမယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ 'ဒီလူဟာ ငါမုန်းတဲ့သူအား အကျိုးများအောင် ယခုဆောင်ရွက်နေတယ်၊ ဒါကြောင့် သူ့ကိုလည်း အကျိုးမဲ့ဖြစ်အောင် ပြုမယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ 'ဒီလူဟာ ငါမုန်းတဲ့သူ၏ အကျိုးကို ဆောင်ရွက်လိမ့်မယ်၊ ဒါကြောင့် သူ့ကို အကျိုးမဲ့ဖြစ်အောင် ပြုမယ်'လို့ ဒီလိုရန်ငြိုးဖွဲ့တာက တစ်ပါး။ ပေါင်း ၃ ပါး၊ ရှေ့က ၆ ပါးနဲ့ပေါင်းလိုက်ရင် အာဃာတဝတ္ထု ၉ ပါးဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီရန်ငြိုးဖွဲ့တာတွေဟာ မျက်မှောက်မှာလည်း အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။ ဒါကြောင့် ဒီလိုရန်ငြိုးဖွဲ့တာမျိုးကတော့ ကင်းတာပဲ ကောင်းတယ်။ မျက်မှောက်မှာလည်း အကျိုးမဲ့ကို ဖြစ်ပေတတ်ပုံကတော့ မောင်ဆိုးပေဆိုတဲ့လူကို မောင်မိုက်ကန်းဆိုတဲ့လူက အငြိုးထားပြီး လက်စားချေလိုက်ရင် မောင်ဆိုးပေ၏ အဆက်အနွယ်တွေကလည်း မောင်မိုက်ကန်းကို ပြန်ပြီးလက်စားချေလိုက်ရင် မောင်ဆိုးပေ၏အဆက်အနွယ်တွေကလည်း မောင်မိုက်ကန်းကို ပြန်ပြီးလက်စားချေလိမ့်မယ်။ တစ်ဖန် မောင်မိုက်ကန်း၏ အဆက်အနွယ်တွေကလည်း မောင်ဆိုးပေ၏ အဆက်အနွယ်တွေကို ပြန်ပြီးလက်စားချေလိမ့်ကြမယ်။ ဒီနည်းဖြင့် အပြန်အလှန် လက်စားချေကြတာဟာ မပြတ်မစဲဖြစ်သွားနိုင်တယ်။ အဲဒါဟာ မျက်မှောက်မှာ အကျိုးမဲ့ကို ဖြစ်စေတတ်ပုံပါပဲ။

နောင်သံသရာမှာ အကျိုးမဲ့ဖြစ်စေတတ်ပုံတွေကတော့ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးဖွဲ့သွားရင် သံသရာတစ်လျှောက်လုံး ရန်ဘက်ဖြစ်သွားတတ်တယ်။ ဓမ္မပဒအဋ္ဌကထာမှာ ပြထားတဲ့ ကာဠီယက္ခိနီဝတ္ထုလို ဖြစ်သွားတတ်တယ်။

http://www.dhammadownload.com

# ကာဠယက္ခိနီ ဝတ္ထု

ဘုရားမပွင့်မီ ရှေးအခါက လူတစ်ယောက်ဟာ အိမ်ထောင် မပြုဘဲ မိခင်ကို ပြုစုလုပ်ကျွေးနေသတဲ့။ အဲဒီလူဟာ အိမ်မှာရော၊ လယ်တောမှာရော သူတစ်ယောက်တည်း လုပ်ကိုင်နေရတယ်။ အဲဒါကို သူ့မိခင်က မြင်ရတော့ အကူအညီရအောင် သူ့သားကို မိန်းမယူဖို့ တိုက်တွန်းတယ်။ သားဖြစ်သူကလည်း မိခင်အသက်ရှိသမျှကာလပတ်လုံး မိခင်ကို ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် ပြုစုနိုင်အောင် အိမ်ထောင်မပြုဘဲ နေလိုကြောင်း ပြောပြတယ်။ ဒါပေမဲ့ မိခင်က အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်းတဲ့အတွက် နောက်ဆုံးမှာ မငြင်းတော့ဘဲ ဆိတ်ဆိတ်နေလိုက်တယ်။ အဲဒီအခါ မိခင်က သတို့သမီးလောင်းနှင့်ဆက်သွယ်ရန်အတွက် အိမ်တစ်အိမ်ဆီကို သွားတယ်။ ဒီတော့ သားဖြစ်တဲ့သူက သူသဘောကျထားတဲ့ သတို့သမီးအိမ်ကို ညွှန်ကြားလိုက်တယ်။ အဲဒီသတို့သမီးနှင့် လက်ထပ်ထိမ်းမြားပြီး နေကြတဲ့အခါ အဲဒီမိန်းမမှာ သားသမီးမထွန်းကားဘဲ ဖြစ်နေတယ်။

ဒါကြောင့် မိခင်ဖြစ်သူက အမျိုးအနွယ်မတိမ်ကောစေရန် အခြားမိန်းမတစ်ယောက်နှင့်လည်း ဆက်သွယ်ပေးဖို့ သူ့သားကို ပြောပြန်တယ်။ သားက ငြင်းပယ်တယ်။ ဒါပေမဲ့

http://www.dhammadownload.com



မိခင်ဖြစ်သူက ထပ်ခါထပ်ခါ ပြောနေတဲ့အတွက် ချွေးမဖြစ်သူက သူသဘောကျတဲ့မိန်းမငယ်တစ်ယောက်ကို နားချပြီး သူ့ယောကျ်ားနှင့် အတူနေစေတယ်။ အဲဒီလိုနေထိုင်ကြလို့ အဲဒီမိန်းမငယ်မှာ ကိုယ်ဝန်ရလာတဲ့အခါမှာ မယားကြီးဖြစ်တဲ့ မိန်းမက 'ဒီအကောင်မ သားရသွားရင် သူသာလျှင် ဒီအိမ်မှာ ပိုင်ရှင်မဖြစ်သွားမယ်'လို့ ကြံပြီး မယားငယ်ဖြစ်သူအား အစာထဲမှာ ကိုယ်ဝန်ကျဆေးထည့်ပြီးပေးတယ်။ ဒါကြောင့် ကိုယ်ဝန်ပျက်ကျသွားတယ်။ ဒုတိယအကြိမ် ကိုယ်ဝန်ရှိတဲ့အခါလည်း နည်းတူပဲဖျက်တယ်။ တတိယအကြိမ်တော့ အိမ်နီးချင်းတွေက အကြံပေးထားတာနဲ့ ကိုယ်ဝန်ရှိကြောင်းကို အသိမပေးဘဲ ထားတယ်။ ကိုယ်ဝန်အရင့်အမာကြီးဖြစ်မှ သိရတယ်။ အဲဒီအခါမှာလည်း မယားကြီးဖြစ်သူက ဖြစ်နိုင်တဲ့နည်းလမ်းဖြင့် ကိုယ်ဝန်ကျဆေးကို ပေးပြန်တဲ့အတွက် ကိုယ်ဝန်ကပျက်ပြီး ကျလည်းမကျနိုင်ဘဲ အတိဒုက္ခရောက်နေရရှာတယ်။ အဲဒီလို အတိဒုက္ခရောက်ပြီး သေခါနီးကာလမှာ ဒီလိုရန်ငြိုးဖွဲ့ပြီး ဆုတောင်းသွားတယ်။

'အစ်မကြီး၊ သင်ဟာ ငါ့ကို ဒီအိမ်ရောက်အောင် သင်ပဲတောင်းပန်ပြီး ခေါ်လာခဲ့တယ်။ သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်အောင် သင်ပဲပြုလုပ်တယ်။ ဒီတစ်ခါတော့ ငါလည်း သေရတော့မယ်၊ နောက်ဘဝမှာ ဘီလူးမဖြစ်ပြီး သင့်သားတွေကို စားနိုင်သည့်ကိုယ်ဖြစ်ရပါလို၏'လို့ ဆု

http://www.dhammadownload.com



တောင်းသွားသတဲ့။ အဲဒီလိုဆုတောင်းပြီး သေသွားတဲ့အခါ အဲဒီအိမ်မှာပဲ ကြောင်မဖြစ်တယ်။ ကိုယ်ဝန်ဖျက်တဲ့မယား ကြီးကိုလည်း သူ့ယောကျ်ားက အမျိုးပြတ်အောင် လုပ်ရ မလားဆိုပြီး ထောင်းထုရိုက်နှက်တာနှင့် ဒဏ်ရာရပြီး သေတဲ့ အခါ အဲဒီအိမ်မှာပဲ ကြက်မဖြစ်ရတယ်။

ကြက်မက ဥ ဥတဲ့အခါ ကြောင်မက လာပြီးစား တယ်။ သုံးကြိမ်တိုင်တိုင်စားပြီးတဲ့အခါ ကြောင်မက ကြက်မ ကြီးကိုပါ စားမယ်လို့လုပ်တယ်။ အဲဒီအခါ ကြက်မက လည်း 'နောင်ဘဝမှာ သားငယ်များနှင့်တကွ သင့်ကိုစားနိုင် ရပါလို၏' လို့ ဆုတောင်းပြီး သေသွားတဲ့အခ တောထဲမှာ ကျားသစ်မဖြစ်တယ်။ ကြောင်မ သေတဲ့အခါ သမင်မဖြစ် တယ်။ သမင်မမွေးတဲ့အခါ ကလေးတွေကို ကျားသစ်မက သုံးကြိမ်တိုင်တိုင် စားပြီးတော့ နောက်ဆုံးအကြိမ်မှာ သမင်မ ကြီးကိုပါ စားတယ်။ အဲဒီသမင်မကလည်း 'နောင်ဘဝမှာ ဘီလူးမဖြစ်ပြီး ဒီကျားသစ်မကို သားငယ်များနှင့်တကွ စား နိုင်ရပါလို၏' လို့ ဆုတောင်းပြီး သေသွားတဲ့အခါ ဘီလူးမ ဖြစ်တယ်။ ကျားသစ်မက သေတဲ့အခါ သာဝတ္ထိမြို့မှာ အမျိုးသမီးဖြစ်တယ်။ တံခါးဝအနီးရွာမှာ အိမ်ထောင်ကျပြီး မီးဖွားတဲ့အခါ ဘီလူးမက သူငယ်ချင်းယောင်ဆောင်ပြီး ကလေးကိုကြည့်သလိုလိုနဲ့ စားသွားတယ်။ ဒုတိယအကြိမ် ဖွားမြင်တဲ့အခါလည်း ဘီလူးမက နည်းတူပဲ လာပြီးစားသွား တယ်။

http://www.dhammadownload.com



တတိယအကြိမ် ကိုယ်ဝန်ရှိတဲ့အခါကျတော့ ဘေးကင်းအောင် ရည်ရွယ်ပြီး အဲဒီအမျိုးသမီးက သူ့မိဘအိမ်သွားပြီး ဖွားမြင်တယ်။ အမည်မှည့်တဲ့အခါ မင်္ဂလာကိုပြုပြီးနောက် မူလနေအိမ်သို့ သူ့ခင်ပွန်းနှင့်အတူ ပြန်လာကြတယ်။ ဇေတဝန်ကျောင်းဝအနီးရှိ ရေကန်မှာ သူ့ခင်ပွန်းရေချိုးနေတုန်း ဘီလူးမရောက်လာတယ်။ ဒီတော့ အဲဒီအမျိုးသမီးက သူ့ခင်ပွန်းကို 'မြန်မြန်လာပါ၊ ဟိုဘီလူးမ လာနေပြီ'လို့ ကျယ်လောင်တဲ့အသံနဲ့ ဟစ်အော်ပြောပြီး သားငယ်နှင့်တကွ ဇေတဝန်ကျောင်းတိုက်ထဲ ပြေးဝင်သွားတယ်။ အဲဒီအခါ မြတ်စွာဘုရားက ပရိသတ်လေးပါးအလယ်မှာ တရားဟောနေတယ်။ အဲဒီအမျိုးသမီးက မြတ်စွာဘုရားခြေတော်ရင်းမှာ ဝပ်ပြီးတော့ 'ဟောဒီသူငယ်ကို မြတ်စွာဘုရားအား လှူပါတယ်။ ဒီသူငယ်၏အသက်ကို စောင့်ရှောက်ကယ်မတော်မူပါ'လို့ လျှောက်တယ်။ ဇေတဝန်ကျောင်းတော် တံခါးစောင့်နတ်က ဘီလူးမကို ဝင်ခွင့်မပေးဘဲ တားမြစ်တယ်။

မြတ်စွာဘုရားက အရှင်အာနန္ဒာအား ဘီလူးမကို သွားခေါ်စေတယ်။ ဘီလူးမ လာတဲ့အခါ သူငယ်၏မိခင်က 'အဲဒီဘီလူးမ လာနေပါပြီဘုရား'လို့ ကြောက်လန့်ပြီး လျှောက်တယ်။ မြတ်စွာဘုရားက 'လာပါစေ၊ တိတ်တိတ်နေ' လို့ မိန့်တော်မူပြီးတော့ ရန်တုံ့မူခြင်းဖြင့် ရန်မငြိမ်းနိုင်တဲ့အကြောင်း၊ ရန်တုံ့မမူဘဲ သည်းခံနေခြင်းဖြင့်သာလျှင်

http://www.dhammadownload.com



ရန်ငြိမ်းနိုင်ကြောင်း စသည်ကို ဟောကြားတော်မူပါတယ်။ အဲဒီတရားကိုနာပြီး ဘီလူးမဟာ သောတာပန်ဖြစ်သွားတယ်။ ဘီလူးမနဲ့ အမျိုးသမီးတို့၏ ရန်ငြိုးတွေညီး ငြိမ်းသွားတယ်။ မြတ်စွာဘုရား၏ အမိန့်တော်အရ အမျိုးသမီးက ဘီလူးမကို သူ့အိမ်ခေါ်သွားပြီး ကျွေးမွေးထားတယ်။ ဘီလူးမကလည်း မိုးကောင်းမည်၊ မကောင်းမည်စသည်ကို ညွှန်ကြားပြီး အဲဒီအမျိုးသမီးအိမ်ထောင်စုကို စောင့်ရှောက်တယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။

အဲဒီဝတ္ထုမှာ တပြန်စီ ရန်ငြိုးဖွဲ့လာကြတာဟာ မြတ်စွာဘုရားနှင့်သာ မတွေ့ရပါက ပြေငြိမ်းမှာမဟုတ်ပေဘူး။ အဲဒါကို စဉ်းစားကြည့်ရင် ရန်ငြိုးဖွဲ့တာဟာ အကျိုးမဲ့ကို ဖြစ်စေတတ်ကြောင်း ထင်ရှားပါတယ်။

## ရန်တုံ့ပြန်တော့ သူမြတ်တွေ ပြစ်မှားရတတ်တယ်

နောက်တစ်ခုကတော့ ရန်ငြိုးဖွဲ့စဉ်က သာမန်ပုဂ္ဂိုလ်ဖြစ်နေပေမယ့် ရန်တုံ့ပြန်ချေရတဲ့အခါကျတော့ ဘုရား ရဟန္တာ အရိယာပုဂ္ဂိုလ်ကို ပြစ်မှားရတာလည်း ဖြစ်နေတတ်တယ်။ အဲဒါကတော့ အရှင်ဒေဝဒတ်နှင့် စိဥ္စမာဏာတို့ဟာ ဘုရား

http://www.dhammadownload.com



အလောင်းအဖြစ်က ရန်ငြိုးဖွဲ့လာကြတယ်။ နောက်ဆုံး ဘုရားဖြစ်တဲ့အခါကျတော့ မြတ်စွာဘုရားကို သူတို့ပြစ်မှားကြတယ်။ နောက်ပြီးတော့ မိန်းမတစ်ယောက်ဟာ တစ်ခုသောဘဝတုန်းက သူ့ကို သူဌေးသား ၄ ယောက်က ပစ္စည်းကိုလည်းယူ၊ လူကိုလည်းသတ်ကြတဲ့အတွက် ဘီလူးမဖြစ်ပြီးသတ်နိုင်ဖို့ရာ ရန်ငြိုးဖွဲ့ ဆုတောင်းခဲ့တယ်။ အဲဒီမိန်းမဟာ ဘီလူးမဖြစ်ပြီး အဲဒီလူ ၄ ယောက်ကို ရန်တုံ့ပြန်ချေရာမှာ နောက်ဆုံးအကြိမ်ကျတော့ အရိယာရဟန္တာ သူတော်ကောင်းတွေကို ပြစ်မှားမိလျက်သား ဖြစ်သွားတယ်။ ဗာဟိယဒါရုစီရိယကို ရဟန္တာဖြစ်ပြီး မကြာမီပဲ သူက နွားမယောင်ဆောင်ပြီး ဇော့သတ်တယ်။ ပုက္ကုသာတိကိုလည်း အနာဂါမ်ဖြစ်ပြီး မကြာမီပဲ သူက နွားမအသွင်ဖြင့် ဇော့သတ်တယ်။ အနာကြီးရောဂါရှိတဲ့ သုပ္ပဗုဒ္ဓကိုလည်း သောတာပန်ဖြစ်ပြီး မကြာမီပဲ သူက နွားမအသွင်ဖြင့် ဇော့သတ်တယ်။ တမ္ဗဒါဌိကကိုလည်း ဝိပဿနာဉာဏ်ရပြီးတဲ့နောက် မကြာမီမှာပဲ သူက နွားမအသွင်ဖြင့် ဇော့သတ်တယ်။ အဲဒီတော့ သူ့မှာ အရိယာရဟန္တာ သူတော်ကောင်းတွေကို သတ်ရတဲ့အကုသိုလ်ကံ အပြစ်ကြီးတွေ ဖြစ်သွားတယ်၊ ကြောက်စရာပဲ။ ဒါကြောင့် ရန်ငြိုးဖွဲ့တာဟာ အကျိုးမဲ့ကို အလွန်ဖြစ်စေတတ်ပါတယ်။ ရန်ငြိုးမထားဘဲ သည်းခံနိုင်တာဟာ အကောင်းဆုံးပါပဲ။

http://www.dhammadownload.com

## ဒေါသကြီးတဲ့အစ်မ

## ကတ်ကြေးနှင့်ပေါက်ရာ ညီမလေး သေရှာပုံ

### ရွှေမန်းအထူးထံမှ

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဇန်နဝါရီလ ၂၅ ရက်နေ့ ညနေ ၃ နာရီအချိန်ခန့်က ယာဘက်ရင်အုံတွင် ကတ်ကြေးဒဏ်ရာနှင့်သေဆုံးနေသော အလောင်းတစ်လောင်း မန္တလေးခရိုင် ပုသိမ်ကြီးရဲဌာနမှတစ်ဆင့် ရောက်ရှိလာကြောင်း။

### ဒေါသ

သေဆုံးသူမှာ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဒဟတ်တောရွာနေ ဦးအေး၏သမီး မရီဆိုသူ ၁၂ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးဖြစ်၍ ၎င်း၏အစ်မအရင်း အသက် ၂၂ နှစ်အရွယ်ရှိ မကြည်ဆိုသူ၏ ဒေါသကိုမထိန်းနိုင်မှုကြောင့် ယခုကဲ့သို့ မရှုမလှ သေဆုံးရသည်ဆိုကြောင်း။

### ပြစ်တော်ကြည့်ရန်

ဖြစ်ပျက်ပုံမှာ ဇန်နဝါရီလ ၂၄ ရက်နေ့ ညနေ ၇ နာရီခွဲ အချိန်ခန့်တွင် မရီကလေးသည် နေအိမ်အတွင်း၌ ကစားနေစဉ် နေအိမ်အတွင်း၌ ဆေးလိပ် လိပ်နေသော

http://www.dhammadownload.com



အစ်မဖြစ်သူ မကြည်က ရွာရှေ့ဘုန်းကြီးကျောင်း၌ ကပြနေသော ဆိုင်းပြဇာတ်သို့ သွားရောက်ကြည့်ရှုရန် ခေါ်ရာ မရီကလေးက မလိုက်လိုကြောင်း ငြင်းသဖြင့် ညီမလေးအား ကြည့်စေလိုသော စေတနာနှင့် အော်ငေါက်ပြီး ခေါ်သဖြင့် မရီက အစ်မဖြစ်သူ မကြည်အား ပြန်လှန်ဆဲဆိုသည်ဆို၏။

ထိုကဲ့သို့ ညီမဖြစ်သူက ပြန်လှန်ဆဲဆိုသဖြင့် မကြည်မှာ ဒေါသကို မထိန်းသိမ်းနိုင်တော့ဘဲ ဆေးလိပ်လိပ်နေရင်းဖြစ်၍ လက်ထဲတွင် အသင့်ရှိနေသော ကတ်ကြေးဖြင့် ပေါက်လိုက်ရာ မရီကလေး၏ ယာဘက်ရင်အုံကို ကတ်ကြေးသွားနှင့် ထိမှန်ပြီး လဲကျသွားရာ အစ်မဖြစ်သူ မကြည်မှာ ညီမငယ်ထံသို့ သွားရောက်ပွေ့ယူ ပြုစုနေရင်း မရီကလေးမှာ ရရှိသောဒဏ်ရာနှင့် အစ်မဖြစ်သူမကြည်၏ ရင်ခွင်ထဲ၌ပင် သေဆုံးသွားတော့သည် ဆို၏။

## ဖမ်းပြီ

ထိုအဖြစ်အပျက်ကို ဒဟတ်တောသူကြီးက သက်ဆိုင်ရာ ပုသိမ်ကြီးရဲဌာနသို့ သွားရောက်အကြောင်းကြားသဖြင့် ရဲအဖွဲ့ဝင်များက စုံစမ်းစစ်ဆေးပြီးလျှင် အလောင်းကို ဌာနမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့လိုက်ပြီး မကြည်အား ပုဒ်မ ၃၀၂ အရ ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြောင်း။

http://www.dhammadownload.com



မကြည်မှာ ညီမငယ်ကလေး မရီအား အလွန်ချစ်ခင်သူဖြစ်ပြီး ၎င်း၏လက်ချက်ဖြင့် သေဆုံးရသောကြောင့် ပူဆွေးသောကရောက်ရှိကာ ပိုကြွေး၍မဆုံး ဖြစ်နေတော့ကြောင်း။

(ဟံသာဝတီသတင်းစာ ၂၈၊ ၁၊ ၆၁ နေ့ထုတ်မှ
ကောက်နုတ်ဖော်ပြပါသည်။)

## ဆင်ခြင်မှုနဲ့ ရှုမှတ်မှု

မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ ဓမ္မဒါယာဒသုတ်တရားတော်ထဲက အောက်ပါစကားလေးတွေဟာလည်း မှတ်သားစရာကောင်းလို့ ဖော်ပြလိုက်ပါတယ်။

ကောဓ၊ အမျက်ထွက်ခြင်းဆိုတာ မမြင်ချင်တာကို မြင်ရတဲ့အခါ၊ မကြားချင်တာကို ကြားရတဲ့အခါ၊ မတွေ့ချင်တာကို တွေ့ရတဲ့အခါ စိတ်ကူးထဲမှာ မတော်မသင့်တာတွေ ပေါ်လာတဲ့အခါများမှာ ဖြစ်တတ်တဲ့သဘောပဲ။ အထူးအားဖြင့် မကြားချင်တဲ့ အသံဆိုးတွေ၊ စကားဆိုးတွေ ကြားရတဲ့အခါ ပိုပြီးအမျက်ထွက်တတ်၊ စိတ်ဆိုးတတ်တယ်။ အတွေ့အထိဆိုးတွေနဲ့ တွေ့ထိရတဲ့အခါလည်း အမျက်ထွက်တယ်၊ စိတ်ဆိုးတတ်တယ်။ မကြားချင်တဲ့ စကားလုံးကလေးတစ်လုံးကို ကြားရရုံနဲ့လည်း စိတ်ဆိုးတတ် အမျက်ထွက်တတ်တယ်။ မူလက အလွန်သိမ်မွေ့ ယဉ်ကျေးနေတဲ့ပုဂ္ဂိုလ်ပေမယ့်

http://www.dhammadownload.com



ကဲ့ရဲ့အပြစ်တင်တဲ့ စကားတစ်လုံးကို ကြားရရုံနဲ့လည်း စိတ်ဆိုးတတ် အမျက်ထွက်လာတတ်တယ်။ ဒီအမျက်ထွက်တဲ့ ကောဓဆိုတာက မြွေဟောက်ကြီးနဲ့တူတယ်တဲ့။ မြွေဟောက်ကြီးကို ခဲနဲ့ပေါက်လိုက်ရင် ရှူးကနဲဟောက်ပြီး ပါးပျဉ်းကြီး ထောင်လာတယ်။ အဲဒါလိုပဲ ဒီကောဓဆိုတာကလည်း နားမခံသာတဲ့ စကားကလေးတစ်လုံးလောက် ကြားရတာနဲ့ ချက်ချင်းဖြစ်လာတတ်တယ်။ ချက်ချင်းပင် စိတ်ဆိုးအမျက်ထွက်တတ်တယ်။ အဲဒီလို အမျက်ထွက်ပြီး မျက်နှာလည်း ပျက်သွားတတ်တယ်။ ကြမ်းတမ်းတဲ့စကားကိုလည်း ပြောမိတယ်။ အဲဒီတော့ မူလက သည်းခံတယ်၊ သိမ်မွေ့ယဉ်ကျေးတယ်ဆိုတဲ့ ဂုဏ်သိက္ခာတွေ ပျက်သွားတာပေါ့။ ဒါက အဲဒီအမျက်ဒေါသကြောင့် ချက်ချင်းအကျိုးယုတ်သွားပုံ။ အဲဒီလို အမျက်ထွက်တာ၊ မျက်နှာပျက်တာ၊ စကားကြမ်းပြောမိတာဟာ သူတော်ကောင်း ပညာရှိအနေအားဖြင့် ရှက်စရာ အကျိုးမဲ့လည်းဖြစ်တတ်တယ်။ ဒါကြောင့် အမျက်ထွက်တဲ့ ကောဓကို ယုတ်ညံ့တယ်လို့ ဆိုရတာပဲ။

အဲဒီလို အမျက်ထွက်ပြီးတော့ ပြန်လည်ချေပဖို့ရန် ရန်ငြိုးလည်းဖွဲ့တတ်တယ်။ အဲဒါကတော့ သူတစ်ပါးကို နှိပ်စက်ဖို့၊ အကျိုးမဲ့ပြုဖို့ ကြံစည်ပြီး အကုသိုလ်တွေ များစွာဖြစ်တတ်တယ်။ ဒါက သာပြီးယုတ်ညံ့တာပဲ။ ဒီရန်ငြိုးဖွဲ့ခြင်း၏အကြောင်း အာဃာတဝတ္ထုဆိုတာက ၉ ပါးရှိတယ်။ အဲဒီအကြောင်း ၉ ပါးကြောင့် ရန်ငြိုးဖွဲ့မှုဖြစ်တာပဲ။ ဖြစ်ပုံ

http://www.dhammadownload.com



ကတော့ ဒီလူဟာ ငါ့အကျိုးမဲ့ကို ရှေးကပြုခဲ့ဖူးတယ်လို့ နှလုံးသွင်းပြီးတော့လည်း ရန်ငြိုးဖွဲ့တယ်။ ယခု ပြုလုပ်ပြောဆို နေတယ်လို့ နှလုံးသွင်းပြီးတော့လည်း ရန်ငြိုးဖွဲ့တယ်။ နောင် လည်း ငါ့အကျိုးမဲ့ ပြုလိမ့်မယ်လို့ ထင်ပြီးတော့လည်း ရန်ငြိုးဖွဲ့တယ်။ အဲဒါက သုံးပါးပဲ။ ထို့အတူပင် ကိုယ်ချစ်ခင် ရင်းနှီးတဲ့သူ၏ အကျိုးမဲ့လည်း ပြုခဲ့ဖူးတယ်၊ ပြုနေဆဲ၊ ပြုလုပ်လိမ့်မယ်လို့ မှတ်ယူပြီး ရန်ငြိုးဖွဲ့တာကလည်း သုံးပါး၊ ကိုယ့်ရန်သူ၏အကျိုးကို ပြုခဲ့ဖူးတယ်၊ ပြုနေဆဲ၊ ပြုလိမ့်မယ် လို့မှတ်ယူပြီး ရန်ငြိုးဖွဲ့တာကလည်း ၃ ပါး အားလုံး ၉ ပါးပဲ။

နောက်ပြီးတော့ အဋ္ဌာနကောပ ဆိုတာကလည်း ရှိတယ်။ အဲဒါကတော့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်လို့ စိတ်မဆိုး သင့်ရာမှာ စိတ်ဆိုးတာပါပဲ။ ခလုတ်တိုက်လို့၊ နေပူလို့၊ မိုးရွာလို့၊ လေတိုက်လို့ ချထားတဲ့ပစ္စည်းက ထားတဲ့အတိုင်း မတည်လို့ ဒီလိုဟာကို စိတ်ဆိုးတာဟာ စိတ်မဆိုးသင့်ရာ စိတ်ဆိုးခြင်းပါပဲ။ ဒါကတော့ ကောဓ၊ အမျက်ထွက်ခြင်းနဲ့ သာ ဆိုင်ပါတယ်။ ဒါပေမဲ့ တိုက်မိတဲ့ခလုတ်ကို ထုလိုက် ရိုက်လိုက်လုပ်တာကတော့ ရန်ငြိုးဖွဲ့ပြီး လုပ်ရာရောက်ပါ တယ်။ ထို့အတူပင်ကိုယ်ထားတဲ့အတိုင်း မတည်တဲ့ပစ္စည်း ကို ထုရိုက်ခြင်းစသည်ကို ပြုတာလည်း ရန်ငြိုးဖွဲ့ရာရောက် တာပါပဲ။ အဲဒီလို စိတ်မဆိုးသင့်တာကို စိတ်ဆိုးပြီး ထုရိုက် ခြင်းစသည်ကို ပြုလုပ်တာကတော့ အင်မတန်စိတ်တိုတဲ့သူ၊

http://www.dhammadownload.com



အင်မတန် ဒေါသကြီးတဲ့သူတွေမှာသာ ဖြစ်ပါတယ်။ အများ၏အမြင်အားဖြင့် အင်မတန်ရှက်စရာကောင်းတဲ့ဟာပဲ။ ဒါလည်း ယုတ်မာယုတ်ညံ့တာပဲ။

နားမခံသာတဲ့စကားသံကို ကြားရလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ အမျက်ထွက်လာရင် ကိုယ် နှုတ်အမူအရာ မပျက်စေဘဲ စိတ်ထဲတွင် ကင်းငြိမ်းသွားအောင် ပြုကျင့်ဖို့ လိုပါတယ်။ ဘယ်လိုလဲဆိုရင် အမျက်ထွက်တာဟာ ယုတ်ညံ့တဲ့ဟာပဲ။ အကျိုးမဲ့ဖြစ်နိုင်တဲ့ဟာပဲလို့ ဆင်ခြင်ပြီးတော့ ငြိမ်းစေရမယ်။ ဒီလိုနဲ့ ဆင်ခြင်ရုံနဲ့ မငြိမ်းသေးရင် အကျိုးမဲ့ပြောတယ် ပြုတယ်လို့ ထင်ရတဲ့လူဆိုတာ ရုပ်နာမ်မျှပဲ၊ သူ့အခိုက်အတန့် သူချုပ်ပျက်သွားပြီ၊ အဲဒီအကျိုးမဲ့ပြောတဲ့ ပြုတဲ့ရုပ်နာမ်တွေဟာ မရှိတော့ပါဘူး။ အပြောအပြုခံရတဲ့ ငါဆိုတာကလည်း ရှိတာမဟုတ်ဘူး၊ ရုပ်နာမ်မျှပဲ။ အဲဒီအပြု အပြောခံစဉ်က ရုပ်နမ်တွေဟာလည်း ချုပ်သွားကုန်ပြီ။ ယခု မရှိတော့ပါဘူး။ နောက်ပြီးတော့ သူက မပြောသင့်တာကို ပြောရင် သူ့မှာအကုသိုလ်ကံဖြစ်ပြီးတော့ သူသာလျှင် မကောင်းဖြစ်ပြီး ငါ့မှာ မကောင်းကျိုးတွေကို ခံစားရရှိတာပဲစသည်ဖြင့် ဆင်ခြင်ပြီးတော့ ပယ်နိုင်ပါတယ်။

တတ်နိုင်ရင်တော့ အမျက်ထွက်တဲ့စိတ်ကို 'အမျက်ထွက်တယ်၊ စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်'လို့ ရှုမှတ်ပြီး ပယ်တာက ပိုပြီးကောင်းပါတယ်။ အဲဒီလိုဖြစ်ဆဲစိတ်ကို ရှုမှတ်တာက မဂ္ဂင်ရှစ်ပါးပဲ အလယ်လမ်းအကျင့်ပဲ။ အဲဒီလို

http://www.dhammadownload.com



ရှုမှတ်ပြီး ပယ်ဖို့ရာ လမ်းအကျင့်ကို ဖော်ပြထားတာပါပဲ။ အဲဒါထက်ပိုပြီး ကောင်းတာကတော့ စကားအသံဆိုးကို ကြားဆဲကတည်းက ကြားလျှင်ကြားချင်း 'ကြားတယ်၊ ကြားတယ်'လို့ မပြတ်ရှုမှတ်ပြီး အမျက်ထွက်ခြင်းပင် ဖြစ်ခွင့်မရအောင် ကျင့်တာကတော့ အကောင်းဆုံးပါပဲ။ ယခု ယောဂီတွေမှာ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ပေါ်လာသမျှကို မပြတ်ရှုမှတ်နေကြရတာဟာ ဒီမြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရတဲ့အာရုံတွေနဲ့စပ်ပြီး အကုသိုလ်ဟူသမျှကို ဖြစ်ခွင့်မရအောင်လို့ ရှုမှတ်နေကြရတာပဲ။ အဲဒီလို ရှုမှတ်ပြီး မပယ်နိုင်လို့ အမျက်ထွက်လာရင်တော့ ခုတင်က ပြောတဲ့အတိုင်း ဆင်ခြင်ပြီးတော့ဖြစ်စေ၊ အမျက်ထွက်တဲ့ စိတ်ကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်သွားဖို့ပါပဲ။

အဲဒီလို မပယ်နိုင်လို့ အမျက်ဒေါသကြောင့် မျက်နှာပျက်လာရင် စကားကြမ်းကို ပြောမိရင်တော့ အဲဒါကိုလည်း သူတော်ကောင်းဂုဏ် ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်သည် စသည်ဖြင့် ဆင်ခြင်ပြီးတော့ဖြစ်စေ၊ အဲဒီအခိုက်၌ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်ပြီးတော့ဖြစ်စေ၊ ပယ်ရမယ်။ အဲဒီလို နည်းနည်းချုတ်ယွင်းစဉ်က မပယ်နိုင်လို့ ကိုယ်အမူအရာတွေ ကိုးရိုးကားရားဖြစ်လာပြီး ကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ ဆဲရေးခြင်းစသည်ဖြင့် နှုတ်အမူအရာတွေလည်း အနီးအပါးရှိတဲ့ လူအများသိအောင် ထင်ရှားဖြစ်လာပြီဆိုရင်တော့ မူလက ရှိနေတဲ့ဂုဏ်သိက္ခာတွေလည်း ကျဆင်းသွားကြတယ်။

http://www.dhammadownload.com



ရှက်စရာလည်း ကောင်းတယ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် မိတ်ပျက်ဆွေပျက်ဖြစ်ပြီး အကျိုးမဲ့လည်းဖြစ်တတ်တယ်။

ဒီလိုအမျက်ထွက်တာကလည်း နီးစပ်တဲ့ပုဂ္ဂိုလ် အချင်းချင်း ဖြစ်တတ်ကြတာပဲ။ အကျိုးကျေးဇူးဖြစ်အောင် ကူညီဆောင်ရွက်ကြတာလည်း နီးစပ်သူအချင်းချင်းပဲ။ ဒါကြောင့် အပြောအဆိုစသည့် အဆင်မပြေတာကိုတွေ့ရင် မိမိအား ကျေးဇူးပြုဖူးတာ၊ ကူညီဆောင်ရွက်ဖူးတာကို ဆင်ခြင်ပြီး စိတ်မဆိုးဘဲ သည်းခံနေသင့်ပါတယ်။ တတ်နိုင်ရင်တော့ နားမချမ်းသာတဲ့စကားသံကို ရှုမှတ်ပြီး သည်းခံနေရင် ပိုပြီးကောင်းတာပဲ။ တစ်ခါတုန်းက ယောဂီဟောင်းတစ်ဦးဟာ သူ့ယောက္ခမ လူကြီးက သူ့ကိုအပြစ်တင်ပြီး ပြောတဲ့အခါ သူက 'ကြားတယ်၊ ကြားတယ်'စသည်ဖြင့် မပြတ်ရှုမှတ်နေသတဲ့။ အဲဒီတော့ ဘာပြောတယ်ဆိုတာ မသိရဘဲ ကြားရုံမျှသာ ထင်ရှားနေလို့ သူ့မှာ စိတ်ဆိုးခြင်း၊ နှလုံးမသာခြင်းတွေ ဘာမျှမဖြစ်ရဘဲ စိတ်အေးမြဲ အေးချမ်းနေပါသတဲ့။ အဲဒါဟာ 'သုတေသုတမတ္တံ ဘဝိဿတိ၊' ကြားရသည်၌ ကြားရုံမျှ ဖြစ်လိမ့်မယ်။ ကြားရုံမျှသာဖြစ်နေအောင် ရှုရမယ်လို့ ဟောထားတဲ့ ဒေသနာတော်နှင့်အညီပါပဲ။

သာမဏေကျော်

ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၆၇ ခု။

၄၊ ၈၊ ၂၀၀၅။

http://www.dhammadownload.com

# မကြာမီက ထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၂၉၀။ ဦးသော်ဇင် | ဝိသုဒ္ဓိမဂ် |
| ၂၉၁။ ခင်စောတင့် | ဘဝအဓိပ္ပာယ် |
| ၂၉၂။ သာမဏေကျော် | ဗုဒ္ဓဟောကြားသတိပဋ္ဌာန်တရား |
| ၂၉၃။ မာဂဓိ(သာစည်) | ပရိတ်ကြီးပါဠိတော်မြန်မာပြန် |
| ၂၉၄။ ဦးမောင်မောင်လေး | ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်(၃) |
| ၂၉၅။ ဒေါက်တာမတင်ဝင်း | နေခြင်း သေခြင်းနှင့် လွတ်မြောက်ခြင်း |
| ၂၉၆။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(ပ) |
| ၂၉၇။ သာမဏေကျော် | လှူမှုဝေ၍ |
| ၂၉၈။ ထက်ခေါင် | သက်တံရောင်စဉ် |
| ၂၉၉။ ပန်းဒကာကိုတင်မြင့် | သွေးကပြောသောစကားများ |
| ၃၀၀။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(၃) |
| ၃၀၁။ ဒေါက်တာမတင်ဝင်း | အတွေးမှန်ဂ[illegible]ကွက်များ |
| ၃၀၂။ ထက်ခေါင် | ဆပ်ပြာပူဖောင်းကလေးများ |
| ၃၀၃။ ကထိကရဟန်း | သင့်အတွက် အသိဉာဏ်ဖွင့်ဆောင်းပါးများ(၂) |
| ၃၀၄။ အရှင်ကုမာရ(မြတောင်) | ဗုဒ္ဓဘာသာမျက်ရှု |
| ၃၀၅။ ဒေါက်တာခင်မောင်ဝင်း | အတွေးသစ်ကိုဖန်တီးခဲ့သူများ |
| ၃၀၆။ သာမဏေကျော် | ထင်ပေါ်ကျော်ကြား ဥပါသကာများ |
| ၃၀၇။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(တ) |